www.burmeseclassic.com

# အိုစွမ်းပြည့်


## ရင်မှာငြိတွယ်သော



www.burmeseclassic.com


www.burmeseclassic.com





# အိုဝှမ်းဖြူ

## ရင်မှာငြိတွယ်သော



စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





နံနက်ခင်း၏ အလင်းရောင်က ဖြည်းဖြည်းလေးပင် တိတ်ဆိတ်စွာ အခန်းထဲသို့ ဝင်ရောက်လာ၏။ ညက လိုက်ကာ မဆွဲ အိပ်ခဲ့မိသည့်အတွက် အလင်းတန်းက သူ့ကို စူးခနဲ ဖြစ်စေသည်။

ဆက်အိပ်မည် စိတ်ကူးပြီးမှ ဖေဖေ တစ်ယောက်တည်း ကော်ဖီသောက်နေလိမ့်မည်ဆိုတာ တွေးမိတော့ သူ ဆက်မအိပ်နိုင်တော့။

သူ မနိုးလည်း ဖေဖေက သူ့ကို နိုးမည်မဟုတ်။ တစ်ယောက်တည်းပင် အထီးကျန်စွာ ကော်ဖီသောက်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပြီးတော့ စားပွဲပေါ် တင်ထားနေကျ မျက်နှာသုတ်ပဝါ အသစ်ကိုမတွေ့။

တန်းမှာ ဖြန့်ထားသည့် မနေ့က မျက်နှာသုတ်ပဝါကို သာတွေ့သည်။

မနက်မိုးလင်းတာနှင့် မျက်နှာသုတ်ပဝါ အသစ်သုံးရမှ ကျေနပ်သော သူ့အကျင့်က ...

"ဒေါ်ကြီးငွေ ... ဒေါ်ကြီးငွေ"

"လာပြီ ... လာပြီ၊ ဘာလဲ လရောင်"

"မျက်နှာသစ်ပဝါအသစ်လည်း မလဲထားဘူး"

"ဟုတ်တယ်၊ ညတုန်းက လူလေး အစောကြီး အိပ်သွားတာနဲ့ ဒေါ်ကြီးငွေ မလဲတော့တာ၊ ခဏစောင့်၊ ဒေါ်ကြီးငွေ သွားယူပေးမယ်"

"ဒေါ်ကြီးငွေကလည်းဗျာ၊ ညနေကတည်းက လဲထားမှပေါ့"

"အေးပါကွယ်၊ ဒေါ်ကြီးငွေ ချက်ချင်း ယူပေးပါမယ်"



BURMESE CLASSIC



ဒေါ်ကြီးငွေက သူ့မ ခန္ဓာကိုယ် ဝတုတ်တုတ်ကြီးနှင့် မလိုက်ဖက်စွာ အောက်ထပ်သို့ အလျင်အမြန် ပြေးဆင်းသွားသည်။

အသန့်အရှင်းကြိုက်လွန်းသော ဘုန်းရောင်ကို ဒေါ်ကြီးငွေ အပြစ်မမြင်ပေမဲ့ တစ်ခါတလေ အလုပ်ရှုပ်သည့်အခါမှာတော့ စိတ်ပျက်မိသ[illegible]။

ဒီကလေးနှယ် တစ်ဒုက္ခ။

မျက်နှာသုတ်ပဝါတစ်ထည်ကို တစ်ရက်ပဲ သုံးသည်၊ မျက်နှာသုတ်ပဝါတင်မက အကျီအဝတ်အစားလည်း ဒီအတိုင်းပဲဖြစ်၏။

တစ်ရက်ဝတ်ပြီးတာနှင့် လျှော်ဖွပ်မီးပူ တိုက်ပေးရ၏။ ဒီတော့ ဒီကလေး အသန့်အရှင်းကြိုက်တာက လွန်လွန်းသည်။ ပိုက်ဆံတတ်နိုင်သည့် မိသားစုမှာ မွေးဖွားလာ၍သာ တော်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ရော့ ကလေး၊ ဒီမှာ မျက်နှာသုတ်ပဝါ မင်းအဖေလည်း ကော်ဖီဝိုင်း ရောက်နေပြီ"

"ကျွန်တော် ခုချက်ချင်း ရောက်လာမယ်လို့ ပြောပေးပါနော် ဒေါ်ကြီးငွေ"

"အေး ... အေး"

ဒီကောင်လေး အသန့်အရှင်းကြိုက်ပြီး မာနကြီးပေမဲ့ ယဉ်ကျေးတည်ငြိမ်တာကြောင့် ဒေါ်ကြီးငွေ ကျေနပ်မိသည်။

သူ အောက်ထပ်ဆင်းလာတော့ ဖေဖေက သတင်းစာတစ်စောင်နှင့် ကော်ဖီဝိုင်းမှာ ငြိမ့်နေပြီ။

"သားရေ ... မင်းအကြိုက် နန်းကြီးသုတ် ပါတယ်ကွာ"

"ကျေးဇူးပဲ ဖေဖေ"

ဦးသိန်းနိုင်က မနက်စောစော လမ်းလျှောက်၊ လမ်းလျှောက်ပြီးအပြန်လမ်းမှာ သားဖြစ်သူ ကြိုက်လေ့ရှိသော အစားအသောက်ကို တစ်မျိုးမဟုတ်တစ်မျိုး ဝယ်လေ့ရှိသည်။





သန့်ရှင်းသပ်ရပ်မှု၊ သစ်လွင်မှုနှင့်အတူ အမြဲပူးတွဲတွေ့ရလေ့ရှိသော လရောင်သည် အစားအသောက်ကလည်း ချေးများသေး၏။

လရောင် နန်းကြီးသုတ်ပန်းကန်ဆီ လက်လှမ်းလိုက်သည်နှင့် ချက်ချင်း မျက်နှာပျက်သွားသည်။

"ဟာ ... ဖေဖေကလည်း"

"ဘာဖြစ်လို့လဲ သားရဲ့"

"ဒီမှာ ဆံပင်ချည်ကြိုး"

သူက ရွံရှာသလို ပုံစံမျိုးနှင့် နန်းကြီးသုတ်ပန်းကန်ကို သူနှင့် ခပ်ဝေးဝေး တွန်းပို့ပစ်လိုက်သည်။

အစားအသောက်ထဲမှာ ဆံဖင်ချည်ပါတာ သူ အမုန်းဆုံးဖြစ်၏။ ဒီမနက်တော့ ပါမုန့်နှင့် ကော်ဖီသာ လွေးရတော့မည်။

"အေးကွာ ဘယ်က ပါလာလဲ အဖေလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းနိုင် စကားကို လျှော့ချပစ်လိုက်ရသည်။ မလျှော့ချ၍လည်း မဖြစ်။ ပါလာသည့် ဆံပင်ချည်၏ ဇာစ်မြစ်ကို သူကိုယ်တိုင်လည်း မသိ။

ဆိုင်ကပဲ နဂိုကတည်းက ပါလာသလား။ ဒေါ်ကြီးငွေ လက်ချက်ပဲလား တစ်ခုခုပဲ။

ဆံပင်မျှင်လေး ဖယ်စားလိုက်ရင် ဖြစ်ပေမဲ့ လရောင်က ဒီလို လုပ်မည့်လူစားမဟုတ်။

"နေဦး သားရဲ့၊ ဒေါ်ကြီးငွေကို နောက်တစ်ပွဲ ဝယ်ခိုင်းလိုက်မယ်"

"ရတယ် ဖေဖေ၊ မစားတော့ဘူး၊ ပါမုန့်ပဲ စားလိုက်တော့မယ်"

ဆံပင်ချည်ကို နန်းကြီးသုပ်ပန်းကန်ထဲမှာ မြင်ပြီးသွားပြီဖြစ်သဖြင့် နောက်ထပ်နန်းကြီးသုပ်လည်း လရောင် မစားလိုတော့"





"ဒေါ်ကြီးငွေရေ ဒီနေ့ ကျွန်တော့် အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေ လဲပေးပါဦး၊ အနံ့သိပ်မကောင်းတော့ဘူး"

"အေး အေး"

ပြီးခဲ့သည့် တစ်ရက်ကျော်ကပဲ ခေါင်းအုံးစွပ်တွေ အိပ်ရာခင်းတွေကို ဒေါ်ကြီးငွေ လဲပေးခဲ့တာ ဦးသိန်းနိုင် ကိုယ်တွေ့။

"နေပါဦးသားရဲ့၊ ဟိုတစ်နေ့ကပဲ ဒေါ်ကြီးငွေ လဲပေးထားတယ် မဟုတ်လား၊ အနံ့သိပ်မကောင်းဘူးဆိုရအောင် မင်း အိပ်ရင်း ရှူးပေါက်ချလို့လား"

ဦးသိန်းနိုင် စိတ်ပေါက်ပေါက်နှင့် မေးလိုက်သည်။ သူတို့သားအဖနှစ်ယောက်၏ အလုပ်နှင့်ပင် ဒေါ်ကြီးငွေ မနားတမ်း ချာချာလည်နေသည်ကို လရောင် သိမည်မဟုတ်။

"မဟုတ်ပါဘူး ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လရောင် မင်း ဒီပုံစံအတိုင်းဆိုရင်တော့ မဖြစ်သေးပါဘူး"

"ဘာမဖြစ်တာလဲ ဖေဖေရဲ့"

လရောင် တစ်ယောက်တည်း တည်ကြည်ပြီး ဣန္ဒြေရလွန်းတာလည်း လူငယ်တစ်ယောက်နှင့်တောင် မလိုက်။

"ဒီပုံစံအတိုင်းဆိုရင် မဖြစ်ပါဘူး၊ မင်းကို အိမ်ထောင်ချပေးမှဖြစ်မယ်၊ မင်း မိန်းမ ယူပြီးမှပဲ မာစတာတန်း ဆက်တက်တော့"

မာနကြီးတာ သန့်ရှင်းမှုကြိုက်တာ အပြစ်မဟုတ်ပေမဲ့ အံဝင်ခွင်ကျ မဖြစ်တာကို ဦးသိန်းနိုင် သိပါသည်။

"မလိုချင်ပါဘူး၊ မိန်းမ ဘာလုပ်ရမှာလဲ"

လရောင် မျက်နှာတင်းခနဲ ဖြစ်သွားသည်။ မိန်းမဆိုသည့် အမျိုးကို သူက အထင်ကိုမကြီး။

အထင်ကြီးလောက်သော မိန်းမလည်း သူ့ဘဝမှာ မတွေ့ခဲ့။ မေမေက အစပေါ့။





"လရောင် မင်းယောကျ်ားရော ဟုတ်ရဲ့လား"

"ကျွန်တော် ယောကျ်ားပါ ဖေဖေ၊ ဒါပေမဲ့ မိန်းမတွေကို ကျွန်တော် အထင်မကြီးဘူး"

"သား မိန်းမတွေကို မုန်းနေတာလား"

"မမုန်းပါဘူး၊ ခေါ်ကြီးငွေလည်း မိန်းမပဲဟာ၊ ကျွန်တော် ဘယ်မှာ မုန်းလို့လဲ"

ပြောရဆိုရ မလွယ်သော သူ့စရိုက်ကို ဖေဖေ မကြိုက်မှန်း သိသော်လည်း သူကတော့ အရိုးစွဲနေပြီ။

မိန်းမတွေနဲ့ ဗတ်သက်လျှင် နည်းနည်းမှ အလျှော့မပေးချင်။ ဒါကြောင့်လည်း သူ့နာမည်နှင့် မာနသည် ယှဉ်တွဲပြီး လူသိများခဲ့တာ ဖြစ်ပေလိမ့်မည်။

"ဟိုဘက်ခြံက မီးမီးက သားကို မေးနေ့လာဖိတ်ထားသေးတယ်နော်၊ ဒီညနေပဲ"

"မသွားပါဘူး ဖေဖေရာ၊ အလုပ်ရှုပ်တယ်၊ အားအားရှိ မွေးနေ့ပဲ လုပ်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ပြုလုပ်ပေးခဲ့သည့် နောက်ဆုံးမွေးနေ့ပွဲလေးကို ပြန်မြင်ယောင်မိတော့ စိတ်ထဲ နင့်ခနဲဖြစ်ကာ အလိုလို ငြင်းပယ်မိရက်သား ဖြစ်သွားသည်။

မွေးနေ့ပွဲတဲ့ ... သွားစမ်းပါ။ အလကားပွဲတွေ။ အရှုံးသံဖြင့် မိန်းမတစ်ယောက်၏ မွေးနေ့ပွဲကို သူ ဘယ်တော့မှ သွားမည် မဟုတ်။

✣ ✪ ✣





"မိုးစက်ပွင့် မထသေးဘူးလား၊ ဘယ်နှနာရီရှိပြီလဲ"

ရှူးခနဲဝင်လာသော အသံကျယ်ကျယ်ကြောင့် မိုးစက်သူမ မျက်နှာပေါ်သို့ ခေါင်းအုံးတစ်လုံး ထပ်ဖိပစ်လိုက်သည်။

ကျောင်းပိတ်တဲ့ရက်လေး အေးအေးဆေးဆေး အိပ်ရမလားအောက်မေ့မိပါတယ်။ အခုတော့ မေမေ့အသံက ခါတိုင်းနံနက်ခင်းတွေလိုပင် ရှူးခနဲ ဝင်လာသည်။

ဒီလောက်နှင့်တော့ မိုးစက်တို့က မထသေး။ အအိပ်မက်သော သူမနေနှင့် အိပ်ရာမှ အနှိုးခံရတာလောက် စိတ်ပျက်တာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးစက်ပွင့် ပြောနေတာ မကြားဘူးလား ကြည့် ... ခုထိ မထသေးဘူး"

ခေါင်းအုံးနှင့် ဇိတ်ထားတာတောင် မေမေ့အသံက စူးဖောက်ပြီး ဝင်လာသေးသည်။

ဝုန်းခနဲ တံခါးဖွင့်သံကို ကြားလိုက်ရသည်။ သွားပြီ။ အခန်းထဲကို မေမေ ဝင်လာပြီဆိုရင် မိုးစက် အိပ်ရတော့မည် မဟုတ်။

ခေါင်းအုံးကြီးကို မျက်နှာပေါ်မှာ ဖိတ်ပြီး ခြေကားယား အိပ်နေသော မိုးစက်ပုံစံက ဒေါပပ မျက်စိထဲသို့ ထော်လော်ကန့်လန့် ဝင်လာသည်။

ဘုရားစူး မိန်းကလေးတဲ့။ ကျိန်ပြောလျှင်တောင် ယုံချင်မှ ယုံမည်။

ဝတ်ထားသည့် အဝတ်အစားတွေက တန်းပေါ်မှ တိုးလိုးတွဲလောင်း။ မျက်နှာသုတ်ပဝါကလည်း အဝတ်စင်အောက်မှာ ပုံကျနေသည်။



ခဏနေ မျက်နှာသစ်ပြီးလျှင် ဒီမျက်နှာသုတ်ပဝါကိုပဲ ကောက်ပြီး သုတ်ဦးမည်။

လျှော်ဖို့လုံချည်ဟောင်းတွေကလည်း အဝတ်ဟောင်းထဲမှာ တစ်ပုံတစ်ပင်။

အခန်းထဲမှာ သဲက တရှပ်ရှပ် ဖြစ်နေသည့်အပြင် စာအုပ်တွေကလည်း မြင်မကောင်းအောင် ပြန့်ကျဲနေသေးသည်။

ဒီမြင်ကွင်းသာ သူများကို ခေါ်ပြရလျှင် ရှိသမျှ သိက္ခာတွေအားလုံး ကျကုန်ပေလိမ့်မည်။

"မိုးစက်ပွင့် ထစမ်း"

လေသံကို နားထောင်ပြီး အခြေအနေ မကောင်းတော့ဘူးဆိုတာ မိုးစက်သိလိုက်ပြီ။

အိမ်မှာ အလုပ်သမား ... ဘယ်နှယောက်ရှိရှိ မိုးစက်က မေမေ သွင်းခဲ့သည့် ပုံစံအတိုင်း ကိုယ့်အဝတ် ကိုယ်လျှော်ရသည်။ ကိုယ့်အခန်း ကိုယ်ရှင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာမှ အချောင်ခို၍ မရသည့်တိုင်အောင် မိုးစက်သည် ရရင်ရသလောက် အချောင်ခိုလေ့ရှိသည်။ မေမေ့ အလစ်မှာ အလုပ်သမားတွေကို မုန့်ဖိုးပေးပြီး အဝတ်လျှော်ခိုင်း၊ မီးပူတိုက်ခိုင်းလေ့ရှိသည်။

ဒီတစ်ခါ မေမေ တရားစခန်းဝင်တော့ အလုပ်သမားလေးမနန်းကိုပါ ခေါ်သွားသဖြင့် မိုးစက် ခိုင်းစရာလူ မရှိတော့။

မိုးစက် ကိုယ့်အခန်း အခြေအနေ ကိုယ်သိသဖြင့် မေမေနှင့် မျက်နှာချင်းမဆိုင်ချင်ပါ။

"ဒီနေ့ ကျောင်းပိတ်တယ်လေ မေမေရဲ့၊ ခဏလောက် အိပ်ပါရစေဦး"

"ထစမ်း ... ထစမ်း၊ ညည်း အခန်းအခြေအနေ ညည်း ထကြည့်စမ်း"

ဒေါ်ပပ စိတ်ဆိုးဆိုးနှင့် မိုးစက် မျက်နှာမှာ အပ်ထားသော ခေါင်းအုံးကြီးကို ဆွဲဖယ်လိုက်သည်။





တရားစခန်းမှာ ကိုးရက်နေပေလို့သာ။ ရက်ကိုးဆယ်များသာ နေလို့ကတော့ အိမ်ဝါ လောက်တက်မည့်ကိန်း။

"သမီး သိပါတယ် မေမေရဲ့၊ ကြည့်စရာ မလိုပါဘူး"

"သိတယ်ဆို ညည်း ဘာဖြစ်လို့ မရှင်းရတာလဲ၊ ငါ့ကို ပြန်လာလာချင်း အမောဆို့အောင် လုပ်နေတာလား၊ ညည်းနဲ့ အေ မိန်းကလေးဖြစ်ပြီး ဘယ်လိုနေထိုင်တာလဲ၊ ဒီလောက် ပြောဆိုဆုံးမနေတဲ့ကြားထဲက အချိုးမပြေဘူး၊ ချက်ချင်း ထစမ်း၊ ညည်း အခန်းကိုရှင်းပြီး အဝတ်တွေကို လျှော်၊ ထွီ ... အနံ့အသက်တောင် မကောင်းချင်ဘူး"

ဒေါ်ပပက ပြောပြောဆိုဆို လိုက်ကာစကို ဆွဲဖယ်လိုက်သည်။

စူးခနဲ ဝင်လာသော အလင်းတန်းက မိုးစက် မျက်နှာကို တွေ့ထိသဖြင့် မိုးစက် ဆက်ပြီး မအိပ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း စာမေးပွဲ ဖြေနေတဲ့ဟာကို၊ ဘယ်လိုလုပ်ပြီး ရှင်းချိန်ရှိမှာလဲ၊ ခါတိုင်းဆိုင် သမီး အမြဲရှင်းနေကျပဲဟာ"

"အပိုပြောမနေနဲ့ ညည်းအကြောင်း ငါ သိပြီးသား အခုချက်ချင်း အခန်းရှင်း၊ အဝတ်လျှော်၊ သဲကလည်း တရှုပ်ရှုပ်နဲ့ သူမို့လို့ နေနိုင်တယ် အံ့ရော ... အံ့ရော"

"မုန့်လေးစားပြီး ကော်ဖီလေးတော့ သောက်ပါရစေဦး မေမေရယ်"

"ဟွန်း"

အခန်းထဲမှ မေမေ ထွက်သွားတော့မှ မိုးစက် သက်ပြင်းချမိသည်။ စာမေးပွဲကလည်း ပြီးပြီဆိုတော့ မိုးစက် ရေသာခိုလို့ရမည့်လမ်း မမြင်တော့။

ကော်ဖီဝိုင်းရောက်တော့ အမြဲနောက်ကျတတ်သည့် မိုးစက်ကို ဖေဖေနှင့် မေမေက မစောင့်တော့။





"မေမေတို့ကလည်း သမီးတောင် မစောင့်ပါလား"

"ညည်း ဖျင်းကြောထနေတာကို ငါတို့က စောင့်နေရဦးမှာလား"

"သမီး ချက်ချင်း ဆင်းလာတာပါနော်"

သတင်းစာဖတ်နေသော ဖေဖေကတော့ မိုးစက်တို့ သားအမိ စကားများနေတာကို ကြည့်ပြီး တပြုံးပြုံး ဖြစ်နေ၏။

သူ့အတွက်က ဒီအဖြစ်အပျက်တွေ ရိုးနေပြီ။

"နေပါဦး၊ ဒီအင်္ကျီက ညည်း ညတုန်းက ဝတ်တဲ့ အင်္ကျီကြီး မဟုတ်လား၊ ဘာဖြစ်လို့ မလဲလာတာလဲ"

"ဟုတ်တယ်လေ မေမေရဲ့၊ ညတုန်းကမှ ဝတ်တာ အလတ်ကြီး ရှိသေးပါတယ်၊ ဟဲ ... ဟဲ ... နည်းနည်း ကြေနေတာက လွဲလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပပ မကျေမနပ်နှင့် သက်ပြင်းချမိသည်။ ပြောပြန်ရင်လည်း ဒီကောင်မလေးက ဆင်ခြေတစ်ခုက အမြဲအသင့်ရှိနေတတ်သည်။

နောက်ဆုံးတော့ ကျောက်ရုပ်တစ်ရုပ်လို အေးဆေးလွန်းသော ခင်ပွန်းဖြစ်သူကိုသာ အပြစ်တင်မိသည်။

"ငါ့သမီးပဲကွာ၊ ငါနဲ့ တူမှာပေါ့"

"အမျှင်းထူပြီး ညစ်ပတ်တာကိုပြောတာ၊ အဲ့ပါရဲ့၊ မိန်းကလေးတဲ့ ဖျင်းတာကလည်း အရည်တော့က်တောက်ကျတယ်"

"မေကြီးရေ ... ပြောနေပြန်ပြီ"

မိုးစက်က စစ်ကူရသလို ဖအေဖြစ်သူနား ပြေးကပ်လိုက်သည်။ မိုးစက်အပေါ် ဘယ်တော့မှ အပြစ်မမြင်တာ ဖေဖေတစ်ယောက်တည်းသာ ရှိပေလိမ့်မည်။





"ဘာ ညည်းအဖေကို အကူအညီတောင်းနေတာလဲ၊ ဒီမနက် ညည်း အခန်းကို ပြီးအောင်ရှင်း၊ နေ့လယ်ကျရင် ဒဿားစရာရှိရာယ်၊ ညည်းအချိုးနဲ့က မဖြစ်ပါဘူး၊ ယောက်ျားမြန်မြန်ပေးစားမှဖြစ်မယ်၊ ဒါမှ ညည်း ယောက်ျား ညည်းကို ရိုက်မှာ၊ အဲဒီအခါကျရင် ငါ ပြုံးပြုံးကြီး ကြည့်နေလိုက်ဦးမယ်"

"ရပါတယ် မေမေရယ်၊ မေမေ့ဆန္ဒကို သမီးက ပါရမီဖြည့်ပေးရမှာနော်၊ ဒါပေမဲ့ ရှာမယ်ဆိုလည်း ချောချောလေး ရှာပေးနော်၊ မေ့သမီးက အလှကြိုက်တာ မေ သိတယ် မဟုတ်လား"

"အေး ... အေး ... ဒါမှ ညည်းရဲ့ ညစ်ပတ်မှု၊ မသပ်ရပ်မှု၊ မခန့်ညားမှုတွေက ပိုပြီးပေါ်လွင်လာမှာ၊ မဟုတ်ဘူးလား"

"ဟာ ... မေမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ စကားကို ဖေဖေကပါ သဘောကျသလို ရယ် မောလိုက်သည်။

"ဖေဖေနော်"

မိုးစက်တို့သားအမိနှစ်ယောက်သည် တစ်ခါတလေ သူငယ်ချင်းဖြစ်လိုက် တစ်ခါတလေ ညီအစ်မဖြစ်လိုက် တစ်ခါတလေ သားအမိဖြစ်လိုက်ခြင်းနှင့် ပုံစံမျိုးစုံကျင်လည်ကာ ပျော်စရာ ကောင်းလှ၏။

✣ ✪ ✣





"စား စား … ညည်းပုံစံက အိမ်မှာ မစားမသောက်ရတဲ့ ပုံစံမျိုးနဲ့ စား စား"

"အို … မေမေကလည်း ဒီမှာ မေမေ ဝယ်ထားတာတွေ လိုက်ဆွဲပေးရတာ နည်းလား၊ ဒီလောက်တော့ စားရမှာပေါ့"

"အေးပါအေ … စား စား"

ပြောသာပြောလိုက်ရသည်။ ဒေါ်ပပကိုယ်တိုင်က အစားပုတ်သော သမီးဖြစ်သူကို အပြစ်မမြင်ပါ။

ဟမ်ဘာဂါစားလျှင် ရိုးရိုးဟမ်ဘာဂါမစား၊ ချိဇ်ဘို နှစ်ထပ်ဟမ်ဘာဂါကို စားသည်။ ပြီးတော့ ထိုဟမ်ဘာဂါမျိုးကို နှစ်လုံးဆင့်ပြီးစားသည်။ စားလည်း စားနိုင်တဲ့ ကလေးမ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရော မစားဘူးလား"

"မစားတော့ဘူး၊ ဟော ... ဟိုမှာ မေမေ့ မိတ်ဆွေ သွားနှုတ်ဆက်လိုက်ဦးမှပဲ"

မေမေ သုတ်ခနဲ ထသွားတော့ မိုးစက် အကြည့်သည် မေမေ သွားရာနောက်သို့ လိုက်ပါသွားသည်။

မိုးစက် ပထမတွေ့ရတာက မေမေနှင့် အသက်စတိမ်းမယိမ်း လူကြီးတစ်ယောက်။ ပြီးတော့ နောက်တစ်ယောက်။

မိုးစက်သည် လောကကြီး၌ အချောမောဆုံး ယောကျ်ားတစ်ယောက်ကို တွေ့ရှိခဲ့လေသည်။

ရှပ်အင်္ကျီအစိမ်းရောင် နုဖပ်ဖပ်လက်ရှည်နှင့် စတိုင်ဘောင်းဘီ အနက်ရောင်ကို ဝတ်ဆင်ထားသော ယောကျ်ားတစ်ယောက်၏ ခန့်ညားချောမောမှုကို မိုးစက် အရင်က မမြင်ဖူးခဲ့ပါ။

သို့သော် မိုးစက်သည် ယောကျ်ားတစ်ယောက်ကို မြင်မြင်ချင်း ငြိတွယ်သည့် မိန်းမစားမျိုး မဟုတ်သဖြင့် ခေါင်းကို ငုံ့ချပြီး မျက်နှာလွှဲလိုက်လေ၏။





"ကိုသိန်းနိုင် ဒါ ကျွန်မ သမီးလေ၊ မိုးစက်ပွင့်တဲ့"

မေမေကတော့ လုပ်ချလိုက်ပြီ။ မိုးစက် သဘော

အားကို မမေးဘဲ သားအဖနှစ်ယောက်ကို ခေါ်ချလာ၏။

"သမီးရေ ... ဒါ မေမေ့ သူငယ်ချင်း ဦးသိန်းနိုင်တဲ့ မှတ်ထား၊ ငယ်ငယ်တုန်းက မေမေနဲ့ ခြံချင်းကပ်နေလာတာလေ"

မေမေ့ ငယ်ရည်းစားလားဆိုပြီး တိတ်တဆိတ်နောက်လျှင်တော့ မေမေနှင့်အတူ ဖေဖေပါ စိတ်ဆိုးပေလိမ့်မည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်"

မိုးစက်သည် လက်မှာ ကိုင်လက်စ ဟမ်ဘာဂါကို မလွှတ်ချဘဲ ခေါင်းညိတ်ကာ နှုတ်ဆက်လိုက်လေသည်။

အစားမက်နေသော မိုးစက်၏ အူကြောင်ကြောင်ပုံစံလေးကို ဦးသိန်းနိုင်သည် ချက်ချင်းပင် နှစ်ခြိုက်သွားသောကျကာ သားဖြစ်သူနှင့် လှည့်ပြီး မိတ်ဆက်ပေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ဒေါပဝ သမီးက ချစ်စရာလေးပဲ၊ ကဲ သမီးရေ မှတ်ထားနော်၊ ဒါ အန်ကယ်လ်ရဲ့ သား ဘုန်းလရောင်တဲ့ မှတ်ထား၊ အန်ကယ်လ် မှတ်မိသလောက်တော့ သားကို မွေးပြီး တစ်နှစ်လောက်ကြာမှ သမီးကို မွေးတာ ဟုတ်တယ် ... ဟုတ်တယ်၊ သမီးလေး မွေးတုန်းကတောင် အန်ကယ်လ် တစ်ခေါက် လာကြည့်သေးတယ်၊ ညည်း ကိုကို့ကို သေချာမှတ်ထားနော်"

လရောင် စိတ်ညစ်သွားသည်။ ဖေဖေသည် သူ မကြိုက်သော အပိုအလုပ်တွေကို သိပ်လုပ်လွန်းသည်။

အခုလည်း ဘာမဟုတ်သော ကောင်မလေးတစ်ယောက်နှင့် သူ့ကို မိတ်ဆက်ပေးပြန်ပြီ။

စိတ်ရှုပ်တာကြောင့် မျက်နှာက အလိုလိုနေရင်း တင်းမာသွားသည်။

ဟမ်ဘာဂါကို အစိအပြင် ဝါးနေသော မိုးစက်ပုံစံကို လရောင် နည်းနည်းလေးမှ သဘောမကျပါ။





မိန်းကလေးဖြစ်ပြီး မုန့်စားတာက ပါးစပ်မှာရော လက်မှာပါ ပေပွနေ၏။

ဟမ်ဘာဂါကို ခွန်းခက်ရင်းနှင့် မဖွဲ့စားဘဲ လက်နှစ်ဖက်နှင့် အားရပါးရ ကိုက်စားခဲ့ပုံပေါ်သည်။

"သားကလည်း သမီးကို သေချာမှတ်ထား မိုးစက်ပွင့်တဲ့"

ဖေဖေ မျက်နှာပျက်မှာ စိုးရိမ်သဖြင့် သူ တုံ့ပြန်လိုက်ပါသည်။

"ဟုတ်ကဲ့"

သို့သော် လရောင်၏ တုံ့ပြန်မှု အေးစက်လွန်းတာကို မိုးစက် ချက်ချင်း ရိပ်မိသွားသည်။

မပွင့်တပွင့်နှင့် ပြောချင်သလိုလို မပြောချင်သလိုလို ဖြစ်နေသည့်ပုံက မြင်ပြင်းကတ်စရာ။

အမယ်လေး အင်မတန်ကြီးကျယ်သည့် ယောက်ျား။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်ကို မကောင်းတတ်၍ နှုတ်ဆက်သည့်ပုံစံနှင့် နှုတ်ဆက်သည်။

သူ့အကြည့်တွေကလည်း မိုးစက် စားသောက်နေတာကို အထင်သေးသလိုမျိုး။

နဂိုဗီဇ အရွဲ့တိုက်တတ်သော မိုးစက်သည် ဟမ်ဘာဂါကို အားရပါးရ စားရင်း ...

"ဟုတ်လား ... မိုးစက်မှာက သူငယ်ချင်းတွေ အများကြီး ရှိတာဆိုတော့ တစ်ခါတွေ့ရုံနဲ့တော့ မှတ်မိမယ် မထင်ဘူး"

"အမယ်လေး သမီးရယ်၊ ညည်း ကိုကို ပုံစံက မှတ်မိရလွယ်ပါတယ်၊ အန်ကယ့်လ် သားက သိပ်စမတ်ကျတာကွ၊ ဟား ဟား ဟား ... အန်ကယ်လ်နဲ့တူလို့ ထင်ပါတယ်ကွာ"

လရောင် မျက်နှာ ရှုံ့ခနဲ ဖြစ်သွား၏။ ပျော်ပျော်နေတတ်သော ဖေဖေက ဘာရယ်မဟုတ် ပြောလိုက်တာဖြစ်ပေမဲ့ သူကတော့ ထိုစကားတွေအတွက် ရှက်ရွံ့သွားခဲ့သည်။





အတွေးသဖြင့် ဟိုကောင်မလေးက ဖေဖေ့ကို အံ့အားသင့်သလို ကြည့်ပြီး "ခွီး" ခနဲ ရယ်ချလိုက်သည်။

ဒီကောင်မလေး ဂျစ်တစ်တစ်နှင့် ညစ်ပြီး ပြောနေတာကို လရောင် သိသည်။ မခံချင်စိတ်နှင့် တင်းနေသည့် ကြားထဲ ဖေဖေက ဘာတွေ ပြောနေမှန်းမသိ။

"ဖေဖေ ဘာတွေ ပြောနေတာလဲ"

မိုးစက် လုံးဝ မအောင့်အည်းနိုင်တော့။ အားရပါးရ ရယ်မောပစ်လိုက်သည်။

လရောင် လှမ်းတားနေတာတောင် တဟဲဟဲ လုပ်နေသေးသည်။

"ကျွန်တော် ပြန်တော့မယ် ဖေဖေ၊ ဖေဖေ နေချင်ရင် နေခဲ့တော့"

"ဟာ ... မင်း ငါ့ကို ထားခဲ့လို့ ဘယ်ရမလဲကွ၊ မင်း ဒီနေ့ တစ်နေ့လုံး ဖေဖေ့ကို အဖော်လုပ်ပေးမယ်လို့ ကတိပေးပြီး သားလေ"



www.burmeseclassic.com

www.burmeseclassic.com



လရောင် စိတ်ညစ်သွားသည်။ ဒီနေ့ ချက်(စ်)ထိုးတာ ဖေဖေ့ကို ရှုံးခဲ့၍ ကတိပေးခဲ့ရသည်။

သို့သော် မိုးစက်ဆိုသည့် ဂျစ်တစ်တစ်ကောင်မလေး ရှေ့မှာ ဆက်မနေဖို့ သူ့ခြေလှမ်းတွေက သတိပေးနေသည်။

"ဟုတ်တယ် ဖေဖေ၊ အခုမှ သတိရတယ်၊ ကျွန်တော် သူငယ်ချင်းတွေနဲ့ ချိန်းထားသေးတယ်၊ နောက်အပတ်ပေါ့ ဖေဖေရာ၊ နောက်အပတ်ကျရင် ဆက်ဆက် ဖေဖေ့ကို အဖော်လုပ်ပေးပါမယ်"

"မင်းကွာ"

သားဖြစ်သူအကြောင်း သိပြီးသဖြင့် ဦးသိန်းနိုင် မချင့်မရဲ ရေရွတ်လိုက်သည်။

"ကဲ ... ကဲ ... သွားချင်ရင်လည်းသွား၊ အိမ်ကိုတော့ စောစောပြန်လာခဲ့နော်၊ ဖေဖေ ထမင်းစား စောင့်နေမယ်"

"ဟုတ်ကဲ့"





မကြည့်ဘဲနဲ့ မြင်နေရသည့် မိုးစက်ပွင့်က သူ့ကို သူ့မလက်ထဲမှ ဟမ်ဘာဂါတစ်ခုလောက်တော့ စိတ်ဝင်စားပုံမပေါ။

သွားစမ်းပါ။ ဘာအခြယ်အသ ဘာအရောင်အဆင်းမှ မရှိသော ကောင်မလေးက သူ့ကို ဘာဆွဲဆောင်နိုင်မှာလဲ။

✤ ◯ ✤



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားကို ကြားသည်နှင့် စားလက်စ မနု[illegible]

စာအရသာသည် လုံးဝ ပျောက်ထွက်သွားလေ၏။

မယုံနိုင်ခြင်းကြီးစွာ ကြည့်နေသော သူ့အကြည့်[illegible]

ဖေဖေက ဘာမှ မထူးဆန်းသလို။

"ဘာကြည့်တာလဲကွ၊ မင်း ယောက်ျားပဲဟာ၊ တစ်နေ့ကျ[illegible]

အိမ်ထောင်ပြုရမှာပဲလေ၊ ဘာဆန်းလို့လဲ၊ မင်းဘာသ[illegible]

မင်းလည်း ရွေးချယ်မှာ မဟုတ်ဘူးလေ၊ ဒီတော့ ဖေ[illegible]

ရွေးချယ်ပေးတာကို မင်း လက်ခံရမယ်"





"မဖြစ်နိုင်ပါဘူး ဖေဖေ၊ ကျွန်တော် မိန်းမ မယူချင်ဘူး၊ ပြီးတော့ ဒီကောင်မလေးနဲ့ဆို ပိုပြီးတောင် မဖြစ်နိုင်ဘူး"

သေသပ်ခြင်းမဲ့နေသော ဆံပင်ပွပွနှင့် ကောင်မလေးကို မြင်တော့ လရောင် နှာခေါင်းရှုံ့လိုက်သည်။

ကြက်ကြက်ဖန်ဖန် မိုးစက်ပွင့်နှင့်မှ သဘောတူရတယ်လို့။ သဘောကျစရာတစ်ချက်မှ မရှိသော ကောင်မလေး။

သဘောကျစရာရှိလည်း လရောင်က စိတ်ဝင်စားမည်မဟုတ်။

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ၊ ပြောစမ်းပါဦး"

ဒီတစ်ခါတော့ ဦးသိန်းနိုင် အလျှော့မပေးဖို့ စဉ်းစားထားသည်။

ဟိုတစ်နေ့က လရောင် ပြန်သွားသည့်နောက်ပိုင်း ခေါ်ဝပတို့ သားအမိနှင့် အေးအေးဆေးဆေး ထိုင်စကားပြောဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ထက်မြက်ပြီး ဟာသဉာဏ်ရှိသော မိုးစ[...]
ပွင့်ကို ဦးသိန်းနိုင် မျက်စိကျကာ လရောင်နှင့် ရည်မှန်းထား[...]
သည်။

ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံရသော ဒီကောင်မလေး[...]
သာဆိုလျှင် သူ့သားလရောင်လည်း ဘဝကို ပျော်ပျော်ရွှင်ရွှ[...]
ဖြတ်သန်းနိုင်ပေလိမ့်မည်။

"ကျွန်တော် သူ့ကို သဘောမကျဘူး ဖေဖေ"

လရောင်က ပါးစပ်ထဲ ထွက်သည့်အဖြေကို ဖြေ[...]
လိုက်သည်။

"ဘယ်အချက်ကို သဘောမကျတာလဲ"

ဒီမေးခွန်းကတော့ နည်းနည်းဖြေရခက်သည်။ ဒါဖေ[...]
မိုးစက်ပွင့်ဆီမှာ မြင်မြင်သမျှ အချက်တွေက သူ သဘောမကျ[...]
အချက်တွေချည်းသာဖြစ်၏။





"သူ့ပုံစံကိုလည်း ကြည့်ပါဦး ဖေဖေ၊ စားတာ သောက်တာ
ကလည်း ပါးစပ်မှာ ပေကျံနေတာပဲ"

"ကောင်းပြီလေ၊ မိုးစက်ပွင့်ကို သေသေချာချာ စားတတ်
အောင် ဖေဖေ လေ့ကျင့်ပေးလိုက်မယ် ရပြီလား"

မာနကြီးလှသော လရောင်၏ ဆင်ခြေကို တစ်ခုမှ
ဦးသိန်းနိုင် လက်မခံနိုင်တော့။

ဒီမာနတွေနှင့်သာ ရှင်သန်သွားလျှင် လရောင်တစ်
သက် တစ်သက်လုံး အထီးကျန်ပေလိမ့်မည်။

"ပြီးတော့ သူ့ဆံပင် ဖွာဖွာတွေကို ကျွန်တော် မကြိုက်
ဘူး"

"ရတယ်လေ၊ ဒီခေတ်ကြီးမှာ ဆံပင်ဖြောင့်တာတွေ
ဒီလောက် ခေတ်စားနေတာ နှစ်နာရီလောက်ဆို ဖြောင့်ပြီး
သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေမှန်သမျှကို ဖေဖေက အေးအေးတုံ့ပြန်နေသဖြင့် လရောင် စိတ်ညစ်သွားသည်။

ဖေဖေ့ကို ကြည့်ရတာ သူ့ကို အလျှော့ပေးမည့်ပုံ လုံးဝ မပေါ်။ ခံတပ်ကို အတူးတလည် ပြင်ဆင်ထားပုံရသည်။

"မဟုတ်ဘူး ဖေဖေ၊ ကျွန်တော် သူ့ကို လုံးလုံးသဘောမကျဘူး၊ သူ့ပုံစံမျိုးကို ကျွန်တော် မနှစ်သက်ဘူး"

ကဲ ... ဖေဖေ ဘာတတ်နိုင်သေးလဲ။

လရောင် အတွေးတောင်မဆုံးသေး။ ဦးသိန်းနိုင်ဆီမှ စကားသံ ထွက်ပေါ်လာ၏။

"အဆင်မပြေစရာ မရှိပါဘူး၊ ဖေဖေ နောက်တစ်ယောက်ရှာပေးမယ်၊ ဒါပေမဲ့ မင်း ဘယ်လိုပုံစံမျိုး ကြိုက်လဲ၊ ဖေဖေ့ကို ကြိုပြောထားရင်တော့ ပိုကောင်းတာပေါ့ကွာ"

"ဖေဖေ"





ဦးသိန်းနိုင်နှင့် လရောင် အကြည့်ချင်း ဆုံသွားသည်။ [illegible]သိန်းနိုင် ဒါ အဓိပ္ပါယ်ပဲဆိုသည့် ပုံစံမျိုးနှင့် ခေါင်းတစ်ချက်ဆတ်[illegible]လိုက်သည်။

"ဖေဖေ ကျွန်တော့်အတွက် နောက်တစ်ယောက်လည်း မရှာပါနဲ့၊ ကျွန်တော် အိမ်ထောင်မပြုချင်ဘူး"

"မရဘူး"

"ဘာဖြစ်လို့ မရတာလဲ ဖေဖေ"

"ဘာဖြစ်လို့ မရတာလဲဆိုတော့ ဖေဖေက မင်းကို အိမ်ထောင်ပြုစေချင်လို့ပဲ"

"ဖေဖေ အိမ်ထောင်ပြုစေချင်တာနဲ့ ကျွန်တော် အိမ်ထောင်ပြုရမှာလား ဖေဖေ"

ဖေဖေ ဘာကြောင့် အတင်းအကျပ် လုပ်နေလဲ သူ[illegible]နားလည်ပါ။

"မင်း အိမ်ထောင်မပြုချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြုချင်ဘူး ဖေဖေ"

"အေးလေ ... မင်း အိမ်ထောင်မပြုချင်ဘူးဆိုရင် ဖေဖေ ပြုမယ် ဟုတ်ပြီလား"

"ဖေဖေ"

တစ်ခါတလေ ဖေဖေ တစ်ခွတ်ထိုးလုပ်တတ်တာကို သူ အတွေ့အကြုံရှိပြီးသားဖြစ်၏။

သူ မှတ်မိနေသေးသည်။ သူ ငယ်ငယ်တုန်းက ကျောင်းက ဆရာမတစ်ယောက် သူ့ကို ရိုက်တာကို ဖေဖေ မကျေနပ်၍ ထိုဆရာမကို ရည်းစားစကား လိုက်ပြောဖူးသည်။

ထိုအတွေ့အကြုံက ဖေဖေ့ကို မတော်လှန်ဖို့ သူ့အား အမြဲသတိပေးနေလေ၏။

"ကောင်းပြီလေ၊ ဖေဖေ ကျွန်တော် မိုးစက်ပွင့်နဲ့ တွေ့ပြီးတော့ စကားပြောကြည့်မယ်၊ ဖြစ်တယ် မဟုတ်လား"

"အိုကေ"





ဦးသိန်းနိုင် စိတ်ထဲမှာ ကျိတ်ပြီး ရယ်ပစ်လိုက်သည်။ နောက်ဆိုလျှင် လရောင်အတွက် ခြောက်လှန့်သည့် နည်းလမ်းကို လိုအပ်လျှင် လိုအပ်သလို သုံးလို့ရမှန်း ဦးသိန်းနိုင် သိသွားသည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလရောင် ...။

အရင်က ကြားဖူးသလိုလို ဖြစ်နေသော နာမည်တစ်ခု။ အခုတော့ သေချာရှင်းသွားပါပြီ။

မိုးစက် သူငယ်ချင်းတွေ မကြာခဏ ပြောလေ့ရှိသော အမည်တစ်ခု။

"အံ့ပါရဲ့ မိုးစက်ရယ်၊ ဘုန်းလရောင်ကိုတောင် မသိဘူးလား၊ တုံးလှချည်လား"

မိုးစက်တို့ထက် စီနီယာကျသော ဘုန်းလရောင် သတင်းကို မိုးစက် အရင်က ကြားဖူးပေမဲ့ စိတ်မဝင်စားခဲ့ပါ။





"ဘုန်းလရောင်တို့ မာနကြီးချက်ကတော့ ကမ်းကုန်တယ်၊ အထူးသဖြင့် မိန်းမတွေနဲ့ ပတ်သက်ရင် ပိုပြီး မာနကြီးတယ်"

"စတိုင်ထွင်တာ နေမှာပေါ့"

မိုးစက်ကလည်း အလကားနေရင်း မာနကြီးနေသော သူတွေကို မနှစ်သက်တတ်ပါ။ ပြီးတော့ ယောကျ်ားတန်မဲ့ မာနကြီးနေတာ ရယ်စရာတောင် ကောင်းသေးသည်။

"စတိုင်ထွင်တာလား ဘာလားတော့ မသိဘူး၊ အရမ်းသန့်တာတော့ အမှန်ပဲ၊ ရုပ်အကျီလေးတွေများ ဝတ်လိုက်ရင် အရောင်နုပပ်နေတာပဲ၊ ဘယ်အချိန်ကြည့်ကြည့် ကြည့်လို့ကောင်းတာတော့ အမှန်ပဲ၊ အမြဲငေးကြည့်ချင်စရာကောင်းတဲ့ ပုံစံမျိုးလေး"

"နေပါဦး လွှင်လွှင်ရယ်၊ နင်က သူ့ကို ဘယ်မှာတွေ့ဖူးလို့ ဒီလောက်ညွှန်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လွှင်လွှင် ပြောနေသော ပုံစံက တကယ့်ကို မက်မက်မောမောတမ်းတမ်းတတ။

"စာကြည့်တိုက် ဒီပလိုမာတက်တုန်းက တွေ့ဖူးတာလေ၊ အဟဲ ... အဲဒီတုန်းကလေ ငါ ကျောင်းတစ်ခါမှ မပျက်ဖူးဘူး သိလား"

"နင်နဲ့ ခင်လို့လား လွှင်လွှင်"

"မခင်ပါဘူး၊ သူက မိန်းကလေးတွေနဲ့ ရောရောနှောနှော နေလေ့မရှိဘူး"

မိုးစက် သူငယ်ချင်း ဆွေဆွေကတော့ မိလွှင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။

"အမယ်လေး ... မိလွှင်ရယ်၊ နင်ကသာ အကောင်းမြင် နေတာပါ၊ ဟိုကဖြင့် မိန်းမဆိုရင် အထင်သေးလွန်းလို့ လှည့်တောင်ကြည့်တာ မဟုတ်ဘူး"

"အင်း ... ပြောပါဦး"





"မိုးစက်ရယ် ..." သူက ရုပ်လေးက ချောတော့ ကပ်တဲ့ မိန်းမတွေက များတာပေါ့တော၊ ဒါကြောင့်ပဲ မိန်းမတွေကို အထင်မကြီးတာလား မသိဘူး၊ သူက သူ့ကို လာမိတ်ဆက်တဲ့ မိန်းမတွေဆိုရင် ဟန်ဆောင်ပန်ဆောင်တောင် မနှုတ်ဆက်ဘူး၊ တစ်ခါတည်း အထင်သေးတဲ့ ပုံစံနဲ့ တန်းကြည့်လိုက်တာပဲ သိလား၊ ဘာတွေ ကြီးကျယ်ပြီး မာနကြီးနေမှန်းကို မသိဘူး"

ဆွေဆွေ့ စကားဆုံးတော့ မိုးစက်ကို အထင်သေးသလို ကြည့်ခဲ့သော မျက်ဝန်းတစ်စုံကို သွားသတိရသည်။

သွားစမ်းပါ ... အလကားလူ။

သူ့ကို မြင်မြင်ချင်း ငြိတွယ်မည့်လူတွေ ကြားထဲမှာ မိုးစက် မပါ။

ဒါတောင်မှ မိုးစက်နှင့် ပတ်သက်ဖို့ ကံကြမ္မာက ဖန်တီးလာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မိုးစက်ရဲ့၊ နင်က အရင်တုန်းက ဘုန်းလရော
အကြောင်းပြောရင် စိတ်မဝင်စားဘဲနဲ့ အခုမှ ဘယ်လိုဖြ
တာလဲ"

"အေး ... နင်တို့ သိရင်တော့ အံ့သြလိမ့်မယ်၊ ငါ ဘာဖြ
လို့ မေးရတာလဲ ဆိုတော့ ငါ့ကို အခု ဘုန်းလရောင်နဲ့
နေရာချပေးဖို့ လူကြီးတွေ စကားစနေကြတယ်"

"ဘုရားရေ"

မိုးစက် မျှော်မှန်းသလိုပင် မိုးစက် သူငယ်ချင်းတွေ
အားလုံး ပါးစပ်ဟောင်းလောင်း ဖြစ်သွားကြသည်။

ဘာထူးလို့လဲ။ မိုးစက်ကိုယ်တိုင် မမေ့ဆီက
ဒီစကား ကြားရစဉ်က အံ့ဘနန်း ဖြစ်ခဲ့သေးသည်ပဲ။

"နင် ဘာလုပ်ဖို့လဲ"

"သူနဲ့ ပတ်သက်ပြီး အသေးစိတ် သိချင်တယ်ဟာ။
ဥပမာ သူ ဘာအစားအသောက် ကြိုက်တယ်၊ ဘာအရောင်





ကြိုက်တယ် ဆိုတာမျိုးတွေအစပေါ့၊ ပြီးတော့ သူ မကြိုက်တဲ့
အရာတွေ၊ သူ မုန်းတဲ့အရာတွေ၊ အပြုအမူတွေ အဲဒါတွေ
က အစပေါ့ဟာ၊ နင် သေချာစုံစမ်းပေးစမ်းပါ"

မိုးစက် အနေနှင့် သူ့အကြောင်း အကုန်သိဖို့
လိုအပ်ပါသည်။ သူ့ကို တော်လှန်ဆန့်ကျင်ဖို့ဆို သူ့အကြောင်း
သိမှဖြစ်မည်။

"မိုးစက် နင့်မှာ ဘာအကြံအစည်ရှိလဲ"

"ငါ့ရဲ့ အကြံအစည်က သူ ငါ့ကို မကြိုက်မိစေဖို့နဲ့ ငါ့ကို
လက်မထပ်ဖို့ပဲ"

"အဲဒီတော့"

"သူ ငါ့ကို စိတ်ပျက်သွားအောင်၊ လက်မထပ်အောင်
လုပ်မှာပေါ့"

မိုးစက်သည် ပြောင်မြောက်လှသော စိတ်ကူးကို
ရသွားသည့်အတွက် ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ဘုန်းလရောင် မိုးစက်ကို တကယ် စိတ်

ပျက်သွားပေလိမ့်မည်။

"အုံပါရဲ့ မိုးစက်ရယ်၊ အသာလေးငြိမ်နေပြီး ဘုန်းလရောင်နဲ့ လက်ထပ်လိုက်ရင် ပြီးရော"

မိုးစက် အသာပြုံးနေလိုက်သည်။

မာနခပ်ကြီးကြီး ယောက်ျားတစ်ယောက်နှင့် ရင်ဆိုင်တွေ့ဖို့အတွက် မိုးစက် အများကြီး ပြင်ဆင်ရပေဦးမည်။

✣ ◎ ✣





ခြံနံပါတ် လေးဆယ့်နှစ်။ ဟုတ်ပါပြီ။ သေချာ အာအသိနှင့် ကားကို ခြံထဲသို့ ခပ်ကြမ်းကြမ်း ကွေ့ဝင်လိုက်သည်။

ကျယ်ဝန်းလှသော ခြံကြီး၏ သပ်ရပ်မှုအနေအထား တော့ သူ့စိတ်ကြိုက်ပင်ဖြစ်၏။ ညီညာသော ကွန်ကရစ်လမ်း၏ တစ်ဖက်တစ်ချက်မှာ နှင်းဆီပန်း နီစွေးစွေးတို့က ဝင့်ကြွားစွာ ပွင့်နေကြ၏။

ဒီနေ့ရဲ့ မနက်ခင်းကတော့ အဓိပ္ပာယ်မရှိ ကုန်ဆုံး တော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ပေးထားသည့် ကတိကြောင့်သာ လာခဲ့သည်။ ဘာမှ မဟုတ်သော ကောင်မလေးတစ်ယောက်ကို လာတွေ့ရတာ သူ့မာနကို အတော်ထိခိုက်နေပြီ။

ဘုန်းလရောင်,ကား ခြံထဲကွေ့ဝင်လာသည်ကို မြင်သည်နှင့် မိုးစက် အပေါ်ထပ်ကနေ ပြေးဆင်းလာရင်း ဘုရားခန်းထဲမှာ ဘုရားပန်းလဲနေသော မေမေ့ကို တစ်ဆက်တည်း ရှုတ်ဆက်လိုက်သည်။

"မေမေ ဘုန်းလရောင် လာကြိုနေပြီ၊ သမီး သွားတော့မယ်"

"အေး … အေး … ဟဲ့ … ဟဲ့ … နေပါဦး၊ ဘယ်လိုဝတ်ထားတာလဲ"

အံ့ဩလွန်း၍ ဒေါ်ပပ လက်ထဲမှ ပန်းအိုးက လွှတ်ကျမတတ်။ အထက်အောက်ဆင်တူ အဝါရောင် တောက်တောက်ဝတ်စုံက ဒေါ်ပပ မျက်စိထဲကို ထိန်လင်းစွာ ဝင်လာ၏။





အဝါရောင်တောက်တောက်ဝတ်စုံအပြင် အဝါရောင်နှင့် ဆန့်ကျင်ဘက်ဖြစ်သောနှုတ်ခမ်းနီ အနီရဲရဲကို ဆိုးထားသေးသည်။ ဒါတောင် အားမရသေး။ နှင်းဆီပွင့် ခပ်ရဲရဲကိုလည်း အူးဖောက်နေသော ဆံနွယ်ကြားထဲမှာ ကလစ်နှင့် ခပ်မြင့်မြင့် ထိုးတင်ပြီး ပန်ထားသေးသည်။

ဒေါ်ပပသည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဖူးခဲ့သော အပြင်အဆင်ကြောင့် ရင်သပ်ရှုမော ဖြစ်သွားသည်။

ဘုရားရေ … မိုးစက် ရူးသွားတာလား၊ ကြောင်သွားတာလား တစ်ခုခုပဲ။

"ဘာဖြစ်လို့လဲ မေမေရဲ့"

"ဘာဖြစ်ရမှာလဲ၊ ညည်း ဝတ်ထားတာတွေကို ပြောတာလေ၊ မျက်စိနောက်စရာ"

မိုးစက် ကျေနပ်စွာ ပြုံးလိုက်သည်။ မေမေတောင် မျက်စိနောက်နေပြီဆိုတော့ … ဟား ဟား ဟား …။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေကလည်း ဒီဖက်ရှင်ကို သမီး တမင် ထွင်ထားရတာ မေမေရဲ့၊ ပြီးတော့ ဒီအရောင်တွေက ဘုန်းလရောင် အကြိုက်ဆုံးအရောင်တွေ မေမေရဲ့၊ သိပြီလား"

မိုးစက်က အသံကို အတတ်နိုင်ဆုံး ခပ်တိုးတိုးနှိမ့်ပြီး မေမေ့နားကပ်ပြောလိုက်သည်။

"သိပါဘူးအေ၊ ညည်းတို့ ခေတ်လူငယ်တွေအကြိုက်က လိုက်လို့ကို မမီနိုင်ဘူး သွား ... သွား ... အပြင်မှာ လရောင် စောင့်နေလောက်ပြီ"

တွန့်ခါပြီး ထွက်သွားသော သမီးဖြစ်သူကို ကြည့်ပြီး ဒေါ်ပပ ခေါင်းခါလိုက်မိသည်။

ခေတ်ကာလ သားသမီးတွေများ တယ်လည်း အပြောင်းအလဲမြန်ပါ့။ တီရှပ်ပွပွလေးနှင့် လုံချည်ပေါ်ရှည်ရှည် ဝတ်တတ်သော သမီးဖြစ်သူက တစ်ခါတည်းနှင့် ကိုယ်ကျပ်အကျႌ၊ လုံချည်တိုတို ဝတ်ကာ အရောင်ပြောင်း ထွက်သွားသည်။





ဒေါ်ပပနည်းတူ မျက်လုံးပြူးပြီး အံ့အားသင့်သွား [illegible]တာ လရောင်ဖြစ်၏။

အဝါရောင်တောက်တောက်နှင့် တွန့်ခါပြီး ထွက် [illegible]သော မိုးစက်ကို အမြင်မှာ လရောင် အလိုလို နှာခေါင်းရှုံ့ [illegible]ကျသွားဖြစ်သွားသည်။

သူ အမုန်းဆုံး အရောင်ကိုမှ မိုးစက်ပွင့်က ရွေးချယ် [illegible] ဝတ်လာသည်။

ဆံပင်ကလည်း ခပ်ဖွာဖွာ၊ နှုတ်ခမ်းနီကလည်း [illegible]ရဲရဲ။

ကျားသစ်ပေါက်စလိုလို၊ ခြသေ့်မလိုလိုနှင့် ကြည့် [illegible]တာ မျက်စိနောက်စရာ။

"ကိုကို့ ရောက်နေတာ ကြာပြီလား"

ဘုရားရေ။ သူ့ကို ကိုကိုတဲ့။

ဒီကောင်မလေး ရူးနေပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်က လရောင်နှင့် နှစ်ပေါင်းများစွာ ရင်း ကျွမ်းဝင်နေသည့် လေသံမျိုးနှင့် နှုတ်ဆက်ကာ ကားတံခါးဖွ ပြီး ဝင်ထိုင်လိုက်သည်။

ဒီတစ်ချက်လောက်နှင့်တင် လရောင် အီဆိမ့်သွ လောက်ပြီဟု မိုးစက် တွေးမိသည်။

"နေပါဦး ... နေပါဦး။ မင်း ငါ့ကို ဘယ်လို ခေါ်လိုက်တ လဲ"

"ကိုကိုလို့ ခေါ်တာလေ၊ ဘာဖြစ်လို့လဲ"

လရောင်က စိတ်ပျက်သလို "ကျွတ်"ခနဲ စုတ်သ ရင်း မျက်နှာလွှဲလိုက်သည်။

သူမကို စစတွေ့ချင်း ပုံစံနဲ့တောင် စိတ်ပျက်ခဲ့ သည့်ကြားထဲ အခုတော့ အထင်သေးတာပါ တိုးလာပြီ။

"မင်းကို ဘယ်သူ ခေါ်ခိုင်းလို့လဲ"

မိုးစက် ခေါင်းမှာ ပန်ထားသည့် ဝင့်ထွားထွ နှင်းဆီကြီးကို ကြည့်ပြီး စိတ်ပျက်စွာ မေးမိသည်။





နှင်းဆီပန်းလည်း သူမ ခေါင်းပေါ်ရောက်မှ အလှ ကျက်ရတော့သည်။ နှင်းဆီဆိုသည့် ဂုဏ်သိက္ခာတောင် မရှိတော့။

"ကိုကို့အဖေက ခေါ်ခိုင်းတာလေ၊ ဟိုတစ်နေ့က နင့်ကိုကို ကို့ သေချာမှတ်ထားလို့ ပြောတာ မမှတ်မိဘူးလား"

လဲသေလိုက်ဖို့သာ ကောင်းသည်။ ဟိုတစ်နေ့က အဖေ ပြောခဲ့တာကို မိုးစက်ပွင့်က သေသေချာချာ မှတ်ထား ခဲ့သည်ပဲ။

လရောင် စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်တာကို မြင်တော့ မိုးစက် ကျိတ်ပြီး ပြုံးလိုက်သည်။

အခုချိန်မှာ မိုးစက်ကို ထားပြီး ပြန်ပြေးချင်စိတ် တွေ တဖွားဖွားပေါ်ပေါက်နေမှာ သေချာလှသည်။ မိုးစက်ကို ရှုထကလသဆိုသည့် စာရင်းထဲ ထည့်ထားပေလိမ့်မည်။

"မိုးစက်ပွင့် မင်း သေချာမှတ်ထားစမ်း၊ ငါ့ကို ကိုကိုလို့ မခေါ်နဲ့ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သည် ဒီလို အပြောခံရသည့်အတွက် စိတ်ထဲမှာ အသည်းနာလှသော်လည်း လက်တွေ့မှာတော့ ဘာမှ အမှတ်သည်းခြေမရှိသော မိန်းမတစ်ယောက်လို ဟန်ဆောင်ပစ်ခဲ့သည်။

"မရဘူး ခေါ်မှာပဲ၊ ကိုကို မကြိုက်လည်း မတတ်နိုင်ဘူး ကိုကိုကို စတွေ့ကတည်းက အဲဒီလို ခေါ်ချင်နေခဲ့တာ အခုတော့ ကျွန်မ ဆုတောင်းပြည့်ပြီ"

လရောင်သည် ခပ်ကဲကဲ ခပ်ရဲရဲ မိုးစက်ပွင့်ကို အတော်အထင်သေးသွားသည်။ သူ အထင်အသေးဆုံး မိန်းမတွေက သူ့ကို ရဲတင်းစွာ ကပ်လေ့ရှိသော မိန်းမတွေဖြစ်၏။

အခုတော့ အဲဒီ မိန်းမတွေအထဲမှာ မိန်းစက်ပွင့်က ထိပ်ဆုံးမှာ ပြေးနေသည်။

"ဒါနဲ့ ကိုကို ... ကျွန်မတို့ အခု ဘယ်သွားကြမလဲ"

လရောင် ပထမဆုံး စိတ်ကူးမိသည်က အေးအေးဆေးဆေးရှိလှသော ကော်ဖီဆိုင်လေးတစ်ဆိုင်ဖြစ်၏။ မိုးစက်ပွင့်၏ အခုလို ပုံစံနဲ့တော့ လရောင် ဘယ်နေရာမှ တွဲသွားမရဲတော့။





"လူရှင်းတဲ့ နေရာတစ်ခုကို သွားကြတာပေါ့"

"ကိုကို့သဘောပဲလေ"

မိုးစက်သည် နောက်ကြည့်မှန်မှတစ်ဆင့် ကိုယ့်ကိုယ်ကိုယ် မကြည့်မိအောင် သတိထားနေရသည်။ ကြည့်မိလျှင် ဆံပင်ဖွာဖွာ၊ နှုတ်ခမ်းနီရဲရဲ၊ ပါးနီတောက်တောက်နှင့် မိန်းမတစ်ယောက်ပုံစံက မိုးစက်ကို လှောင်ပြောင်နေပေလိမ့်မည်။

လရောင်သည် ကားလေးကို လူရှင်းသော ကန်တော်ကြီးရေစပ်၌ ထိုးရပ်လိုက်သည်။

"လူကြီးတွေ စီစဉ်ထားတဲ့ကိစ္စကို မင်း ဘယ်လို သဘောရလဲ မိုးစက်ပွင့်"

"ကိုကိုကကော ဘယ်လိုသဘောရလဲ"

"ငါက မင်းသဘောထားကို မေးနေတာ"

လရောင်၏ လိမ္မာပါးနပ်မှုကို မိုးစက် အသိအမှတ်ပြုသော်လည်း မိုးစက်ဘက်က သဘောထားကို စတင်ဖွင့်ပြောရသည်အထိ မမိုက်မဲသေးပါ။



www.burmeseclassic.com

"ကိုကို အရင်ပြောပါ"

လရောင်သည် မိန်းမတွေနှင့် ပတ်သက်လာလျှင် လုံးဝ အားမနာတတ်။

ဒါကြောင့်လည်း သူ့ရင်ထဲမှ ဆန္ဒအမှန်ကို ဖွင့်ပြောမိသွားသည်။

"ငါ့အနေနဲ့ ပြောရရင် လုံးဝ စိတ်မဝင်စားဘူး"

တခြားမိန်းမတစ်ယောက်သာ ဆိုလျှင်တော့ ဒီစကားအပြောမှာ ဆွေ့ဆွေ့ခုန်အောင် နာကျင်ဒေါသထွက်ပေလိမ့်မည်။ မိုးစက်ကတော့ သူမ လိုချင်သော အဖြေတစ်ခုကို ရရှိသဖြင့် လှစ်ခနဲ ပျော်ရွှင်သွားသည်။

"ကိုကိုက ကျွန်မကို စိတ်မဝင်စားဘူးလား"

"စိတ်မဝင်စားဘူး"

"ဒါဆိုရင် လူကြီးတွေ စီစဉ်တာကို ကိုကို ဘာဖြစ်လို့ လက်ခံခဲ့လဲ"





"လက်ခံမယ်လို့ မပြောသေးပါဘူး၊ မင်းနဲ့ စကားပြောကြည့်မယ်လို့ပဲ ပြောခဲ့တာ"

"အဲဒီတော့ ကိုကိုက ဘယ်လို ဆုံးဖြတ်မှာလဲ၊ ကျွန်မကတော့ နောက်မဆုတ်ချင်ဘူး ကိုကို"

မိုးစက်ကို စိတ်ပျက်သလို ကြည့်နေသော လရောင်အကြည့်ကို မိုးစက် ဥပေက္ခာပြုလိုက်သည်။ စိတ်ထဲမှာတော့ လရောင်ကို ပုံစံအမျိုးမျိုးနှင့် လှောင်ပြောင်နေမိသည်။

"ငါ့ဘက်ကတော့ မင်းနဲ့ စတွေ့ကတည်းက နောက်ဆုတ်ဖို့ စဉ်းစားပြီးသား၊ အခုလောလောဆယ်တော့ ဖေဖေ စိတ်ကျေနပ်အောင် မင်းဆီ ခဏခဏ လာရလိမ့်မယ်"

မိုးစက်ပွင့်ရဲ့ အပြစ်တွေကို တစ်ခုချင်း ထုတ်ယူပြသနိုင်ဖို့အတွက် မိုးစက်ပွင့်ရဲ့ ဘေးနားမှာ သူ ရှိနေဖို့လိုသည်။

"ကိုကို အဲဒီလိုလုပ်တာ ကျွန်မအတွက် ရက်စက်လွန်းပါတယ် ကိုကို"

www.burmeseclassic.com



“အဲဒီအတွက် ငါ စိတ်မကောင်းပါဘူး မိုးစက်ပွင့်၊ ဒါပေမဲ့ မင်းကို အခုကတည်းက အပြတ်ပြောထားမယ်၊ ငါ့ကို လုံးဝ မမျှော်လင့်ပါနဲ့”

“မရဘူး ကိုကို၊ မိုးစက်ကတော့ မျှော်လင့်နေမှာပဲ”

မိုးစက်ပွင့်ကို လုံးဝ မျက်နှာသာမပေးဖို့ လရောင် ဆုံးဖြတ်လိုက်သည်။ သူ့ဘက်က ခပ်မာမာ ခပ်ပြတ်ပြတ် ဆက်ဆံမှ တဖြည်းဖြည်းနှင့် မိုးစက်ပွင့် လက်လျှော့ပေလိမ့်မည်။

“ပြန်မယ် မိုးစက်ပွင့်”

✣ ❂ ✣





မှန်ထဲမှာ ပေါ်နေသော သူ့အရိပ်ကို ကြည့်ပြီး လရောင် ကျေနပ်သွားသည်။ တီရှပ်အဖြူလွှင်လွှင်နှင့် ဂျင်းဘောင်းဘီ မိုးပြာရောင်သည် သူ့ကို တင့်တယ်စွာ ကြည့်ကောင်းအောင် အထောက်အပံ့ပေးနေကြသည်။

လရောင်သည် သန့်ရှင်းသပ်ရပ်မှုကို ကြိုက်နှစ်သက်သူ ဖြစ်သဖြင့် သူ့ကိုယ်သူ အမြဲသန့်ရှင်းသပ်ရပ်အောင်နေလေ့ရှိ၏။

ခြသေ့်ခေါင်းလို ရှုပ်ပွနေသော ဆံပင်ခပ်ဖွာဖွာနှင့် မိုးစက်ပွင့်ကို သွားစဉ်းစားမိတော့ နှာခေါင်းရှုံ့မိရက်သား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်တော်စိတ်ညစ်ဖို့ကောင်းသည့် ကောင်မလေး။ သူ့ကို မြင်မြင်ချင်း ငြိတွယ်ခဲ့ပုံပေါ်သည်။ ဒါကလည်း မဆန်းပါ။ မိုးစက်ပွင့်သည် သူ မြင်ဖူးနေကျ မိန်းမတွေထဲမှ သမားရိုးကျ မိန်းမတစ်ယောက်သာ ဖြစ်သည်။

လရောင် လေလေးချွန်ပြီး ပေါက်ထပ်ဆင်းလာတော့ ဧည့်ခန်းမှာ ဂေါက်တံကြီး တယမ်းယမ်းနှင့် အလုပ်ရှုပ်နေသော ဖေဖေ့ကို တွေ့ရသည်။

"လရောင် မင်း ဆင်းလာတာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"မင်း အခု မိုးစက်ပွင့်ကို သူ့အိမ်မှာ သွားကြိုလိုက်၊ သွားကြိုပြီး သူ တက်နေတဲ့ သင်တန်းကို ပို့ပေးလိုက်၊ သူတို့ အိမ်က ကားပျက်နေတယ်"

"နေပါဦး ဖေဖေရဲ့၊ သူတို့အိမ်က ကားပျက်နေတာ ဖေဖေ ဘယ်လိုသိလဲ"



"မိုးစက်လေး ဖုန်းဆက်တယ်လေ"

သေလိုက်ပါလား။

ဒီကောင်မလေး ရှုပ်ရှုပ်ယှက်ယှက် သိပ်လုပ်သည်။ ကားပျက်နေတာပဲ Taxi ငှားသွားပေါ့။ ဒီကိုများ တကူးတက ဖုန်းဆက်ပြီး ပြောနေသေးသည်။

"ကားပျက်နေတာများ ဖေဖေရယ်၊ Taxi ငှားသွားပါစေပေါ့၊ ဘာဖုန်းဆက်စရာလိုလဲ"

"ဩော် ... မိန်းကလေးတစ်ယောက်တည်းလေ သားရယ်၊ အငှားကားစီးလို့ ဘယ်သင့်တော်မလဲ"

"ဒီတ်အောက်နေပြီ ဖေဖေ၊ အခုခေတ်ကြီးမှာ တစ်ယောက်တည်း Taxi မစီးရဲတဲ့ မိန်းမတွေ မရှိတော့ဘူး"

ဦးသိန်းနိုင်ကလည်း ကိုယ် မွေးလာသည့် သားဆိုတော့ အကြောင်းသိပြီးသား။ ငြင်းဆန်လို့ရသည့် ဘာဆင်ခြေမှ သူ မလိုအပ်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး လရောင်ရဲ့၊ မင်းကို ဖေဖေ ခိုင်းနေတာလေ၊ အကြောင်းပြချက်တွေ ဆင်ခြေတွေ ပေးခိုင်းနေတာမှ မဟုတ်တာ"

"အကြောင်းပြချက်ပေးတာ မဟုတ်ပါဘူး ဖေဖေ၊ ပြောပြတာပါ၊ ပြီးတော့ ကျွန်တော်လည်း တကယ်မအားဘူး"

"မအားရအောင် မင်းမှာ ဘာကိစ္စရှိလို့လဲ၊ မင်းရဲ့ သင်တန်းက ညနေမှနော်"

အမှန်တော့ လရောင်မှာလည်း ဘာကိစ္စမှ ကြီးကြီးကျယ်ကျယ် ရှိမနေ။ သူငယ်ချင်းတွေနဲ့ ကော်ဖီသောက်ရုံသက်သက်သာ ချိန်းဆိုထားခဲ့သည်။

"အပိုတွေ လုပ်မနေနဲ့ လရောင်၊ မင်း မအားဘူးဆိုတဲ့ကိစ္စကြီးကို ငါ မသိချင်ဘူး၊ အေး ... သိလည်း ငါ ခွင့်မပြုဘူး၊ မိုးစက်ကို သွားပို့ပေးပြီးမှ မင်း ကြိုက်တဲ့ကိစ္စလုပ်"

ဖေဖေ့ ဒေါသကို မြင်တော့ လရောင် ထပ်ပြီး အတွန့်မတက်ရဲတော့။ သူ မကျေမနပ်နှင့် ကတိပေးလိုက်ရသည်။





"ဟုတ်ကဲ့"

မိုးစက်ပွင့်တို့ ခြံထဲရောက်တော့ ဆင်ဝင်နှအောက်မှာ ...ကို အသင့်မတွေ့ရ။

လာကြိုခိုင်းထားပြီး စောင့်နေဖော်မရ။ သူကလည်း ...ပေါ်ကဆင်း ညှော်ခန်းထဲဝင်ပြီး အာလာပသလ္လာပပြောဖို့ ... စိတ်မပါ။

စိတ်တိုတိုနှင့် ကားဟွန်းကို တရစပ် တီးပစ်လိုက် ...ည်။

ကားဟွန်းသံကို ကြားသော်လည်း မိုးစက် အေးအေး ...ဆေးပင် ခြေလှမ်းလှမ်းလိုက်သည်။

ဒီနေ့ မိုးစက်သည် ဟိုတစ်နေ့က မိုးစက်နှင့် ...တော့။ ဒီတစ်ခါတော့ မိုးစက်သည် ဆံပင်ကို အုန်းဆီ ရွှဲနေ ...င် လိမ်းပြီး ပြားချပ်နေအောင် စည်းနှောင်ထားလေ၏။

မသေမသပ် လိမ်းထားသော သနပ်ခါးပါးကွက် ...ကြီးနှစ်ခုက မိုးစက်၏ ပါးပြင်အပြည့် နေရာယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး ပုံမကျသော အဝါရောင် တောက်တောက် မြန်မာအင်္ကျီခါးတိုက မိုးစက် ကိုယ်ပေါ်မှာ တစ်ခုခု လိုအပ်နေ သလို လုံချည်အစိမ်းတောက်တောက်ကလည်း ခြေသလုံးနားမှာ မညီမညာ ရွဲ့စောင်းနေသေးသည်။

မေမေ မြင်လျှင် မိုးစက် ပုံစံကို တအံ့တဩနှင့် အပြစ်ပြောနေမှာစိုးသဖြင့် မေမေ့ အခန်းကို အဖြတ်မှာ မိုးစက် အတတ်နိုင်ဆုံး ခြေသံဖော့ပြီး ဖြတ်လျှောက်ခဲ့လေသည်။

ကြမ်းတိုက်နေသော မတိုးက မိုးစက်ကို အမြင်မှာ ဟဲ့ ဟဲ့ ... ဆိုပြီး မျက်လုံးကြီးပြူးကာ ကြည့်နေလေသည်။

မိုးစက်က မတိုးကို မျက်လုံးတစ်ဖက် မှိတ်ပြပြီး "ရှူး"ခနဲ နှုတ်ပိတ်ကာ ပြေးဆင်းလာခဲ့သည်။

"ဆောရီး ကိုကို၊ မိုးစက် နောက်ကျသွားတယ်"

လရောင်ကတော့ အံ့အားသင့်ပြီးရင်း အံ့အားသင့် နေရှာသည်။





တောသူမ တစ်ယောက်ကို လက်ဆွဲပြီး မြို့ပေါ် ခေါ်လာလျှင်တောင် မိုးစက်ပွင့်လောက် ပုံတုံးမည် မထင်ပါ။

မိုးစက်ပွင့် ဘာပုံစံပဲဖြစ်ဖြစ် လရောင် စိတ်လည်း ဆင်စား။

ပတ်သက်ဖို့လည်း စိတ်ကူးမရှိတာကြောင့် အသာ ငြိမ်ဆိတ်နေလိုက်သည်။

"ကိုကို ကျွန်မကို ကြည့်ပါဦး၊ လှရဲ့လားလို့"

"မိုးစက်ပွင့် ငါ့ကို အပိုတွေ မပြောစမ်းပါနဲ့၊ ငါ စိတ်မဝင် စားဘူး"

ပြောထားနှင့်ဦးပေါ့။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ မိုးစက်အကြောင်း တွေးပြီး ရှက်ပြီး လဲသေသွားအောင် မိုးစက် လုပ်ဦးမည်ဟု တေး ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အချိန်ဆယ့်ငါးမိနစ်ကျော်ကျော်လောက် စောနေသေးတာပဲ၊ ကော်ဖီ သွားသောက်ရအောင် ကိုကို"

သူမ၏ ဒီပုံစံနှင့် ကော်ဖီဆိုင်ထဲ တွဲဝင်ဖို့ လရောင်စဉ်းတောင် မစဉ်းစားဝံ့။

ပုံတုံး၊ တောကိုက်ပုံစံ။ ထွင်လိုက်သည့် စတိုင်တွေက တစ်ခုမှ ကြည့်မကောင်း။

"ကျွန်မ ကော်ဖီသောက်ချင်လို့ပါ ကိုကိုရယ်၊ သွားသောက်ရအောင်နော်"

"ငါ့မှာ အချိန်မအားဘူး၊ အချိန်အားလည်း မင်းနဲ့ လိုက်မသောက်နိုင်ဘူး နားလည်လား"

မိုးစက်နှင့် တွဲသွားရမှာကို မသင်္ဘောလို လုပ်နေသော လရောင် မိုးစက်က ရယ်ချင်စရာ။ မျက်နှာတစ်ခုလုံး မှုန်ကုပ်နေပြီး မိုးစက်ကို သူ့လုပ်စာ ထိုင်စားနေသည့်ပုံနှင့် ဆက်ဆံနေသည်။





ခဏလေး … ခဏလေးပါပဲ။ မကြာခင်မှာ အရာအားလုံး ပြီးဆုံးသွားပေလိမ့်မည်။

လရောင်က မိုးစက် လေရှည်နေမှာစိုးသဖြင့် ကားတံခါးဆက်ကို ဖွင့်ချလိုက်သည်။ ရော်ဘင်ဝီလျှံသီချင်းက ခုန်ပေါက်ပြီး ပြေးဆင်းလာ၏။

"ကိုကိုကလည်း ရော်ဘင်ဝီလျှံအခွေကြီး မဖွင့်ပါနဲ့၊ သူက အဘိုးကြီး ဖြစ်နေပြီး တခြားအခွေ ပြောင်းဖွင့်စမ်းပါ"

ပြောတာနဲ့တင် အားမရသေး။ မိုးစက်က ကားကက်ဆက်ကို ကိုယ်တိုင် ပိတ်လိုက်သေးသည်။

စိတ်ပျက် စိတ်ညစ်နေသော လရောင် မိုးစက်လုပ်ရပ်ကို လုံးဝ သည်းမခံနိုင်တော့သလို …

"ဒီမှာ မိုးစက်ပွင့်၊ ဒီကားက ငါ့ကား၊ ငါ့ကားပေါ်မှာ ငါကြိုက်တဲ့သီချင်း နားထောင်မယ်၊ မင်း မကြိုက်ရင် နားပိတ်ထားလိုက်၊ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



လရောင်က ကားကက်ဆက်ကို ပြန်ဖွင့်လိုက်သ… အသံကိုလည်း အကျယ်ကြီး ဖွင့်ပစ်လိုက်သည်။

ကဲ ... မှတ်ပြီလား။

✣ ◎ ✣





နောက်တစ်ပတ်အကြာမှာတော့ လရောင်သည် စိတ်ချော်ဖွယ်ကောင်းသော ညနေခင်းတစ်ခုကို ရင်ဆိုင်ရပြန်သည်။

သင်တန်းခဏနားသည့် ကြားချိန်လေးမှာ တခြားသူတွေ ကော်ဖီ ဆင်းသောက်ကြပေမဲ့ လရောင်ကတော့ ဖျင်းဖျင်း ရှိသည်နှင့် အင်တာနက်ကြည့်နေမိသည်။

လရောင် သူငယ်ချင်းတွေကတော့ လရောင် အနားမှာ ဝိုင်းဖွဲ့ပြီး စကားများနေကြသည်။

"ဘုန်းလရောင် ဧည့်သည်လာတယ်"

သင်တန်းမှ ဝန်ထမ်းတစ်ယောက်က လရောင်ကို လှမ်းခေါ်နေတော့ လရောင် အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ သင်တန်းအထိ လိုက်လာသော ညှော်သည်က ဘယ်သူလဲ။ သူငယ်ချင်းတွေဆိုလျှင်လည်း ဖုန်းကြိုဆက်မှ ကျဖြစ်သဖြင့် သူငယ်ချင်းတွေလည်း မဖြစ်နိုင်ကြ။

"ဘယ်သူလဲ အစ်မ"

"မသိဘူး၊ မိန်းကလေးတစ်ယောက်ပဲ"

ထ,မလို့ ဟန်ပြင်နေသော လရောင် ပြန်ထိုင်မိရက်သားဖြစ်သွား၏။ သူ့သင်တန်းရှိရာသို့ တကူးတက လိုက်လာနိုင်သည့် မိန်းကလေးသူငယ်ချင်း သူ့မှာ မရှိ။

"ဘယ်သူလဲ မသိဘူးကွာ၊ ကျော်ကျော်ရာ တစ်ချက်လောက် သွားကြည့်ပေးစမ်းပါ"

"ရတယ်လေ၊ သွားကြည့်ပေးမယ်၊ ဒါပေမဲ့ အရမ်းချောရင် မင်း ငါ့ကို မိတ်ဆက်ပေးရမယ်"

လရောင်က ဒါမျိုးကျတော့ မတွန့်တိုတတ်။

"အိုကေ ... မိတ်ဆက်ပေးမယ်"





ကျော်ကျော် ထွက်သွားတော့ လရောင်လည်း အင်တာနက်ကို ပြန်ပြီး ဖွင့်ကြည့်နေမိသည်။

ခဏကြာတော့ ကျော်ကျော် စပ်ဖြဲစပ်ဖြဲနှင့် ပြန်ပြီး ဝင်လာသည်။

"ဘယ်သူလဲ ကျော်ကျော်"

"မသိဘူးကွ၊ ဘယ်သူလဲ မေးတော့လည်း သူ့ကို မင်း ကောင်းကောင်းသိပါတယ်လို့ပဲ ပြောတယ်"

သူ ကောင်းကောင်းသိသော လူတစ်ယောက်၊ ဘယ်သူလဲကွာ။

"ကဲ ... ဒါဆိုလည်း ငါ သွားလိုက်ဦးမယ်၊ ဒါနဲ့ ချောရဲ့လား"

ကျော်ကျော်က ဟက်ခနဲ ရယ်ချလိုက်ပြီး ...

"အရမ်း အရမ်းကို ချောတဲ့ မဒီတစ်ယောက်ပါပဲ"

"လာလေ မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့၊ ငါ့ဘာသာပဲ အင်တာနက် ဖွင့်ကြည့်တော့မယ်"

အင်း ... တစ်ခုခုတော့ လွဲချော်နေပြီ။

ညနေခင်းရောက်တော့ လရောင် လုံးဝ မမျှော်လင့်ထားသော သူတစ်ယောက်ကို တွေ့လိုက်ရသည်။

မိုးစက်ပွင့်။

ဟိုတစ်နေ့က တွေ့ခဲ့သည့် တောသူမပုံစံအတိုင်းဖြစ်၏။ အရောင်သာ ပြောင်းသွားသည်။ ပုံစံက မပြောင်း။

သူ့ကိုတွေ့တော့ မိုးစက်ပွင့်က ဝမ်းသာအားရ ပုံစံမျိုးနှင့် ပြေးလာပြီး ...

"တော်ပါသေးရဲ့၊ ကိုကို ရှိမှ ရှိပါ့မလားလို့"

"မိုးစက်ပွင့် ... မင်း ဘာလာလုပ်တာလဲ"

လရောင်က ဆေးဘီကို ဇွဲဇွဲအကဲခတ်လိုက်သည်။ မိုးစက် သိတာပေါ့။ မိုးစက်နဲ့ စကားပြောတာကိုပဲ တစ်ယောက်ယောက် တွေ့သွားမှာ စိုးရွံ့နေသည့်ပုံ။





လရောင် ဖြစ်ပျက်နေတာကို ကြည့်ပြီး မိုးစက် ရယ်ပြီးရင်း ရယ်ချင်နေမိသည်။ လရောင်အကြောင်း မိုးစက်က အကုန်လုံး သိနေတော့လည်း အခက်သား။

လရောင် ဘယ်အချိန်မှာ ဘာလုပ်လေ့ရှိသည်ဆိုသော အချက်အလက်ကအစ မိုးစက် အားလုံးသိသည်။ ဒါကြောင့်လည်း ဒီကို ဒီပုံစံနှင့် တမင်သက်သက် လာခဲ့တာဖြစ်၏။

"ဒီအချိန်က ကိုကိုတို့ သင်တန်းရဲ့ ဘရိတ်တိုင်းမဟုတ်လား၊ အဲဒါ ကိုကို ဗိုက်ဆာနေမှာစိုးလို့ မုန့်လာပို့ပေးတာ"

သူများတွေအမြင်မှာတော့ ဒါက စေတနာ ဖြစ်ပေလိမ့်မည်။ သို့သော် မိုးစက်က သူ့ကို အဆိပ်တွေနဲ့ ကျွေးနေခြင်းသာဖြစ်၏။

"မလိုပါဘူး၊ မင်းကို အပိုတွေ မလုပ်ဖို့ ပြောထားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ အခန်းဝမှာ ပြုံတစ်ပြုံတစ် ချောင်းနေတာမြင်တော့ ပိုဆိုးသွားသည်။ သွားပြီ။ မိုးစက်ပွင့်သာပြန်သွားလျှင် သူတော့ သေချာပေါက် အမေးခံရပြီ။

"ဩော် ... အပိုအလုပ် ဘယ်ဟုတ်ပါ့မလဲ ကိုကိုရယ်၊ ကျွန်မလည်း လမ်းကြုံတာနဲ့ ကိုကို့ကိုလည်း သတိရတာနဲ့ ဝင်ပြီးလာပို့လိုက်တာပါ"

မိုးစက်ပွင့် ဆက်ပြီး လေရှည်နေမှာကို လရောင် စိုးရိမ်တာကြောင့် ...

"အိုကေ ... အိုကေ ... ကျေးဇူးပဲ၊ ယူထားပြီး စားလိုက်မယ် ဟုတ်ပြီလား၊ ပြန်တော့ ... ပြန်တော့၊ ငါလည်း အချိန်မရှိတော့ဘူး၊ သင်တန်းပြန်စတော့မယ်"

သူ့ ဒီလောက် စိတ်အနှောင့်အယှက် ဖြစ်သွားတာနဲ့ပဲ မိုးစက် ကျေနပ်ရမှာလား။ မိုးစက်ရင်းထားရတာ အများကြီး မိုးစက်ရဲ့ သိက္ခာတွေ၊ မာနတွေ၊ အချိန်တွေ အို ... အများကြီးမှ အများကြီးပဲ။





"မပြန်တော့ဘူး ကိုကို၊ ကိုကို သင်တန်းဆင်းဖို့လည်း တစ်နာရီလောက်ပဲ လိုတော့တာမဟုတ်လား။ ဒီမှာပဲ ထိုင်စောင့်နေလိုက်တော့မယ်၊ အပြန်ကျရင် ကိုကို ကျွန်မကို လိုက်ပို့ပေးလေ၊ ကျွန်မမှာ ကားမပါဘူး ကိုကို"

"ဟာ ... မစောင့်နဲ့ ... မစောင့်နဲ့၊ အပြန်ကျရင် ငါ သွားစရာရှိသေးတယ်"

လရောင် တူးတူးခါးခါး ငြင်းဆိုလိုက်ပေမဲ့ မိုးစက် ခြေဘူ[illegible]ါ။

"ရပါတယ် ကိုကို၊ ကိုကို သွားစရာရှိတာ သွားပါ၊ ကျွန်မ လိုက်ခဲ့ပေးမယ်၊ ကိုကိုလည်း အဖော်ရတာပေါ့"

မိုးစက်က ဧည့်ခန်းမှာရှိသော ဆက်တီတစ်ခုမှာ [illegible]ကျေနပ် ဝင်ထိုင်လိုက်သည်။

လရောင် ဘာလုပ်ရမှန်းမသိအောင် ပျာယာခတ်သွား [illegible]သည်။

www.burmeseclassic.com



သင်တန်းမှာရှိသောသူ အားလုံးသာ-သူနှင့် မိုးစက်ပွင့်ကို တွဲပြီး မြင်လိုက်လျှင် အရင်က တင်းထားသမျှ သူ့သိက္ခာတွေ အာတန်ဖိုးမှ ရှိတော့မည် မဟုတ်။

"ဒါဆိုရင်လည်း မင်း ကားပေါ်ကပဲ စောင့်နေတော့၊ ဒီမှာ ကားသော့ ယူသွားချည်"

"ဟုတ်ကဲ့ ကိုကို"

မိုးစက်သည် စကားနားထောင်သော ကလေးတစ်ယောက်လို ခေါင်းလေးညိတ်ကာ ကားသော့ယူပြီး ဆင်းလာခဲ့သည်။

မိုးစက် ထွက်သွား၍ လရောင် သက်ပြင်းတောင် မချရသေး ...

"လရောင် ... ဘယ်သူလဲကွ၊ မင်းနဲ့ အတော်ရင်းနှီးတယ်ထင်တယ်၊ မုန့်တွေ ဘာတွေ လာပို့ပေးတယ်ဆိုတော့ အဆင့်က မသေးလှဘူး"





"တော်စမ်းပါကွာ၊ ငါနဲ့ ဘာမှ မဟုတ်သက်ပါဘူး၊ ရော့... ဒီမုန့်တွေ မင်းတို့ စားပစ်လိုက်"

လရောင်က သူ့အပေါ် ကျရောက်လာမည့် မေးခွန်းအွကို ရှောင်ရှားပစ်လိုက်သည်။ စိတ်ထဲမှာလည်း မိုးစက်ပွင့်ကို အရှန့်ကြိတ်ပစ်ချင်လောက်အောင် ဒေါသထွက်နေမိသည်။

သင်တန်းဆင်းတော့ မိုးစက်ပွင့်ကို တင်ပြီး ကားကို ချကြမ်း မောင်းလာခဲ့မိသည်။

"ဖြည်းဖြည်းမောင်းပါ ကိုကိုရဲ့၊ ကျွန်မ ကြောက်တယ်"

သူ စကားတစ်ခွန်းမှ ထပ်မဆိုမိ။ မိုးစက်ပွင့်တို့ ခြံရောက်တော့ ကားဘရိတ်ကို ခပ်ကြမ်းကြမ်း အုပ်ချလိုက်သည်။

ကားပေါ်က ဆင်းနေသော မိုးစက်ပွင့်ကို သူ ခေါ်ပြီး သတိပေးလိုက်သည်။

"ဒီမှာ မိုးစက်ပွင့် ... မင်းကို ငါ သတိပေးလိုက်မယ်၊ နောက်ထပ်တစ်ခါ ဒီလိုအချိုးမျိုး ထပ်မချိုးပါနဲ့၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မကြိုက်ဘူး၊ စေတနာလည်း မထင်ဘူး၊ နားလည်လား"

မိုးစက်သည် ဘာမှ မဖြစ်သလို ကားပေါ်က ဆင်းပြီး အရေခွံပူနေသော အပြုံးနှင့် ...

"ကိုကို ကျွန်မကို မတားနိုင်ပါဘူး၊ လူကြီးတွေ စီစဉ်ထားတဲ့ ကိစ္စကို ဖျက်နိုင်ရင်တော့ တစ်မျိုးပေါ့"

လရောင်ကို ထားရစ်ခဲ့သော မိုးစက် ခြေလှမ်းများသည် ကောင်းကင်တစ်ခုကို အပိုင်စားရသလို ဝင့်ကြွားနေလေ၏။

✣ ◯ ✣





လရောင်ဆီမှ ဖုန်းဝင်လာတော့ မိုးစက် မအံ့ဩမိပါ။ တစ်နေ့နေ့မှာ သူ့ဆီမှဖုန်း မိုးစက်ဆီ ရောက်လာပေလိမ့်မည်။ ပြီးလျှင် သူသည် မိုးစက်ကို ထိခိုက်စေမည့် စကားတွေ ပြောပေဦးမည်။

"မင်းနဲ့ ငါနဲ့ အရင်က တစ်ခါတွေ့ခဲ့ဖူးတဲ့ ကန်စပ်နားကိုပဲ လာခဲ့၊ ငါ အဲဒီမှာ စောင့်နေမယ်"

မိုးစက်သည် ဓာတ်သိမ်းတစ်ခုကို ကြံပြီး စဉ်းစားမိသော မျက်ရှင်သွားသည်။ လရောင် အမြင်မှာတော့ မခမ်းနားသည့် ဓာတ်သိမ်းတစ်ခုပေါ့။



www.burmeseclassic.com

နောက်ကွယ်ကနေ မိုးစက် ဟားတိုက်ရယ်မောနေ

မပေလိမ့်မည်လို့ လရောင် တွေးမိလိမ့်မည်မဟုတ်။

ချိန်းဆိုထားသော နေရာကို မိုးစက် ရောက်တော့

သူက ရောက်နှင့်နေပြီ။

ကားကိုမှီပြီး လက်ပိုက်ကာ ရပ်နေသော သူ့အသွင်

သည် အဝေးကနေပင် သိသာကြည့်ကောင်းလွန်းစွာ တောက်ပ

နေ၏။

မိုးစက်သည် တမင်သက်သက် နာရီဝက်နောက်ကျ

ပြီးမှ ရောက်လာသဖြင့် စိတ်ဆိုးကာ နီမြန်းနေသော သူ့မျက်နှာကို

မြင်လိုက်ရသည်။

"နောက်ကျလှချည်လား၊ မင်းကို ငါ စောင့်နေတာ နာရီ

ဝက်တိတိ ရှိသွားပြီ"

"ဆောရီး ကိုကို၊ ကျွန်မ အလှပြင်တာ နည်းနည်းကြာ

သွားတယ်"





မိုးစက်ကို လရောင် သေချာကြည့်ပြီး နှာခေါင်း

သည်။ မျက်ခွံပေါ်မှာ တင်ထားသည့် မြာနှမ်းနှမ်းအရောင်

နှုတ်ခမ်းနီရဲရဲ တစ်စက်လေးမှ လိုက်ဖက်မှုမရှိ။

ဒီကြားထဲ နဖူးပေါ်ချထားသည့် ဆံပင်ကလည်း

နှင်းက ခေတ်စားခဲ့သည့် ပန့်ကေလိုလို ဘာလိုလိုနှင့် ဖွာဖွာ

ကောက်။

ဒီလိုပုံစံထွက်ဖို့ကို အချိန်ပေးပြီး ပြင်လာသေးသည်

အံ့ရော ... အံ့ရော။

လူရှင်းသည့်နေရာရွေးချိန်းမိတာ တော်ပါသေးရဲ့ဟု

ခင် စိတ်သက်သာစွာ တွေးမိသည်။

"အချိန်လေးဘာလေး နည်းနည်းပါးပါး လေးစားမှပေါ့"

"ဩော် ... ကိုကိုရယ်၊ ကိုကိုက ယောကျ်ားလေးပဲဟာ၊

ကျွန်မကို နာရီဝက်လောက် စောင့်ရလို့ ဘာဖြစ်သွားမှာ

လဲ"

www.burmeseclassic.com



လရောင်သည် မိုးစက်ပွင့်ဆီမှ ချွဲပျစ်နေသော အ…
ကို ခံရခက်စွာ ကြားနေရသည်။

"ဒီမှာ မိုးစက်ပွင့် … မင်းကို ငါ ပြောမယ်၊ မင်းနဲ့ ငါ…
ဘာမှ မပတ်သက်ဘူး၊ ငါ့ကို အဲဒီလေသံနဲ့ မပြောနဲ့"

"ကျွန်မက ဒီလိုပဲ ပြောတတ်တယ်လေ ကိုကိုရဲ့၊ ကို…
လည်း သိရဲ့သားနဲ့"

မိုးစက်ပွင့် လေသံက လွန်ခဲ့သော ဆယ့်ငါးနှစ်…
တည်းက သူနှင့် ရင်းနှီးကျွမ်းဝင်နေသလိုလို။ မနေ့တစ်နေ့က…
တွေ့သည်ဆိုတာ ဒီကောင်မလေး မေ့များမေ့နေသလား။

"မိုးစက်ပွင့် မင်းကို ရှင်းရှင်းပြောမယ်၊ သေချာနားထောင်…
မင်းကို ငါ လက်မထပ်နိုင်ဘူး၊ မင်း စိတ်လျှော့လိုက်တော့"

နောက်ဆုံးတော့ မိုးစက် မျှော်မှန်းထားသည့် …
တိုင်သို့ ရောက်ရှိလာခဲ့ပြီ။ အောင်ပန်းဆွတ်ခူးနိုင်ဖို့သာ လို…
သည်။





"ကိုကို ဒါ ကိုကို့ သဘောတစ်ခုတည်းနဲ့ မပြီးဘူးလေ၊
လူကြီးတွေသဘောထားက ရှိသေးတယ်လေ"

အာပဲဖြစ်ဖြစ် ရင်ဆိုင်လိုက်တော့မည်ဟု လရောင်
…ဖြတ်ထားသည်။ မိုးစက်ပွင့်နှင့် လက်ထပ်ရမှာထက်စာလျှင်
…အရာအားလုံးက သာလွန်ပေလိမ့်မည်။

မိုးစက်သည် အမှုအရာပိုသော အပြုံဖြန်းလေးတစ်
…ကလို ခါးလေးကိုနွဲ့ပြီး ခြေလေးကို ဆောင့်ကာ …

"အို … မဖြစ်နိုင်ပါဘူး၊ ကျွန်မ သဘောမတူဘူး ကိုကို"

"ဘာဖြစ်လို့လဲ"

"လူကြီးတွေ ကောင်းမယ်ထင်လို့ စီစဉ်တာကို ကျွန်မ
မငြင်းချင်ဘူး ကိုကို"

ထိုခဏမှာပင် လရောင် နှုတ်ခမ်း၌ မာနကြီးသော
…ပြုံးတစ်ခုကို မိုးစက် တွေ့လိုက်ရသည်။ မိုးစက်ရဲ့ အတွင်းစိတ်
…ကို သူ သိနေပါသည်ဆိုသော ပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေကို မငြင်းချင်တာလား၊ မင်းစိတ်ကို

မငြင်းချင်တာလား"

မိုးစက်ပွင့် သူ့ကို ငြိတွယ်လျှင်တော့ မှားပေ

မည်။ ဘာအဖြေမှ မပေးဘဲ ငြိမ်သက်နေသော မိုးစက်ပွ

လရောင်က သနားသလို တစ်ချက်ကြည့်ပြီး ...

"ငါ့ကို မငြိတွယ်စမ်းပါနဲ့ မိုးစက်ပွင့်၊ ငါ မင်းကို

စိတ်မဝင်စားဘူး"

မိုးစက်ပွင့် သူ့ကို စိတ်ကုန်သွားအောင် တ

တည်း အပြတ်ပြောထားမှုဖြစ်မည်။ လူကြီးတွေ စသည့် ဇာတ်

မှာ သူမလေး ကိုးလိုးကန့်လန့် ပါလာတာတော့ စိတ်မကောင်

"မင်း သိပါတယ် မိုးစက်ပွင့်၊ ဒီကိစ္စက လူကြီး

စတင်ခဲ့တဲ့ ဇာတ်လမ်းပါ၊ ငါတို့ လူငယ်တွေရဲ့ သဘော

တစ်ခုမှ မပါဘူး။ နှစ်ဦးနှစ်ဖက်ရဲ့ အချစ်မပါဘဲ ဘဝ

လမ်းကို အတူတူ လျှောက်လှမ်းဖို့ဆိုတာ မဖြစ်နိုင်





မိုးစက်သည် လူကြီးတွေ၏ အသုံးချခြားစာခံ၊ သူ့

ကို ကြိုက်နှစ်သက်နေသည့် မိန်းကလေးတစ်ယောက်အဖြစ် သရုပ်

ဆောင်ရတာ ဝင်ပန်းလှပြီ။

ခြေမွခံရသည့် မိုးစက်ရဲ့ သိက္ခာတွေလည်း မနည်းလှ

တော့။

နောက်ဆုံးအနေနဲ့ ဟာန်ဝါပါ သရုပ်ဆောင်လိုက်လျှင်

တော့ ပြီးပါပြီ။

ဆက်ရန် ဇာတ်လမ်း မရှိတော့ပါ။

"ကိုကိုက ကျွန်မကို လက်မထပ်ချင်ဘူးပေါ့"

"ဟုတ်တယ်"

"ကျွန်မကို လက်မထပ်ရမှ ကိုကို စိတ်ချမ်းသာမယ်ပေါ့"

"ဟုတ်တယ်"

မိုးစက်သည် မျက်ရည်လေး မဖြစ်မညစ်ကို အတင်း

ညှစ်ထုတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကိုကိုမှ ကျွန်မကို လက်မထပ်ချင်တာ ဘာတတ်နိုင်မှာလဲ၊ ကိုကို စိတ်ချမ်းသာအောင် ကျွန်မ လိုက်လျောပါမယ်"

လရောင်သည် ဒီတစ်ခါတော့ အကြီးအကျယ် အံ့အားသင့်သွားသည်။

မိုးစက်ပွင့် အသည်းအသန် ငြင်းဆိုလိမ့်မည်ဟု သူ ထင်ထားခဲ့သည်။ အခုတော့ ဒီလိုမဟုတ်။

မျက်ရည်ဝဲလည်လည်နှင့် သူမကို လရောင် သနား သလိုတောင် ဖြစ်သွားသည်။

"ငါ စိတ်မကောင်းပါဘူး မိုးစက်ပွင့်"

"ရပါတယ် ကိုကို၊ ကျွန်မအတွက်က အရေးမကြီးပါဘူး၊ ကိုကို စိတ်ချမ်းသာရင် ပြီးတာပဲ"

ကြည့်စမ်း ... မိုးစက်ပွင့် ဒီလောက်စိတ်သဘောထား ပြည့်ဝမယ်လို့တောင် သူ မထင်ထားခဲ့။ မိုးစက်ပွင့်၏ ပုံစံနှင့် စိတ်ထား ကွာဟနေတာကို သူ သတိပြုကာ ချီးကျူးမိသွားသည်။





"ဒါပေမဲ့ ကိုကို တစ်ခုတော့ တာဝန်ယူပါ၊ လူကြီးတွေ ပြောရင် ကျွန်မ အပြစ်မရှိဘူးနော်"

"ဟုတ်တာပေါ့၊ လူကြီးတွေကိစ္စ ငါပဲ တာဝန်ယူဖြေရှင်း လိုက်မယ်၊ မင်းအပြစ် မဖြစ်စေရဘူး"

မိုးစက်သည် မျက်ရည်များကြားမှ သဘောကျစွာ ပြုံးလိုက်လေသည်။ နောက်ဆုံးတော့ မိုးစက် လက်ထဲသို့ အောင် သံရောက်ရှိလာခဲ့ပြီ။

ဒီကွဲကွာမှုမှာ မေမေ မိုးစက်ကို အပြစ်ပြောစရာ ရှိတော့။

"ကိုကို တာဝန်ယူရင် ပြီးတာပါပဲ၊ ဩော် ... ကိုကို ပြန် ရင် ပြန်နှင့်နော်၊ ကျွန်မ ခဏလောက် နေချင်သေးတယ်"

"မိုးစက်ပွင့် ကားမပါဘူး မဟုတ်လား၊ လိုက်ပို့ပေးမယ် လေ"

သူ့အမြင်မှာ မိုးစက်က သနားစရာ မိန်းကလေး ဖြစ်နေမှာ အသေအချာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရတာယ် ကိုကို၊ လိုက်မပို့နဲ့တော့၊ မိုးစက် ကိုယ့်ဘာသ

ပြန်မယ်"

မိုးစက်ပွင့်ကို ထားပြီး လရောင် တစ်ကိုယ်

ပေါ့ပါးလန်းဆန်းနေသည်။ ခေတ်လမ်းတစ်ခုတော့ သိမ်းသွာ

ပြီ။

❖ ◎ ❖





"ကျွန်တော် ဖေဖေ့ကို စောင့်နေတာ၊ ဒီနေ့ ဖေဖေ အိပ်ရာထ နောက်ကျတယ်နော်"

"ပုံမှန်အချိန်ပါပဲကွာ"

မနက်စောစောစီးစီး လရောင်က ကော်ဖီသောက်ဖို့ စောင့်နေသည်ဆိုကတည်းက တစ်ခုခု ထူးခြားပြီဆိုတာ ဦးသိန်းနိုင် သိလိုက်သည်။

"ပြောစရာရှိလို့ ဆိုပါတော့၊ ဟုတ်တယ် မဟုတ်လား၊ ဆိုပါဦး"

"မိုးစက်ပွင့်နဲ့ ကျွန်တော် တွေ့ပြီးသွားပြီ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ချစ်စရာလေး မဟုတ်လား"

လရောင်သည် သူ မြင်ခဲ့ရသော မိုးစက်ပွင့် ပုံစံ ကို ပြန်တောင် မစဉ်းစားချင်။ ပြန်စဉ်းစားလျှင်တောင် အတော်စိတ်ညစ်ရသည်။

"စိတ်မကောင်းပါဘူး ဖေဖေ၊ ကျွန်တော် သူ့ကို လုံးဝ စိတ်မဝင်စားဘူး"

လရောင်၏ နောက်ဆုံးပန်းတိုင်မှ ဒီစကားထွက်လာလိမ့်မည်ဆိုတာ ဦးသိန်းနိုင် မျှော်လင့်ထားပြီးသား။

"ဟုတ်လား၊ ဆိုစမ်းပါဦးကွ ဘာဖြစ်လို့လဲ"

အသေးစိတ်နိုင်လှသော ဖေဖေ့ မေးခွန်းတွေကို ဖြစ်နိုင်လျှင် သူ မဖြေချင်ပါ။ သို့သော်လည်း ရှောင်ရှား၍လည်း မရနိုင်။

"သူက စိတ်ဝင်စားဖို့ မကောင်းဘူး ဖေဖေ"

"ဟုတ်လား၊ ဘယ်နေရာတွေလဲ"





"ဟာ ... ဖေဖေကလည်း"

"ဟုတ်တယ်လေ၊ မင်းတလည်း ရှင်းရှင်းလင်းလင်း ပြောမှပေါ့"

လရောင်တစ်ယောက် အိမ်ထောင်ပြုဖို့ သူ အတော်ကြီး သိမ်းသွင်းရဦးမည်။

"ဒါဆိုရင်လည်း ဖေဖေ့ကို ကျွန်တော် ပြန်မေးမယ်၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို စိတ်ဝင်စားဖို့ အဲဒီမိန်းမမှာ ဘာအချက်တွေ ရှိသင့်သလဲ"

ဒီတစ်ခါတော့ ဦးသိန်းနိုင် အကျပ်တွေ့သွားသည်။ လရောင်က အနိုင်ရလိုက်သလို ပြုံးနေတာကိုလည်း ဦးသိန်းနိုင် မခံချင်။

"ယောကျ်ားတစ်ယောက်နဲ့ တစ်ယောက် သတ်မှတ်သာ ဘယ်တူပါ့မလဲကွ၊ တချို့မိန်းမတွေက လှပေမဲ့ စိတ်ဝင်စားဖို့ မကောင်းဘူးကွ၊ တချို့မိန်းမတွေက မလှပေမဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားဖို့ကောင်းတယ်ကွာ၊ ဘယ်လိုပြောရမလဲ၊ သူတို့မှာ Attraction တစ်မျိုးမျိုး ရှိနေသလိုပဲ”

“ဒါဆိုရင် မိုးစက်ပွင့်က ဘယ်အမျိုးအစားထဲမှာ ပါလဲ ဖေဖေ”

လရောင် ပါမှန့်ကို စိမ်ပြေနပြေဝါးရင်း မေးခွန်းတစ်ခုနှင့်အတူ ဖေဖေ့ကို ချောင်ပိတ်ဖမ်းလိုက်သည်။

လရောင် စိတ်ကူးတာက မေးခွန်းများစွာနှင့်အတူ ဖေဖေ လက်လျှော့သွားဖို့ဖြစ်၏။

မလွယ်ကူမှန်း သိပေမဲ့ လရောင် ကြိုးစားမှ ဖြစ်မည်။

“လရောင် မိုးစက်ပွင့်ကို ဘယ်အမျိုးအစားထဲမှာ ပါလဲ ဆိုတာ မင်း ပြောရမှာလေ”

ဦးသိန်းနိုင် သားဖြစ်သူကို အကဲခတ်လိုက်သည်။ မနက်စောစောစီးစီး မိုးစက်လေး အကြောင်း အားတက်သရော





ဆွေးနွေးနေသည်။ အခိုကက ဒီကောင်မလေးနဲ့ လွဲဖို့ ဖြစ်ပေလိမ့်မည်။

ဦးသိန်းနိုင်ကလည်း ဘယ်ဘဝကရေစက်ပါလာသလဲမသိ။ မိုးစက်လေးကို မြင်မြင်ချင်း သမီးလေးတစ်ယောက်လို ချစ်ခင်မိသည်။

မိန်းမတွေကို အထင်သေးသလို မြင်တတ်သော သားဖြစ်သူကို ဒီကောင်မလေးက ပြောင်းလဲပေးနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

“ကျွန်တော့်ကို ပြောခိုင်းတယ် ဆိုရင်တော့ ပြောမယ်၊ ဖေဖေ စိတ်တော့မဆိုးနဲ့၊ မိုးစက်ပွင့်က လှလည်း မလှဘူး၊ စိတ်ဝင်စားဖို့လည်း မကောင်းဘူး၊ သူက ဖေဖေ ပြောတဲ့ အမျိုးအစားနှစ်ခုစလုံးမှာ မပါဘူး”

“ဟာ … မင်းဟာကလည်း ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ဖေဖေရဲ့၊ ကျွန်တော် အပိုပြောတာ မဟုတ်ဘူး၊ သူ့ပုံစံကို ဖေဖေ မမြင်လို့၊ မြင်ရင် စိတ်ပျက်သွားမယ်"

"ငါ မြင်ဖူးတာပဲကွာ၊ မဟုတ်ပါဘူး"

ဦးသိန်းနိုင် မြင်နေကျပုံစံနှင့် လရောင် မြင်နေကျပုံစံ ကွာဟနေတာကိုတော့ သူတို့နှစ်ယောက်လုံး မသိ။

● မျက်လုံးပြူးပြူးနှင့် ချစ်စရာ ကောင်မလေးကို လရောင်က စိတ်ပျက်စရာပါဟု တတွတ်တွတ် ရေရွတ်နေတာ ဦးသိန်းနိုင် စဉ်းစားမရ။

"ပြီးတော့ ... ကျွန်တော့်ကို ကိုကိုလို့လည်း ခေါ်သေးတယ်"

"အဲဒါ ကောင်းတာပေါ့ကွာ"

"မကောင်းပါဘူး၊ သူနဲ့ ကျွန်တော်နဲ့က တွေ့တာမှ တစ်ခေါက်ပဲ ရှိသေးတယ်၊ ကိုကိုလို့ တန်းခေါ်တော့တာပဲ၊ စိတ်ပျက်စရာကောင်းလိုက်တာ"





"ဘာစိတ်ပျက်စရာကောင်းလို့လဲ၊ အဲဒါ ကောင်းတာပေါ့ကွာ၊ နောက်ဆိုရင် မင်းကို ဟိုလိုခေါ်ပါ၊ ဒီလိုခေါ်ပါ ပြောစရာ မလိုတော့ဘူးပေါ့"

မိုးစက်ပွင့်အပေါ် အကောင်းမြင်လွန်းနေသော ဖေဖေ့ကို လရောင် သွယ်ဝိုက်ပြီး ပြောနေ၍ မရတော့။

"ဖေဖေ ခဏလေး ... ခဏလေး ... ကျွန်တော် ပြောပါရစေဦး၊ ဖေဖေတို့ လူကြီးတွေ စီစဉ်တဲ့ ကိစ္စကို ကျွန်တော်တို့ သဘောမတူဖို့ ဆုံးဖြတ်ပြီးသွားပြီ"

"ကျွန်တော်တို့ဆိုတာ"

"ကျွန်တော်ရော မိုးစက်ပွင့်ရော နှစ်ယောက်စလုံးပါ ဖေဖေ"

ဦးသိန်းနိုင်တစ်ယောက် ကော်ဖီပန်းကန်ကို ချပြီး တွေခနဲ ငြိမ်သက်သွားသည်။ လရောင်နှင့် ပတ်သက်ပြီး သူ ဖြစ်ချင်သလို ဖြစ်မလာသည့်အတွက် စိတ်မကောင်း။

လရောင်သည် ဖေဖေ့ကို ကြည့်ပြီး မညာရက်သလို နှုတ်များကနေ အလိုလို ဝန်ခံမိရက်သား ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ ဒီကိစ္စက မိုးစက်ပွင့်နဲ့ မဆိုင်ပါဘူး ဖေ

ကျွန်တော် အတင်းပြောလို့ သူ့ သဘောတူရတာပါ"

ဒီတော့ ဦးသိန်းနိုင် နည်းနည်းပြန်ပြီး အားတ

သွားသည်။ လရောင်ရဲ့ သဘောထားတစ်ခုတည်းနှင့် ဆိုလျှင်

မဖျက်ပြယ်နိုင်သေး။

"အဲဒီတော့ မင်းရဲ့ သဘောထား တစ်ခုတည်း ဆို

တော့"

"ဟုတ်ကဲ့"

"ကောင်းပြီလေ၊ မင်း စိတ်မပါတဲ့ကိစ္စကို ဖေဖေကလည်

အတင်းမစီစဉ်ချင်ပါဘူး၊ ဒါပေမဲ့ ဒီကိစ္စကိုလည်း ဖေဖေ

မပျက်စေချင်ဘူး၊ ဒီတော့ ဒီကြားထဲမှာ မင်းတို့ အချင်းချ

ထပ်ပြီး ရှေ့လာကြပါ၊ အချိန်အကန့်အသတ် မရှိပေ"

"မဖြစ်နိုင်တော့ပါဘူး ဖေဖေ၊ ကျွန်တော်တို့ တစ်ယော

နဲ့တစ်ယောက် ရှေ့လာခဲ့ပြီးပြီပဲ"





သရဲမလေးနှင့်တူသော ပုံပျက်ပန်းပျက်နိုင်လှသည့်

စက်ပွင့်နှင့် သူ့ ထပ်ပြီး ရင်မဆိုင်ချင်တော့။

ဦးသိန်းနိုင်က ဝါးခနဲ သမ်းလိုက်ပြီး ...

"အခု အသစ်ခန့်လိုက်တဲ့ စက္ကူတေရီကောင်မလေးက

ချောမှချောကွာ၊ ဖေဖေ ကြိုက်တဲ့ ပုံစံမျိုးပဲ"

လရောင် တွန့်ခနဲ ဖြစ်သွားသည်။

"ကောင်းပြီလေ၊ ကျွန်တော် သဘောတူတယ်၊ ဒါပေမဲ့

ဒီတစ်ခါမှ မထူးရင်တော့ ဖေဖေ လက်လျှော့ရလိမ့်မယ်"

"အိုကေ"

❖ ◉ ❖



www.burmeseclassic.com

www.burmeseclassic.com



အစုမ့်ပဲ လရောင် စိတ်တွေ ပေါ့ပါးလန်းဆန်းသွာ
တော့သည်။ သူ့ကို ချည်နှောင်ထားသည့် ဘာတာဝန်မှ
တော့။

သူငယ်ချင်းတွေနှင့် တွေ့နေကျ ကော်ဖီဆိုင်လေ
မှာ ဒီတစ်ခါတော့ သူက အတက်ကြွဆုံး ဖြစ်နေသည်။

"ဆိုစမ်းပါဦး၊ စိတ်ညစ်နေတယ်လည်း ပြောသေးတယ်
မင်း အသံချည်းပါပဲလား"

"ပြီးသွားပြီလေ၊ စိတ်ညစ်စရာတွေ မရှိတော့လို့ မင်းတို့
ဆီ ရောက်လာတာပေါ့"





သူတို့ သူငယ်ချင်းတွေကြားထဲမှာ ဘယ်အရာမှ
ယ်မှ မရှိတာကြောင့် လရောင်က ဖေဖေကို သူနှင့် မိုးစက်ပွင့်
ကြောင်း ပြောပြဖြစ်သွားသည်။ အထူးသဖြင့် မိုးစက်ပွင့်ဆို
သာ သူမအကြောင်းဖြစ်၏။

"ဒါဆိုရင် ကောင်မလေးက ရုပ်ဆိုးတယ်ပေါ့"

"အဲသလို ပြောလို့ရတယ်၊ ပထမတစ်ခါ တွေ့တဲ့ပုံစံကို
တော့ ငါ မမှတ်မိတော့ဘူး၊ နောက်ပိုင်းတွေ့တဲ့ပုံစံတွေ
ကတော့ တော်တော်လေး ကြည့်ရဆိုးတယ်၊ ကျော်ကျော်
မြင်ဖူးတာပဲ၊ မေးကြည့်ပါလား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဥမ္မာဒန္တီ နဲ့တောင် မှားလောက်
တယ်"

ကျော်ကျော့်စကားကြောင့် အားလုံးက ဝိုင်းရယ်လိုက်
ကြသည်။ သူကိုယ်တိုင်ကလည်း အဝါရောင်တောက်တောက်နှင့်
က်ပွင့်ကို မြင်ယောင်မိတာကြောင့် အားရပါးရ ရယ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... တိုးတိုး၊ သူများတွေ အနှောင့်အယှက်ဖြစ်ကုန်မယ်"

သူတို့ သူငယ်ချင်းတွေကြားထဲမှာ အသက်အကြီးဆုံးဖြစ်သော ကိုကြီးတိုးက သတိပေးသည်။

"ကိုကြီးတိုးကလည်း ရပါတယ်ဗျာ"

ကော်ဖီဆိုင်လေးက အေးချမ်းလှသည့်အပြင် ဖျတစ်ရပ်ကျော်ကျော်ရှိသော ဆီဖာထိုင်ခုံကြီးတွေကြောင့် တစ်ဝိုင်းနှင့်တစ်ဝိုင်း မမြင်ရပေ။

"နေစမ်းပါဦး လရောင်ရဲ့ အဲဒီကောင်မလေးက မင်းကို တော်တော်ငြိတယ်ပေါ့"

"ဟုတ်တယ်ကွာ၊ ငါ့ကို တော်တော်လေး သဘောကျတယ်ထင်တယ်၊ ငါ သူ့ကို စိတ်မဝင်စားဘူး ပြောတုန်းက မျက်ရည်တွေတောင် ဝဲနေတာယ်"

"သနားပါတယ်ကွာ"





လရောင်၏ နောက်ခံသမိုင်းမှာ မိန်းကလေးတစ်ယောက်ကို သနားသည်ဆိုတာ မရှိခဲ့။ သနားစရာကောင်းလွန်းသည့် မိန်းမတွေကို မတွေ့ခဲ့တာသည်း ပါရင်ပါပေလိမ့်မည်။

"မင်းကကော သူ့ကို သဘောမကျဘူးလား"

"ဝေးသေး မြင်တာနဲ့တောင် စိတ်ညစ်တယ်၊ ဒီလိုပုံစံနဲ့သာ အတူနေရမယ်ဆိုရင် အင်း ... စဉ်းတောင်မစဉ်းစားရဲဘူးရာ"

လရောင်တို့ သူငယ်ချင်းတစ်သိုက်၏ စကားဝိုင်းသည် မိုးစက်ပွင့်အကြောင်းနှင့်သာ ဖုံးလွှမ်းနေ၏။ အခင်း ... အချိန်ဆို မိုးစက်ပွင့်လည်း လျှာကိုက်မိနေလောက်ပြီ။

"ဒီမှာ ... ဒီမှာ"

သူတို့ စကားဝိုင်း အရှေ့ကို ရောက်လာသော မိန်းကလေးကြောင့် သူတို့အားလုံး မော့ကြည့်မိသွားသည်။ ကောင်မလေးသည် သူတို့အားလုံးကို မကျေမနပ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လရောင်ကို စူးစိုက်မျက်မှောင်ကုတ်ကာ ကြည့်နေလေ၏။

စိတ်ဓာတ်အားပိုကလည်း အဆင့်အတန်း မြင့်သည်ပုံပေါက်သဖြင့် လရောင်တို့အားလုံး ဘာလဲဟူသည့် အသံတိတ်မေးခွန်းများနှင့် တိတ်ဆိတ်သွားလေ၏။

"ဒီမှာ ရှင်တို့ မိန်းကလေးတစ်ယောက် အကြောင်းနောက်ကွယ်မှာ ဒီလောက်ပြောရရင် တော်ရောပေါ့၊ ဟားတိုက်ပြီး ဝိုင်းရယ်နေတာတော့ မကောင်းပါဘူး"

ဘာလိုင်းကြီး ရန်တွေ့ခံနေသဖြင့် လရောင်တို့အားလုံး တစ်ခဏတော့ မှင်သက်မိသွားသည်။ သူမ တစ်ယောက်တည်းနှင့် လရောင်တို့ လေးယောက်ကို လာရန်တွေ့ရဲသည့် သတ္တိကမသေးလှ။

"မင်းနဲ့ ဘာဆိုင်လို့လဲ"

လရောင်ကလည်း ဒါမျိုးလာရင့်တာဆိုလျှင် မိန်းကလေးဖြစ်ပါစေ သည်းမခံတတ်။





"ကျွန်မ ရှင်တို့နောက်ဝိုင်းမှာ ထိုင်နေတာ အားလုံးကြားတယ်"

လူတစ်ရပ်နီးပါး မြင့်သော ဆိုဖာကြီးတွေကြောင့် အနောက်ဝိုင်းမှာ ထိုင်နေသော သူမကို မမြင်ခဲ့တာ ဖြစ်နိုင်သည်။

"အေးလေ ... အဲဒါ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မိုးစက်ပွင့်က ကျွန်မ သူငယ်ချင်း"

လရောင်တို့အားလုံး တိတ်ဆိတ်သွားကြသည်။ မာကျောကျောနိုင်လှသော သူမ မျက်နှာပေးကြောင့် အလျှော့မပေးဖို့ လရောင် ဆုံးဖြတ်လိုက်သည်။

မိုးစက်ပွင့် သူငယ်ချင်းဆိုတာနဲ့ပဲ သူက ကြောက်ဒူးတုန်ပြီး ငြိမ်ခံနေရတော့မှာလား။

"မင်းက မိုးစက်ပွင့် သူငယ်ချင်းဖြစ်နေတော့ရော ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ မိန်းမတစ်ယောက်အကြောင်း ဒီလောက်မပြော သင့်ပါဘူး၊ ပြီးတော့ မိုးစက်ပွင့်ကလည်း ရှင်ပြောတဲ့ မိန်းမမျိုး မဟုတ်ပါဘူး"

အခုမှပဲ မိုးစက်ပွင့်၏ရှေ့က ခံတပ်တစ်ခုကို တွေ့ ရှိတော့သည်။ လရောင်က မရယ်ချင်ဘဲနှင့် ဟတ်ခနဲရယ်ကာ ...

"ဟုတ်လား၊ ဆိုစမ်းပါဦး၊ မိုးစက်ပွင့်က ဘယ်လို မိန်းမ စားမျိုးလဲ"

"ဒီမှာ ဘုန်းလရောင်၊ ရှင့်ကိုယ်ရှင် သိပ်ပြီး အထင်ကြီး မနေနဲ့"

ဗွခ္ဓေါ။ သူ့နာမည်ကိုပါ သူမ သိနေပါလား။ သူ့ ရှေ့မှာ ရပ်နေသော သူမကို လရောင် အထင်မသေးရဲတော့။

"မိုးစက်ပွင့်က ရှင့်ကို ငြီးငွေ့တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမနေနဲ့၊ အဲဒါ မှားနေတယ်၊ ရှင့်ကို **မိုးစက်က** လုံးဝ မငြီးဘူး၊ နားလည်လား"





သူမ စကားလုံးများသည် သူ့အတွက် အဆန်း အကြယ် ဖြစ်နေ၏။ သူ လက်ခံခဲ့သော အခြေအနေနှင့် ဆန့်ကျင်ဘက် ဖြစ်နေလေ၏။

"မင်း ဘာတွေ လာပြောနေတာလဲ"

"အမှန်တွေပြောနေတာလေ၊ မိုးစက်က ရှင့်ကို လုံးဝ မငြီးငွေ့ဘူး၊ ရှင်နဲ့ လက်ထပ်ရမှာစိုးလို့ မုံပျက်ပန်းပျက် ပုံစံတွေ တမင်သက်သက်ဝတ်ပြီး ရှင် စိတ်ပျက်အောင် လုပ်ခဲ့တာ"

ထူးဆန်းလွန်းသော စကားတွေကြောင့် လရောင် အငိုက်မိသွားသလို မှင်သက်သွား၏။ သူ ကြုံတွေ့ခဲ့ရတာတွေက အမှန်တရား မဟုတ်ဘူးလား။

ဒါ မိန်းမတစ်ယောက်၏ လှည့်ဖြားချက်လား။ ကော်ဖီခွက်ကို ဆုပ်ကိုင်ထားသော သူ့လက်တွေသည် ပိုမိုတင်း ကျပ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ လက်ထပ်ရမှာစိုးလို့ ရှင် မုန်းတဲ့ ပုံစံတွေ ဖန်တီးပြီး တမင်သက်သက် လုပ်ပြခဲ့တာ နားလည်လား၊ မိုးစက်ရဲ့ ပင်ရင်းပုံစံက အဲဒီလိုပုံစံ မဟုတ်ဘူး"

ဒီစကားတွေသာ အမှန်ဆိုရင်တော့ မိုးစက်ပွင့်က သူ့ရဲ့ သိက္ခာ၊ သူ့ရဲ့မာနကို ခပ်လွယ်လွယ်လေး စော်ကားလိုက်တာသာဖြစ်၏။

လုပ်လီလုပ်လဲ့ အမူအရာနှင့် ကိုကိုဆိုသည့် ချွဲပျစ်ပျစ်ခေါ်သံ၊ ဒါတွေအားလုံးက သူ့ကို ရှောင်ရှားချင်သည့် မာယာတွေပဲလား။

"နောက်ကို ရှင်တို့ စကားပြောရင် ဆင်ခြင်ပြီး ပြောကြပါ၊ ကိုယ့်အထင်နဲ့ကိုယ် ရမ်းသမ်းပြီး ပြောတယ်ဆိုတာ ရှက်ဖို့ကောင်းပါတယ်ရှင်"

သူမ လှည့်ထွက်သွားချိန်မှာ ကျောက်ရုပ်ဖြစ်ပြီး ကျန်ခဲ့တာက လရောင် ဖြစ်နေ၏။ မိုးစက်ရဲ့ ငြိတွယ်ခြင်းအပေါ် သူ ဂုဏ်ယူခဲ့တာလား၊ စိတ်ပျက်ခဲ့တာလား သေချာမသိနိုင်အောင် ရှုပ်ထွေးခဲ့ပေမဲ့ နှစ်ခုစလုံးက ရှက်ဖို့ကောင်းနေသည်။

"လရောင် ဒါက ဘယ်လို ဖြစ်တာလဲ"

"ဘလိုင်းကြီး လာပြောသွားပါလား၊ ဒါ တကယ်ပဲလား လရောင်"

သူငယ်ချင်းတွေ မေးတာကို ပြန်မဖြေနိုင်လောက်အောင် လရောင် တကိုယ်လုံး ထူပူနေခဲ့သည်။

သူ့ကို လက်မထပ်ချင်လို့တဲ့။ သူက ဘာဖြစ်နေလို့လဲ။

မိုးစက်ပွင့်က သူ့ရဲ့ သိက္ခာတွေအားလုံးကို ဖွဲ့ခြွေချသွားသည်။

အမှန်ကို သိရဖို့အတွက် မိုးစက်ပွင့်ကို တွေ့ရမှာဖြစ်မည်။ မခံချင်စိတ်သည် လရောင်အား လျှင်မြန်သော အရှိန်အဟုန်တစ်ခု ဖြစ်စေ၏။







www.burmeseclassic.com

www.burmeseclassic.com



"လရောင် မင်း ဘယ်သွားမလို့လဲ"

"အမှန်တရားကို သွားရှာမလို့"

ဒီအချိန် မိုးစက်ပွင့် ဘယ်မှာရှိနေနိုင်လဲဆိုတာ လရောင် စဉ်းစားလိုက်သည်။

✣ ○ ✣





အင်တာနက်သင်တန်းတဲ့။

ဒီခေတ်ကြီးမှာ ဆန်းသစ်သော သင်တန်းတွေ အမျိုးမျိုး ပေါ်နေသလို တက်ရောက်သူတွေကလည်း လျှော့မသွား။

ခေတ်ကို ရင်ဘောင်တန်းလိုက်ချင်သူတွေအတွက် ဘယ်သင်တန်းမှ မျက်ခြည်ပြတ်စရာ မရှိ။

သင်တန်းတက်ဝါသနာပါသော မိုးစက်ပွင့်အနေနှင့် ကျောင်းအားချိန်တွေမှာ သင်တန်းတစ်ခုမဟုတ်တစ်ခု တက်နေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်ကတော့ အင်တာနက် ကြည့်တာတို့ သင်တန်းတစ်ခုလို တက်ရောက်နေကြသူတွေကို အံ့အားသင့်မိသည်။

လရောင် မှန်ပြတင်းကနေ အသာချောင်းကြည့်လိုက်တော့ မိုးစက်ပွင့်ကို ထင်ရှားစွာ တွေ့မြင်ရ၏။

ဆံနွယ်အားလုံးကို နဖူးအပြောင် စုစည်းထားသော မိုးစက်ပွင့် မျက်နှာလေးသည် ရှင်းလင်းစွာ ပေါ်လွင်နေ၏။ ဒါ့အပြင် ဘာမှ လိမ်းခြယ်ထားခြင်းမရှိသော မျက်နှာလေးက ဖူးမွှတ်နေ၏။

ဝတ်ထားသော တီရှပ်အဖြူပွပွလေးကလည်း သူမ ခန္ဓာကိုယ်ပေါ်မှာ ကြည့်ကောင်းတင့်တယ်နေလေသည်။

လရောင်နှင့် တွေ့ခဲ့သော လရောင်ဆီ လာခဲ့သော ဖြူးဖြူးပြီပြီ မိတ်ကပ်များနှင့် ပြာနှမ်းနေသော မိုးစက်ပွင့်ကို လရောင် ရှာမတွေ့။





သူ ရှာတွေ့ခဲ့တာက ကြည့်ကောင်းသော ကောင်မလေးတစ်ယောက်ဖြစ်၏။

ဒါဆိုရင် ကော်ဖီဆိုင်မှာ တွေ့ခဲ့သည့် သူမ ပြောတာမှန်နေပြီပေါ့။ လရောင်သည် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေကို ပြန်တွေးရင်း ရှက်နေမိသည်။

ဘာမှ မဟုတ်သော မိန်းမတစ်ယောက်၏ လှည့်ဖျားမှုကို ခံခဲ့ရသည်။ သူ့နောက်ကွယ်မှာ မိုးစက်ပွင့် ဘယ်လောက်များ ကျိတ်ပြီး ရယ်မောနေလိမ့်မလဲ။

မခံချင်စိတ်ကြောင့် လရောင်သည် မိုးစက်ပွင့်နှင့် မျက်နှာချင်းဆိုင်တွေ့ဖို့ ဆုံးဖြတ်လိုက်လေသည်။

သင်တန်းခန်းမထဲကို သူ မဝင်ချင်သောကြောင့် သင်တန်းမှ ဝန်ထမ်းလေးတစ်ယောက်ကို ခေါ်ခိုင်းမိလေသည်။

"ညီလေး မိုးစက်ပွင့်ကို တစ်ချက်လောက် ခေါ်ပေးပါ"

"ဘယ်သူလို့ ပြောလိုက်ရမလဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



လရောင်က သူ့ကို ပညာပေးခဲ့သော မိုးစက်ပွင့်ကို ပြန်ပြီး ပညာပေးလိုတာကြောင့် ...

"သူ့ရဲ့ ကိုကို အောက်မှာ ရောက်နေတယ်လို့ ပြောလိုက်ပါ။ အောက်မှာ စောင့်နေမယ်"

လရောင် အောက်ဆင်းလာသည့် အချိန်မှာ မိုးစက်ပွင့်က အင်တာနက်ထဲ ဝင်ကြည့်ပြီး အရှိန်တင်နေတုန်းဖြစ်၏။ ဈေးဝယ်လမ်းညွှန်ထဲ ဝင်ကြည့်ပြီး အားကျနေမိသည်။

"မိုးစက်ပွင့် ညွှိသည်ရောက်နေတယ်"

"ဘယ်သူလဲ"

မိုးစက် မော့မကြည့်ဘဲ ပြန်မေးလိုက်သည်။

"မမိုးစက်ပွင့်ရဲ့ ကိုကို ရောက်နေတယ်လို့ ပြောတာပဲ။ အောက်မှာ စောင့်နေမယ်တဲ့"

မိုးစက် ဆတ်ခနဲ မျက်လုံးပြူးသွားသည်။ ဘယ်က ကိုကိုလဲ။ မိုးစက်အကြောင်း သိနေသော သူငယ်ချင်းတွေကလည်း





[illegible]တ် တစ်ခုခုများ ခိုင်လျှိုလေးလုပ်ထားသလား ပုံစံမျိုးနှင့် [illegible]ကြသည်။

"ဟဲ့ ... မိုးစက် ဘယ်သူလဲ"

"မသိဘူးလေ"

"နင့် ကိုကိုဆို"

"ငါ့မှာ ဘာကိုကိုရှိလို့လဲ"

မိုးစက်သည် အခုချိန်ထိ လရောင်ကို မစဉ်းစားမိ[illegible]။ ပြီးဆုံးသွားပြီဖြစ်သော ဇာတ်လမ်းထဲမှာ လရောင်သည် [illegible]မှိန်မှိန်သာ ကျန်ရစ်တော့၏။

"နင် ငါတို့မသိအောင် ဘာတွေ ခြေရှုပ်ထားလဲ"

"မရှုပ်ထားပါဘူး ပပရယ်၊ ဘယ်သူမှန်းမသိလို့ စိတ်ညစ်ရတဲ့ကြားထဲ သွားကြည့်လိုက်ဦးမယ်၊ လိုက်မလား"

"မလိုက်တော့ဘူး၊ ဒီမှာ တန်းလန်းကြီး ပြန်လာရင် ဘယ်သူလဲဆိုတာ ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com



အဝင်လွယ်သလောက် အထွက်ခက်သော အင်
နက်ထဲကနေ ပပကလည်း ထွက်ချင်ပုံမပေါ်။

"အေးပါ ... အေးပါ"

ပယောဇ္ဈများစွာနှင့် အောက်ဆင်းလာတော့ အောက်
လက်ပိုက်ပြီး ခန့်ထည်စွာ ရပ်နေသော ဘုန်းလရောင်ကို တွေ့
လိုက်ရသည်။

မိုးစက်သည် အငိုက်မိသွားသလို ဖြစ်သွား
ချက်ချင်း ပြန်တက်ပြေးဖို့ ကြိုးစားမိသည်။

"မိုးစက်ပွင့် ဒါက ဘာလုပ်တာလဲ"

လှေကားတစ်ဝက်အထိ ဆင်းလာပြီးမှ ပြန်တက်
ရန်ပြင်နေသော မိုးစက်ပွင့်ကို လရောင် ခပ်မာမာလေး
ခေါ်ပစ်လိုက်သည်။

"ဩော် ... မဟုတ်ပါဘူး၊ ပိုက်ဆံအိတ် ကျန်ခဲ့လို့"

မိုးစက်က သူမ၏ ပင်ရင်းပုံစံနှင့် လရောင်
တွေ့ရမှာ လိပ်ပြာမလုံ ဖြစ်နေလေ၏။





"ဘာပိုက်ဆံအိတ်မှ မလိုဘူး၊ လာခဲ့ချည်၊ မင်းကို ငါ
ပြောစရာရှိတယ်"

"ကျွန်မ သင်တန်းမပြီးသေးဘူး ဘုန်းလရောင်"

မိုးစက်ပွင့်၏ ရိုးရှင်းသော ပုံစံနှင့် အသုံးအနှုန်း
ကြောင့် အရင်က အခြေအနေကို သူ မှန်ကန်စွာ ရိပ်မိသွားသည်။

အလကား ကောင်မလေး။ သူ့ကိုတောင် လိမ်ညာရဲ
သည်။

"ဘာ ဘုန်းလရောင်လဲ၊ အရင်လို ကိုကိုပဲခေါ်"

လရောင် စိတ်တိုတိုနှင့် မိုးစက်ပွင့်ကို ပြန်ပြီး
သာပြနေမိသည်။

"သင်တန်းမပြီးသေးတော့ အပြင်လိုက်လို့ မရဘူး"

"ခေါက်ထားလိုက်၊ အရေးတကြီး ပြောစရာရှိတယ် လာခဲ့"

မိုးစက်သည် သူမ လက်ကို ဖမ်းဆွဲပြီး တရွတ်တိုက်
ခေါ်သွားသော လရောင်ကို အံ့အားသင့်စွာ မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် ရုန်းထွက်ပါသော်လည်း မြဲမြဲခိုင်မာသော သူ့လက်အတွင်း

မှ ရုန်းမထွက်နိုင်ခဲ့။

"ဘယ်သွားမလို့လဲ"

"ဘာမှ စကားမရှည်နဲ့ လိုက်ခဲ့"

သုန်မှုန်နေသော သူ့မျက်နှာကို ကြည့်ပြီး မိုးစ

နှုတ်ဆိတ်နေဖို့ ဆုံးဖြတ်လိုက်သည်။

လရောင်က မိုးစက်ပွင့်နှင့် နောက်ဆုံး စကားပြ

ခဲ့သည့် နေရာလေးကို ဦးတည်ပြီး လာခဲ့သည်။ ကန်တော်ကြီး

ရေပြင်သည် အပြောင်းအလဲမရှိ ငြိမ်သက်နေ၏။ လရောင်

အပြောင်းအလှည့်တွေ တစ်ခုပြီးတစ်ခု သုံးကာ သူ့ကို အရှက်ရ

ခဲ့သော မိုးစက်ပွင့်အပေါ် အလကားနေရင်း စိတ်တိုနေမိသည်

"နေပါဦး၊ ဒါက မင်းရဲ့ ပင်ရင်းပုံစံလား"

"ကျွန်မက ပုံစံအမျိုးမျိုးနဲ့ ရှိုးထုတ်နေကျဆိုတော့ ဘယ

ပုံစံက ပင်ရင်းပုံလဲ ဆိုတာတောင် မသိတော့ဘူး"



မိုးစက်သည် အခြေအနေမှန်ကို မသိသေးသည့်

အတွက် အရင်ဆုံး တာကွယ်ထားလိုက်သည်။

"အပိုပြောမနေနဲ့ မင်း သူငယ်ချင်း တစ်ယောက်က ပြော

တယ်၊ မင်းက ငါနဲ့ လက်ထပ်ရမှာစိုးလို့ ပုံဆိုးပန်းဆိုး

တွေဝတ်ပြီး ငါ့ကို ကြိုက်ချင်ယောင် ဆောင်တာတဲ့ ...

ဟုတ်လား"

"ဘယ်သူ ပြောတာလဲ"

"ဘယ်သူလဲတော့ မသိဘူး၊ မင်း သူငယ်ချင်းတစ်ယောက်

ပဲ"

မိုးစက်သည် လရောင် ဘာဖြစ်နေလဲဆိုတာ ရိပ်မိ

သွားသည်။

လရောင် အမှန်ကို သိနေမှတော့ မိုးစက်သည်လည်း

ညောချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အရှက်မရှိ လိုက်ကြိုက်နေသည့် ငပေါမလေး အဖြစ်လည်း ဟန်မဆောင်ချင်တော့။ ဖြစ်ချင်ရာဖြစ် ဝန်ခံဖို့ ဆုံးဖြတ်လိုက်သည်။

"အဲဒီကိစ္စက အမှန်ပဲလား မိုးစက်ပွင့်"

"ဟုတ်တယ် အမှန်ပဲ"

အဖြေကို ကြားတော့လည်း လရောင်သည် ဆတ်ဆတ်ထိ မခံနိုင်သလို နာကျင်သွားသည်။

ချက်ချင်းပင် တစ်စုံတစ်ခုကို ဆုံးဖြတ်မိသွားလေသည်။

"မင်းနဲ့ လက်ထပ်မဲ့ကိစ္စကို ငါ သဘောတူလိုက်တော့မယ် မိုးစက်ပွင့်"

မိုးစက်သည် မယုံနိုင်သလို လရောင်အား မော့ကြည့်မိသည်။ ရဲရင့်ပြတ်သားဟန်ရှိသော နှုတ်ခမ်းအစုံ၌ မိုးစက် မမြင်ခဲ့ဖူးသော ခပ်ရေးရေး အပြုံးတစ်ခု။





"ရှင်ပဲ ကျွန်မကို လုံးဝ စိတ်မဝင်စားဘူး ပြောခဲ့တယ်လေ"

မိုးစက်သည် မမြင်ရသော အနာဂတ်တစ်ခုကို ခပ်ရေးရေး မြင်ယောင်ရင်း စိတ်ပျက်သွားသည်။

"အေးလေ ... အဲဒါ အရင်က ပြောတာ၊ အခုပြောတာမှ မဟုတ်တာ"

"မဖြစ်နိုင်ပါဘူး၊ ကျွန်မ သဘောမတူဘူး"

"ကိစ္စမရှိဘူး၊ မင်း သဘောတူတဲ့အထိ စောင့်နေမယ်"

သူ့အား စူးစမ်းသလို ကြည့်နေသော မိုးစက်ပွင့် အကြည့်များကို လရောင် လျစ်လျူရှုရင်း မမြင်ချင်ယောင်ဆောင်လိုက်သည်။ ကဲ ... ကောင်မလေးရေ ... အခုချိန်ကစပြီး ပြိုင်ပွဲတစ်ခု စပြီ။

မိုးစက်သည် ဖြစ်ပေါ်လာသော အခြေအနေကို သက်မခံနိုင်သလို ခပ်ဆတ်ဆတ်လေး အော်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာယ်လိုဖြစ်ပြီး စိတ်ပြောင်းရတာလဲ"

လရောင် အခြေက သိပ်ပြီး အေးစက်လွန်းသည်။

"ဘာဖြစ်လို့လဲဆိုတော့ ငါက ဘုန်းလရောင် ဖြစ်နေလို့ပဲ"

✣ ◉ ✣





"မိုးစက် ထတော့လေ၊ လရောင်တောင် ကျောင်းသွားဖို့ လာကြိုနေပြီ"

မိုးစက် အိပ်ရာကနေ ငေါက်ခနဲ ထထိုင်မိသွားသည်။ ဝုန်းခနဲထပြီး ပြတင်းပေါက်ကနေ ငုံ့ကြည့်လိုက်သည်။

လရောင်၏ အပြာရောင် ကားကြီးသည် ဆင်ဝင်အောက်မှာ ခန့်ထည်စွာ နေရာယူနေလေ၏။

ဗုဒ္ဓေါ။

သူ ဘာလာလုပ်တာလဲ။ မိုးစက်နဲ့ ဘာအချိန်းအချက်မှလဲ မရှိဘဲနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ၊ အမြန်ပြင်လေ၊ ချိန်းထားပြီးတော့ အိပ်ရာကနေ မထပဲ ဘာလုပ်နေတာလဲ"

ဆံပင်စုတ်ဖွားနှင့် ခေါင်းကုတ်နေသော သမီးဖြစ်သူကို ဒေါ်ပပ စိတ်ပျက်စွာ ကြည့်လိုက်သည်။ ဘယ်လိုကောင်မလေးမှန်းကို မသိ။ ဝီရိယကနည်းပြီး အအိပ်ကလည်း မက်သေးသည်။

"စိတ်ညစ်ပါတယ်"

"သွား ... သွား ... လုပ်စရာရှိတာ အမြန်သွားလုပ်၊ အခန်းကလည်း ရှုပ်ပွနေတာပဲ၊ တစ်နေ့တစ်နေ့ ဘာတွေလုပ်နေမှန်းကို မသိဘူး"

မေမေ့ဆီမှ ထုံစံအတိုင်း နံနက်ချိန်ခါ တေးသံသာကို ကြားရသည်။ မိုးစက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး ဆင်းလာသော လရောင်သည် ရော်ဘာင်ဝိလှျံ သီချင်းနှင့် ငြိမ့်နေတုန်းဖြစ်၏။

"ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ"





ပေါင်မုန့်ထောပတ်သုတ်တွေ ပါးစပ်ထဲမှာလည်း တထွေးကြီး စားလက်စတန်းလန်း၊ လက်ထဲမှာလည်း တစ်ထပ်ကြီးနှင့် ကားဆေးနား လာရပ်သော မိုးစက်ကို လရောင် မော့ကြည့်လိုက်သည်။

ပေါင်မုန့် ထောပတ်သုတ်တွေ ပလုတ်ပလောင်းစားနေသော မိုးစက်က လရောင်ကို မှုန်တေတေ ကြည့်နေတော့သည်။

လရောင်က ကားပေါ်မှ ဖျတ်ခနဲ ဆင်းပြီး မိုးစက်လက်ထဲမှ ပေါင်မုန့်တစ်ထပ်ကြီးကို ဆွဲယူကာ ဘေးနားရှိ အမှိုက်ပုံးထဲ ကောက်ထည့်ပစ်လိုက်သည်။

"ဒါ ဘာလုပ်တာလဲ ဘုန်းလရောင်"

"မင်းကို မုန့်ကျွေးမလို့ လာခေါ်တာလေ၊ ဒီမုန့်တွေမစားနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်က ဘာမှထပ်မပြောဘဲ ကားပေါ်သို့ ဆောင့်ကြီးအောင့်ကြီး တက်ထိုင်လိုက်သည်။ ပြီးတော့ ပိုင်စိုးပိုင်နင်းပင် ကားကက်ဆက်ကို ပိတ်ပစ်လိုက်သည်။

"အဘိုးကြီး သီချင်းတွေ မဖွင့်စမ်းပါနဲ့"

မိုးစက် ခေါင်းထဲ ရောက်နေသည်က သူမအပေါ် လရောင် စိတ်ပျက်ပြီး ဇာတ်ခေါက်ပြေးဖို့ဖြစ်၏။ ဒါကြောင့်လည်း လရောင် စိတ်ပျက်အောင် ပညာပြဖို့ ဆုံးဖြတ်လိုက်သည်။

လရောင် လက်က ကားကက်ဆက်ဆီ အလိုလို ရောက်သွားသည်။ ပြီးမှ စိတ်လျှော့လိုက်သလို ပြန်ရုပ်သိမ်းလိုက်သည်။

လုပ်ထားဦးပေါ့ ကောင်မလေးရေ။ တစ်ချိန်ချိန်မှာတော့ ...။

"မူရီမှာ ကော်ဖီ သွားသောက်ရအောင်"



"အဲဒီမှာ မသောက်ချင်ဘူး"

"ဘယ်မှာ သောက်ချင်လဲ"

"Luckyဖြစ်ဖြစ်၊ စိတ်တိုင်းကျဖြစ်ဖြစ် တစ်ဆိုင်ဆိုင်ပေါ့၊ လက်ဖက်ရည် သောက်ချင်တယ်"

လရောင် စိတ်ပျက်စွာ သက်ပြင်းချမိသည်။ အဲဒီလို ဆိုင်မျိုးတွေမှာ သူက ထိုင်လေ့မရှိ။

လူအများကြီး မြင်ပြီး ဇားရသောက်ရတာကို သူစိတ်တိုင်းမကျ။

"လင်တန်တီး သောက်လို့ရတာပဲဟာ"

အရာရာကို သည်းခံမည်ဟု ဆုံးဖြတ်ခဲ့ပြီးပြီ။ ဒါတောင် မကျေမနပ်နှင့် တစ်ခွန်းထွက်သွားသေးသည်။

"မသောက်ချင်ပါဘူး၊ လင်တန်တီးက ပေါ့ရွှတ်ရွှတ်နဲ့"

"ကောင်းပြီလေ၊ ဒါဆို Lucky 7 ပို့ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ရှေ့ ရောက်တော့လည်း မိုးစက်က အရေးတကြီး ကိစ္စပေါ်လာသလို အရာမျိုးနှင့် ...

"ဟာ ... ဒုက္ခပါပဲ၊ ဒီနေ့ ပရက်တီကယ်ရှိတာ မေ့နေတယ် နောက်ကျနေပြီ ... နောက်ကျနေပြီ၊ လက်ဖက်ရည် သောက်လို့မရသေးဘူး"

"ကဲ ... မိုးစက်ပွင့်ခ ကယ်သွားမလဲ"

"ကျောင်းပဲ သွားတော့မယ်"

လရောင်က ကားကို ပြန်ကွေ့လိုက်သည်။

မိုးစက်က သူမ၏ နောက်ဆုံး လက်နက်ဖြစ်သော ပေါင်မုန့်တစ်လုံးကို အိတ်ထဲမှ ထုတ်ပြီး ကိုက်ဝါးလိုက်လေ သည်။

"ဟာ ... ကားထဲမှာ မုန့်မစားနဲ့လေ"

"ဘာဖြစ်လို့လဲ"





အမှန်မှာ လရောင် ကားထဲမှာ မုန့်စားသည်ကို သုံးဝမကြိုက်။

အဲယားကွန်း ဖွင့်ထားသည့် ကားထဲမှာ မုန့်နံ့ အထောင်းထောင်းထ,နေတာကို သူ မကြိုက်။

သို့သော် သူ့ရဲ့ ရည်ရွယ်ချက်က သူ့အပေါ် သူမ ငြိငြင်ဖို့ဖြစ်၏။

"ဘာမှ မဖြစ်ပါဘူး၊ စားပါ စား"

မိုးစက်သည် ရယ်ချင်စိတ်ကို အပြုံးအဖြစ် ပြောင်းလဲ လိုက်သည်။

သိတာပေါ့။ သိပ်သိတာပေါ့။ လရောင် အောင့်သက် သက်နဲ့ အလျှော့ပေးနေသည်ဆိုတာ။

သူ ဘယ်လောက် သည်းခံနိုင်မလဲဆိုတာ မိုးစက် စောင့်ကြည့်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ ... ရပြီ ... ဒီမှာပဲ ရပ်တော့"

မိုးစက်သည် ကားပေါ်မှ အဆင်းမှာ ခြေထောက်

ခပ်ကြွမ်းကြွမ်းလေး ဆောင့်ပြီး ဆင်းလိုက်သည်။ ပြတ်လုနီး

ဖြစ်နေသော ကြိုးမျှင်မျှင် ဖိနပ်ကြိုးလေးသည် ထောက်ခနဲ ပြ

ထွက်သွားလေ၏။

"ဟာ ... ဖိနပ် ပြတ်သွားပြီ"

ဖိနပ် ပြတ်သွားပြီဆိုပြီး ခြေထောက်တစ်ဖက် ခုန်

ခုန်ဆွ လုပ်နေသော မိုးစက်ပွင့်ပုံစံက ရယ်ချင်စရာ။

လရောင် မအောင့်နိုင်တော့သဖြင့် ရယ်ချပစ်လိုက်

သည်။

"ဘာ ရယ်တာလဲ၊ ဒီမှာ ... ဖိနပ်ပြတ်သွားပြီ၊ လုပ်

ဦး"

"ဘာလုပ်ပေးရမှာလဲ"





ခေတ်လမ်းတွေထဲကလို ဖိနပ်ကို ချိတ်နှင့် ချိတ်

တွယ်ပေးရအောင်လည်း သူက တွယ်ချိတ်ဆောင်လေ့မရှိ။ တွယ်

ချိတ်ရှိခဲ့လျှင် မိန်းမတစ်ယောက်၏ ဖိနပ်ကို ကိုင်ပြီး လုပ်ပေး

ဖို့ သူ စိတ်ကူးမိမည် မဟုတ်။

"ဘာလုပ်ရမှာလဲ၊ ရှင့် ဖိနပ် ပေးပေါ့"

မိုးစက် ဟောင်းခံနေသည့် ပုံစံက ခပ်တင်းတင်း။

ပေးချင်လည်း ပေး၊ မပေးချင်လည်း နေ၊ ဆိုသည့်

ပုံ။

နောက်ဆုံးတော့ ဒီနေ့ကျမှ ပုဆိုးဝတ်ပြီး ညှပ်ဖိနပ်

စီးလာမိသည့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိလေသည်။

"မင်းနဲ့မှ မတော်တာ"

"အို ... ခြေထောက်ဗလာထက်စာရင် ဖိနပ်ရှိတာ တော်

သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ယူမယ် ဆိုလည်းယူ ... ရော့"

လရောင် ကားပေါ်မှ ဆင်းပြီး ဖိနပ်ချွတ်ပေးလိုက်သည်။ သူက ဖိနပ်မပါလည်း ကိစ္စမရှိ။ ကားနဲ့ ပြန်တာ ဘယ်သူ့မှ မြင်သည် မဟုတ်။

မိုးစက်က လရောင် ဖိနပ်ကို စီးပြီးသည်နှင့် တစ်ဆက်တည်းပင် ကားသော့ကို ဖြုတ်ပြီး ယူလိုက်လေ၏။

"ဒါ ဘာလုပ်တာလဲ"

"ကားပါ ထားခဲ့ပေး၊ နေ့လယ်ကျရင် သူငယ်ချင်းတွေနဲ့ သွားစရာရှိတယ်"

"ဟာ ... ဘယ်ဖြစ်မလဲ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ရှင် လာခေါ်လို့ ကျွန်မ ကားမပါလာဘူးလေ၊ ရှင့်ကား ထားခဲ့မှ ဖြစ်မှာပေါ့"

"မင်းတို့ သွားမဲ့အချိန်ပြော၊ ငါလာကြိုပေးမယ်"





"မဖြစ်ဘူး၊ လူများတယ်၊ ရှင်ပါ ပါရင် ကားမဆံ့တော့ဘူး"

"ဟာ ... ဒါဆို ငါက ဘယ်လို သွားရမလဲ၊ ဖိနပ်လည်း မပါ၊ ကားလည်း မပါနဲ့"

"အိုး ... ယောကျ်ားလေးပဲဟာ၊ ဒါတွေ ထည့်တွက်စရာလား၊ ယူထားလိုက်ပြီနော်"

မိုးစက် လရောင်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ကားသော့လေးကို လက်ထဲမှာ ခါယမ်းကာ လှည့်ထွက်ခဲ့သည်။

ဖိနပ်မပါ၊ ကားမပါဘဲနှင့် လရောင်တစ်ယောက် ဘယ်လို ကျန်ရစ်ခဲ့သလဲဆိုတာ မိုးစက် လှည့်မကြည့်သော်လည်း သိပါသည်။

✣ ◯ ✣

www.burmeseclassic.com



လရောင်သည် အိမ်ထဲ လှမ်းဝင်ဖို့ ဟန်ပြင်ပြီးမှ ရပ်တန့်သွားသည်။ သေးငယ်သော ငွေရောင် ဒေါက်မြင့်ဖိနပ်လေးတစ်ရံ။ လရောင်သည် ဖိနပ်ကို မြင်သည်နှင့် ဘယ်သူ့ဖိနပ်မှန်း သိလိုက်သည်။

မေမေ ရောက်နေပြီပေါ့။ ရွှေရောင်၊ ငွေရောင် ပြောင်လက်လက် ဖိနပ်မျိုးကို မေမေ အထူးနှစ်သက်လေ့ရှိသည်။

မေမေ့ ဖိနပ်ကို မြင်သည်နှင့် လရောင် အိမ်ထဲ မဝင်ချင်တော့။ ပြန်ထွက်သွားရင် ကောင်းမလား စဉ်းစားနေဆဲမှာ ဖေဖေက သူ့ကို မြင်သွားခဲ့သည်။





"သား … မင်း ရောက်လာပြီလား၊ အတော်ပဲ မင်းအမေ ရောက်နေတယ်"

သူ့ ဝမ်းသာနေမယ်များ ဖေဖေ ထင်နေလား။ ...ထဲမှာ ခိုဝင်နေသော နာကြည်းစိတ်သည် လရောင်အား ...အော့အန်ချင်စေသည်။

"ကျွန်တော် အဝတ်လဲဦးမယ် ဖေဖေ"

သူ့အား မျက်နှာငယ်လေးနှင့် ငေးကြည့်နေမည့် ...ခေ့ကို သူ တစ်ချက်မှ လှည့်မကြည့်ဘဲ ပြေးတက်လာခဲ့သည်။ ...ခန်းတံခါးကို ခပ်ကြမ်းကြမ်း ဆွဲပိတ်ပစ်လိုက်သည်။

သူ့စိတ်တွေ တင်းကျပ်နေသည်။ အင်္ကျီအပေါ်ဆုံး ...ကြယ်သီးကို ဆွဲဖြုတ်ပစ်လိုက်သည်။

"လရောင် အောက်ကို ဆင်းခဲ့ဦးလေ"

ဖေဖေ လှမ်းခေါ်သံကို မကြားချင်ယောင်ဆောင်နေ...လိုက်သည်။ သူ မေမေ့ကို မတွေ့ချင်။ သူ့ကို ထားရစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မအေတစ်ယောက်ကို သူ မတွေ့ချင်။ လမ်းမှာ တွေ့ရင်တောင် မျက်နှာလွှဲသွားမည်ဟု လရောင် ဆုံးဖြတ်ချက်ချထားခဲ့သည်။

လရောင် အိပ်ရာပေါ် ပစ်ပြီး လှဲချပစ်လိုက်လေသည်။

"သား ... လရောင် မေမေပါ တံခါးဖွင့်ပါဦး"

ပျော့ပျောင်းနူးညံ့သော အသံတစ်ခုသည် သူ့ဆီသို့ တိုးဝင်လာသည်။

မေမေ့အသံ။ ဟိုးငယ်ငယ်တုန်းက သူ အတပ်မက်ဆုံးသည့် သားချော့တေးလေးတွေ ဆိုပြလေ့ရှိသော မေမေ့ အသံဖြစ်၏။

အခုတော့ မေမေ့ အသံကြားတိုင်း ရင်ထဲမှ ဒဏ်ရာဟောင်းက နာကျင်စွာ ပြန်ပြန်ပေါ်လာသည်။

"သားရယ် ... တံခါးဖွင့်ပါဦး၊ မေမေ သားနဲ့ အေးအေးဆေးဆေး စကားပြောပါရစေ"





မလိုအပ်တော့ပါ။ သူနှင့် မေမေ ကြားထဲမှာ ဘာမှ လိုအပ်တော့ပါ။ မေမေနှင့် တွေ့လည်း ပျောက်ဆုံးနေပြီဖြစ်သော မေတ္တာနှင့် သံယောဇဉ် ဘာမှ ပြန်ဖြစ်နိုင်မည် မဟုတ်။

မေ ... မေ ...။ သူ ခပ်တိုးတိုးလေး ခေါ်ကြည့်မိသည်။ ပျောက်ဆုံးနေတာကြာပြီဖြစ်သော ဝေါဟာရတစ်ခု။

"မေမေ တောင်းပန်ပါတယ် သားရယ်၊ မေမေ သားမျက်နှာကို ခဏလောက် တွေ့ပါရစေနော်"

လရောင်သည် ဘာမှ မကြားသလို အံကို တင်းတင်းကြိတ်ထားလိုက်သည်။ လွန်ခဲ့သော ဆယ့်သုံးနှစ်ခန့်က မွေးနေ့ပွဲတစ်ခုကို ပြန်သတိရတော့ ရင်ထဲမှာ နာနာကျင်ကျင် ပြန်ဖြစ်လာသည်။

သွားပါတော့ ... သွားပါတော့။ သူ့ဆီကို ဘယ်သူမှ ထပ်မလာပါနဲ့တော့။ ထွက်ခွာသွားသော ခြေသံပါးပါးကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏာနေတော့ ဖေဖေ့အသံကို ကြားရသည်။ ဖေဖေ့ကိုတော့ တံခါးမဖွင့်ပေး၍ မရသဖြင့် လရောင် တံခါးဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားသည်နှင့် ဦးသိန်းနိုင် သားဖြစ်သူကို ချက်ချင်း အကဲခတ်လိုက်သည်။ နီမြန်းနေသော မျက်နှာနှင့် အကျီက ရင်ဘတ်ဟောင်းလောင်း။

ချက်ချင်းပင် ဖရိုဖရဲ ဖြစ်နေသော သားဖြစ်သူ၏ အခြေအနေကို ရိပ်မိသွားသည်။

"သားရယ် ... ဘာဖြစ်လို့ မင်း အမေကို ထွက်မတွေ့တာလဲ"

"ကျွန်တော် ဘယ်တုန်းက ထွက်တွေ့ဖူးလို့လဲ"

"မင်းအမေ သနားပါတယ်ကွာ၊ ခွင့်လွှတ်လိုက်ပါ"

ခွင့်လွှတ်ရမည်တဲ့။ သူ့ရင်ထဲ တင်းကျပ်ဆို့နင့်သွားသည်။ နာကြည်းတတ်လာသော အရိပ်တွေက ဘာနဲ့မှ ပြန်ပြီး ဖာထေး၍မရ။





"ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်ဘူး ဖေဖေ"

"ပြီးတော့ ခွင့်လွှတ်နိုင်တဲ့ ဖေဖေ့ကိုလည်း ကျွန်တော် အံ့ဩမိတယ်"

"ခွင့်လွှတ်လိုက်ပါ သားရယ်၊ သူက သား အမေပါ၊ မအေကို အပြစ်မတင်ကောင်းပါဘူး၊ ပြီးတော့ ဖေဖေ ကိုယ်တိုင် သူ့ကို ကွာရှင်းပေးခဲ့တာပဲ သားရယ်"

"ဖေဖေ့အတွက် သူ မလိုအပ်ဘူးလား၊ ဖေဖေ ဘာဖြစ်လို့ ကွာရှင်းပေးခဲ့တာလဲ"

ဖေဖေ ဘယ်လို အသည်းနှလုံးမျိုးနှင့် သူ ချစ်သော မိန်းမတစ်ယောက်ကို ကွာရှင်းပေးခဲ့လဲ လရောင် စဉ်းစား၍မရပါ။

"သားရယ် ... သားအဖေ ဖေဖေ့နားမှာ ရှိတာ ဖေဖေ စိတ်ချမ်းသာပေမဲ့ သူ မပျော်ဘူးလေ၊ သူ့ကို ပျော်အောင် မထားနိုင်တာ မဆွဲဆောင်နိုင်တာ ဖေဖေ ညံ့လို့ပေါ့၊ ဖေဖေ ကွာရှင်းပေးလိုက်တော့ သူ စိတ်ချမ်းသာသွားတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ မျက်နှာ ကြည့်တော့လည်း ကြည်ကြည် စင်စင်။ ဘာသောကမှ ဖေဖေ့် မျက်နှာမှာ ထင်ဟပ်မနေ။ ဒေးကာနက်ဂျီရဲ့ "သောကကင်းဝေး နေနိုင်ရေး"စာအုပ်ကိုများ ဖေဖေ အရည်ကျိုသောက်ထားလေသလား။

"ဒါပေမဲ့ ဖေဖေ၊ ဖေဖေတို့မှာ ဖေဖေတို့ နှစ်ယောက်တည်းမှ မဟုတ်တာ"

အခုတော့ သူသည်အိမ်ထောင်ကျိုးတစ်ခုမှ မွေးဖွား ကြီးပြင်းလာသော သားအဖြစ် စိတ်ခုတ်ချို့တဲ့ဖွာ ကြီးပြင်းခဲ့ရ သည်။ သူ့ကိုယ်သူ ရင့်ကျက်ဟန်ဆောင်ရင်း မာနကြီးခဲ့ရသည်။

လရောင်သည် ပြိုလဲချင်နေသော စိတ်ခုတ်ကို အနိုင်နိုင် ထိန်းချုပ်ရင်း ...

"ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်ဘူး ဖေဖေ"

"သား"

"ဝမ်းနည်းပါတယ် ဖေဖေ၊ ကျွန်တော် အနားယူချင်ပြီ"





လရောင် အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးနောက် အင်အားမရှိတော့သလို အခန်းတံခါးကို မှီပြီး ထိုင်ချလိုက်သည်။

ပြီးခဲ့သော ဆယ့်သုံးနှစ်က ရရှိခဲ့သော ဒဏ်ရာသည် သူ့ရင်ထဲမှာ အခုချိန်အထိ အကြိတ်အခဲအဖြစ် တည်ရှိနေဆဲဖြစ်၏။

လရောင် မေ့ပျောက်ချင်သော်လည်း မမေ့ပျောက်နိုင်သော အဖြစ်အပျက်တို့သည် သူ့မှတ်ဉာဏ်ထဲ၌ တရိပ်ရိပ်နှင့် ပြန်ပေါ်လာခဲ့သည်။

အဲဒီအချိန်က လရောင် ဆယ်နှစ်သားပဲ ရှိသေးသည်။ ထိုနေ့က မှတ်မှတ်ရရ သူ့ရဲ့ ဆယ်နှစ်မြောက်မွေးနေ့ ကျင်းပနေခဲ့သောနေ့ဖြစ်၏။

လရောင်သည် သူငယ်ချင်းတွေနှင့် မွေးနေ့လက်ဆောင်တွေ အကြားမှာ ပျော်ရွှင်စွာ ရှိခဲ့သော သာမန်ကလေးတစ်ဦးသာ ဖြစ်ခဲ့၏။



www.burmeseclassic.com

လရောင်သည် မွေးနေ့လက်ဆောင်ကြားထဲမှ အရုပ်တစ်ခုကို နှစ်သက်သဘောကျစွာ ကိုင်တွယ်ရင်း မေမေ့ကို ရှာသည်။ ခြံထဲမှာ ရှာမတွေ့တာကြောင့် အိမ်ပေါ်သို့ ပြေးတက်ကာ ရှာမိသည်။

အိပ်ခန်းတံခါးအဝရောက်တော့ အခန်းထဲကို လရောင် အသာချောင်းကြည့်လိုက်သည်။ ဖေဖေနှင့် မေမေ စကားများနေကြတာကို သူ မြင်သည်။

သူ့ခြေလှမ်းတွေသည် အခန်းဝမှာပင် မြဲမြဲနိုင်စွာ အမြစ်တွယ်သွားကြသည်။

"ကိုသိန်းနိုင် ကျွန်မကို ကွာရှင်းပေးပါတော့၊ ကျွန်မ ရှင်နဲ့ ဆက်ပြီးမနေနိုင်တော့ဘူး"

အမြဲတမ်း အေးစက်စက်နိုင်လှသော မေမေ့ ပုံစံသည် ဒီတစ်ခါတော့ တင်းမာမှုပါ အဆစ်ပါနေသည်။

"မလုပ်ပါနဲ့ စန္ဒာရယ်၊ သေသေချာချာ စဉ်းစားပါဦး။ ငါတို့မှာ သားလေးလည်း ရှိသေးတယ်"





"ရှင့်နံဘေးမှာ ဒီလောက်အကြာကြီး နေခဲ့ပေးတာ သူကြောင့်ပဲ ကိုသိန်းနိုင်၊ လရောင်လေးကြောင့် အရာရာကို ထိန်းချုပ်ပြီး ကျွန်မ နေခဲ့ပေးတာပါ၊ အခုတော့ ကျွန်မ ဆုံးဖြတ်လိုက်ပြီ ကိုသိန်းနိုင်၊ ကျွန်မ သူ့နောက် လိုက်သွားတော့မယ်"

အဲဒီတုန်းက သူဆိုတာ ဘယ်သူ့မှန်း လရောင် မသိခဲ့။ နောင်မှ မေမေ ငယ်ချစ်ဦးမှန်း လရောင် သိခဲ့ရသည်။

"စန္ဒာ"

ဖေဖေ၏ အော်ဟစ်တားမြစ်သံသည် မေမေ အသံအောက်၌ သေးသိမ်ပျောက်ကွယ်သွားခဲ့သည်။

"ကျွန်မ တကယ်မတတ်နိုင်တော့လို့ပါ ကိုသိန်းနိုင်၊ မတတ်နိုင်တော့လို့ပါ၊ ရှင်ပဲ ကျွန်မကို ကတိပေးခဲ့တယ် မဟုတ်လား၊ ကျွန်မ မပျော်တဲ့တစ်နေ့မှာ အချိန်မရွေး ကွာရှင်းပေးမယ်ဆို၊ ရှင် ကတိတည်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က ဖေဖေ့ မျက်နှာသည် သနားစဖွယ် ကောင်းအောင် ညှိုးငယ်ပျော့ခွေနေလေ၏။ လရောင်သည် တံခါးဝမှာ ရပ်ရင်း ရင်တထိတ်ထိတ် ဖြစ်လာလေသည်။

ဘာဖြစ်မှန်း သေချာမသိသော်လည်း အခြေအနေ မကောင်းဘူးဆိုတာတော့ သူ ရိပ်မိသည်။

"သားလေး ... သားလေး"

ဖေဖေ့ အသံသည် ဆို့နင့်စွာ ထွက်ပေါ်လာသည်။

"လောလောဆယ်တော့ သားလေးကို ရှင်ပဲ ခေါ်ထားလိုက်ပါ၊ ကျွန်မ ခေါ်သွားလို့ အဆင်ပြေဦးမှာ မဟုတ်ဘူး"

လရောင် ရင်ထဲ ထိတ်လန့်သွားသည်။ မေမေ တစ်နေရာ ထွက်သွားပြီး သူ ကျန်ရစ်ခဲ့လိမ့်မည်ဆိုတာ နားလည်လိုက်သည်။

"ကောင်းပါပြီ စန္ဒာ၊ မင်း သဘောအတိုင်းပါပဲ"





ဖေဖေသည် မေမေ လှမ်းပေးသော စာချုပ်မှာ က်မှတ်ထိုးပေးလိုက်သည်။ မေမေသည် ချက်ချင်းပင် ဘယ်အချိန် ဖြင်ထားမှန်းမသိသော အိတ်ကို ကောက်ဆွဲလိုက်သည်။

လရောင်သည် ထိတ်လန့်စွာပင် တံခါးဝမှ ဖယ်ပြီး ကားဝနားမှာ ရပ်နေမိသည်။ သူ့တစ်ကိုယ်လုံးသည် တဆတ် ာ်တုန်ယင်နေလေ၏။

"မေမေ"

အခန်းထဲမှ ထွက်လာသော မေမေ့ကို သူ ကိုးတကြီး လှမ်းခေါ်လိုက်လေသည်။ မေမေသည် သူ့ဆီ ချက်လျှောက်လှမ်းလာပြီး သူ့နဖူးကို တို့ထိရုံနမ်းကာ ...

"သား ဖေဖေနဲ့ ကောင်းကောင်းနေခဲ့နော်"

"မေမေနဲ့ သားလိုက်မယ်"

"မေမေနဲ့ လိုက်လို့မရဘူး၊ သား ဖေဖေနဲ့ နေခဲ့နော်"

မေမေသည် အတင်းဖက်တွယ်ထားသော သူ့လက် ဲဖြုတ်ပြီး လျှင်မြန်စွာ ပြေးဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မေမေ"

သူ အတင်းအော်ခေါ်ပြေးလိုက်သော်လည်း မေ[illegible] လှည့်မကြည့်တော့။ အတင်းပြေးလိုက်ကာ အော်ငိုနေသော သူ့[illegible] မေမေက လှမ်းဖွေ့ပြီး ဆွဲဖက်ထားလိုက်လေသည်။

"မငိုပါနဲ့ သားရယ်၊ မေမေ ရှိပါတယ်"

လရောင် ရှိုက်ကြီးတငင်ငိုရင်း မေမေ့ကို အား[illegible] တကြီး မော့ကြည့်မိသည်။ လရောင်သည် ထိုအချိန်လေးမှာ[illegible] မေမေ့ မျက်ရည်များကို တုန်လှုပ်ချောက်ချားစွာ တွေ့မြင်ခဲ့[illegible] သည်။

✣ ✪ ✣



ဒီကြားထဲမှာ မိုးစက်ပွင့်သည် ဘုန်းလရောင် စိတ်[illegible]တော်ကျရန်အတွက် အမျိုးမျိုး ပညာပြလေသည်။ သူမကို [illegible]ှာင်းလာကြိုသည့် အချိန်မျိုးမှာ တစ်နေရာကို ခဏပထုတ်ပြီး [illegible]အိး လေလျှော့ထားတာမျိုး၊ လရောင် မသိအောင် လရောင် [illegible]ပ်ကို ဓားနဲ့ လှီးဖြတ်ထားတာမျိုး၊ မိုးစက် ခဏခဏ လုပ်လေ့[illegible]သည်။

လရောင် စိတ်ဆိုးမည် ထင်သော်လည်း လရောင် [illegible]ည် အံ့သြဖွယ်ကောင်းလောက်အောင် သူမအပေါ် သည်းခံခဲ့[illegible]သည်။





www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မိုးစက်သည် သူမ စားနေကျ အသုပ်ဆိုင် တစ်ဆိုင်အား ပို့ခိုင်းခဲ့လေသည်။

အသုပ်ဆိုင်ရှေ့ ကားရပ်လိုက်သည်နှင့် လရောင် မျက်နှာ ပျက်သွားကာ မိုးစက် မြင်ဖြစ်အောင် မြင်လိုက်လေသည်။

"အသုပ်စားရအောင် ဆင်းလေ"

"မင်းဆိုင်က လမ်းဘေးဆိုင်ကြီး"

"ဘယ်ဆိုင်က လမ်းလယ်ကောင်မှာရှိလို့လဲ၊ ပြပေးလေ"

မိုးစက်က အချက်ကျကျ ပြောလိုက်တော့ လရောင် တိတ်ဆိတ်သွားသည်။

"မင်း ရောဂါရမှာ မကြောက်ဘူးလား"

"လမ်းဘေးဆိုင် စားတိုင်း ရောဂါရတတ်လို့လား၊ မပူပါနဲ့ ကျွန်မက ကာကွယ်ဆေးတွေအားလုံး ထိုးထားပါတယ် ရှင်ရော ထိုးထားလား"

"အင်း"





"ဒါဆို စိတ်ပူစရာမလိုပါဘူး၊ စားလို့ရတယ်၊ ဒေါ်ကြီးရေ အသုပ်စုံနှစ်ပွဲ၊ ကားပေါ်မှာပဲ စားမယ်နော်"

မိုးစက်ပွင့်၏ လျင်မြန်သွက်လက်မှုကို သူ လိုက်မမီခင်မှာပင် သူမက မှာပြီးနေ၏။ ပြီးတော့ သူ့ဘက်လှည့်ပြီး ...

"ရှင့်ကို အားနာလို့ ကားပေါ်မှာ စားတာနော်"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

"ရော့ ... အချိုသုပ်၊ ရှင့်အတွက် ငရုတ်သီး မထည့်ထားဘူး"

မိုးစက် ကမ်းပေးသော အသုပ်ပန်းကန်ကို လရောင် လှမ်းယူလိုက်သည်။ ဟိုတုန်းက မေမေ ကျွေးလေ့ရှိသော အသုပ်စုံကို ပြန်မြင်ယောင်တော့ သူ ချက်ချင်း ငြိမ်သက်သွားသည်။

"စားလေ"

မေမေ့ဆီမှ သူ ရရှိခဲ့ဖူးသော ကြင်နာယုယခြင်းမျိုးကို မိုးစက်ဆီမှ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ"

လရောင် လေးလေးနက်နက် တည်ငြိမ်သွားတာ[illegible]
မိုးစက် မြင်နေရသည်။ လရောင် မျက်နှာမကောင်းတာ[illegible]
မြင်တော့ မိုးစက် သူ့ကို ပျော်ရွှင်စေချင်လာသည်။

မိုးစက် မှတ်မိသလောက် လရောင် လိုက်လိုက်လှဲ[illegible]
ရယ်တာ၊ ပြုံးတာကို မတွေ့ဖူးခဲ့။

"ဘုန်းလရောင် ကားပေါ်က ခဏဆင်းဦးလေ"

"ဘာလုပ်ဖို့လဲ"

"ဆင်းပါ၊ လုပ်စရာရှိလို့"

လရောင် စိတ်မပါတပါနှင့် ဆင်းလိုက်ချိန်မှာ[illegible]
မိုးစက်က ဆိုက်ကားတစ်စီးကို ဖမ်းတားလိုက်သည်။

"ဦးလေးကြီး ဆိုက်ကား အားလား"

"အားတယ် ကလေးမ၊ ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားဘူး ဦးလေး၊ ဒီကုန်းဆင်းကြီးအတိုင်းသ[illegible]
နင်းပေးပါ၊ ဆိုက်ကားစီးချင်လို့"





"ရတယ်လေ"

လရောင်သည် မိုးစက် အပြုအမူတွေကို မယုံနိုင်
[illegible]လို ငေးကြည့်နေမိသည်။ ကြံကြံဖန်ဖန် ဆိုက်ကားစီးမယ်တဲ့။
[illegible]ါက်တတ်ကရ သိပ်လုပ်သည့် ကောင်မလေး။

"ဘုန်းလရောင် တက်လေ"

"ဟာ ... ဘာလုပ်ဖို့လဲ"

"ဆိုက်ကား စီးမယ်လေ"

"မစီးပါဘူး"

လရောင်တစ်သက် တစ်ခါမှ ဆိုက်ကားမစီးဖူးပါ။
[illegible]ောင်စီးဖို့လည်း စိတ်ကူးမရှိပါ။

"လာစမ်းပါ တက် ... တက်"

မိုးစက် လရောင် လက်ကို ဆွဲပြီး အတင်းတက်ခိုင်း
[illegible]ာ သူမပါ ဝင်ထိုင်လိုက်သည်။

"ဦးလေးကြီး နင်း ... နင်း ... မြန်မြန်နင်း"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... စိတ်ချ။ လေယာဉ်ပျံ အရှုံးပေးစေရမယ်"

ဆိုက်ကားသည် ကုန်ဆင်းအတိုင်း အရှိန်နှင့် ပြေ
ဆင်းသွား၏။ လေထုသည် လရောင် မျက်နှာကို ရိုက်ခတ်
တစ်ဝီဝီ မြည်ပြီး အရှိန်နှင့် ကျန်ရစ်ခဲ့လေ၏။

"ဟေး ... ဟေး ... ဟေး"

မိုးစက်သည် လက်နှစ်ဖက်ကို ဆန့်တန်းပြီ
အားရပါးရ ဟစ်ကြွေးအော်လိုက်လေ၏။ မိုးစက်၏ အသံသည်
လေထုထဲ၌ ပဲ့တင်ထပ်ကာ ကွင်းကျန်ရစ်သည်။

"ဘာတွေ လျှောက်အော်နေတာလဲ အရူးမ"

"အော် ... အော်စမ်းပါ၊ အားရပါးရ အော်စမ်းပါ၊ ရင်ထဲ
သွားအောင် အော်စမ်းပါ"

ဆိုက်ကားအနောက်မှာ ထိုင်နေသည့် မိုးစက်
လရောင် လက်နှစ်ဖက်ကို အတင်းဆွဲပြီး ပွးကပ်ကာ လေထဲ
အတောင်ပံသဖွယ် ဖြန့်ကားပစ်လိုက်လေ၏။





"ဟေး ... ဟေး ... ဟေး"

အရှိန်နှင့် ပြေးဆင်းသွားသည့် ဆိုက်ကား၏ နောက်ဘက်၌ သူတို့နှစ်ယောက်၏ အသံသည် ပဲ့တင်ထပ်နေရစ်လေ၏။

ကုန်းဆင်းအောက် ဆိုက်ကားရပ်တော့မှ သူတို့နှစ်ယောက် အအော်ရပ်လေသည်။

"ကဲ ... ရောက်ပြီ ကလေးမ"

"ကျေးဇူးပဲ ဦးလေးကြီး၊ ဒီမှာ ပိုက်ဆံနော်"

"အေး ... အေး ... မင်းတို့စုံတွဲက အတော်လိုက်ဖက်တာပဲ"

ဆိုက်ကားဆရာကြီးကလည်း ပြုံးပြုံးပျော်ပျော်။ သူတို့အပျော်တွေ ကူးစက်သွားသည်။

"ဟာ ... ဦးလေးကြီးကလည်း ကျွန်မတို့က စုံတွဲမဟုတ်ပါဘူး၊ သူငယ်ချင်းတွေပါ"

"သူငယ်ချင်းတွေလည်း ချစ်သူဖြစ်နိုင်တာပဲ၊ မင်းတို့ကို ကြည့်ရတာ မကြာခင် ချစ်သူဖြစ်တော့မဲ့ သူငယ်ချင်းတွေနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဆရာကြီးက ပြောချင်ရာပြောပြီး ထွက်သွားသည်။ မိုးစက်သည် ရှက်တက်တက်နှင့် ယောင်ချာချာဖြစ်ကာ ဘာလုပ်ရမှန်းမသိတော့။

လရောင်သည် ရှက်တက်တက် အမူအရာနှင့် နီမြန်းနေသော မိုးစက်ကို ချစ်စဖွယ်ကောင်းစွာ တွေ့လိုက်ရသည်။ လရောင် ရင်ထဲ နွေးခနဲ ဖြစ်သွားသဖြင့် ချက်ချင်း မျက်နှာလွှဲကာ ...

"မိုးစက်ပွင့် ပြန်ကြစို့လေ၊ Taxi ငှားမလား"

"မငှားဘူး၊ လမ်းလျှောက်ပြီး ပြန်ရအောင်"

ကုန်းတက်ကြီးအတိုင်း နှစ်ယောက်သား လမ်းလျှောက်ပြီး ပြန်တက်ခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားလည်း မပြောဖြစ်ကြ။

ကုန်းပေါ်ရောက်တော့ နှစ်ယောက်စလုံး မောပန်းနေကြပြီ။





"မောတယ်နော် ဘုန်းလရောင်"

"ဟုတ်တယ် မောတယ်"

မောနေသည့်ကြားမှပင် နှစ်ယောက်သား အားရပါးရ ရယ်မောမိကြသည်။ မိုးစက်သည် ထိုအချိန်လေးမှာပင် သူမရင်ထဲ ဝင်ရောက်လာသော တစ်စုံတစ်ရာကို သတိထားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်နှင့် လရောင်သည် တစ်နေ့မတွေ့ရရင် မနေနိုင်လောက်အောင် တစ်ယောက်ကိုတစ်ယောက် စွဲလမ်းကြသော်လည်း ဘယ်သူမှ စတင်ဝန်ခံခြင်း မရှိကြ။

အရင်က ရှုပ်ပွနေသည်ဟု ထင်ခဲ့သော မိုးစက်ပွင့်၏ ဆံနွယ်တွေကို အခုတော့ လရောင် သဘောကျစပြုလာပြီ။ ဖရိုဖရဲနိုင်လှသည်ဟု ထင်ခဲ့သော တီရှပ်ပွပွများဆီမှ လွတ်လပ်ခြင်းကိုလည်း တွေ့ရှိခဲ့ပြီ။

လရောင်၏ မာနသည် မိုးထိအောင် ကြီးမားသဖြင့် သူသည် မိုးစက်အပေါ် မိုးစက်ဆန္ဒမှန်သမျှကို လိုက်လျောသော်လည်း အေးစက်စက်သာ ဆက်ဆံလေ့ရှိ၏။





ထို့အတူ မိုးစက်ကလည်း လရောင်အပေါ် အနိုင်ယူဆက်ဆံလေ့ရှိသော်လည်း အရင်ကလို ပုံပျက်ပန်းပျက် အနိုင်ယူတာမျိုး မရှိတော့။

အခုလည်း ဒဂုံစင်တာကို နှစ်ယောက်အတူတူလာပြီး တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ကြည့်ကြသည်။

လရောင်အတွက် ရှပ်အင်္ကျီအရောင်နုနုလေးများကို မိုးစက်က ရွေးပေးသလို မိုးစက်အတွက် တီရှပ်ပွပွများကိုလည်း လရောင်က ရွေးချယ်ပေးလေ၏။

"အင်း ... ဘုန်းလရောင် ရွေးချယ်ပေးတဲ့ အင်္ကျီကို ဝတ်ရတော့မယ်ဆိုတော့ ကျွန်မ သိပ်ကံကောင်းတဲ့ မိန်းမတစ်ယောက်များ ဖြစ်နေပြီလား မသိဘူး"

လရောင်သည် မိုးစက်ပွင့်အတွက် စိတ်ပါလက်ပါ ရွေးချယ်ပေးခဲ့သော်လည်း သူလုပ်နေကျပုံစံအတိုင်း ရိုးသားစွာ ဝန်မခံချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြိုက်လို့ ရွေးပေးတာပါ၊ ကံကောင်းတယ်လို့ မထင်ပါနဲ့၊ လောကကြီးမှာ ကံကောင်းတာနဲ့ ကံဆိုးတာက အတူတူပဲ၊ ကံကောင်းတဲ့လူကလည်း ကံကောင်းပြီးရင် ကံဆိုးတာပဲ၊ ကံဆိုးတဲ့ လူကလည်း ကံဆိုးပြီးရင် ကံကောင်းတာပဲလေ၊ အတူတူပဲပေါ့"

လရောင်သည် ပြောလက်စကားနှင့်အတူ ခြေလှမ်းများပါ ရပ်တန့်သွားသည်။ မေမေ သူ့ရင်ထဲမှ ခေါ်သံသည် မြည်ဟီးသွား၏။

"သွားကြမယ်လေ ဘုန်းလရောင်"

ငြိမ်သက်နေသော လရောင် မျက်ဝန်းများနှင့် ခြေလှမ်းများ မိုးစက် တစ်ခဏအတွင်း ရိပ်မိသွားသည်။

လရောင်နှင့် မလှမ်းမကမ်း မျက်နှာချင်းဆိုင်မှာ လရောင်နည်းတူ ရပ်နေသော အမျိုးသမီးကြီးတစ်ယောက်။ ထင်းခနဲဖြစ်အောင် လှပသော အမျိုးသမီးကြီးသည် လရောင်နှင့် အတော်တူသည်ကို မိုးစက် ရိပ်မိလိုက်သည်။





"သား ... လရောင်"

အမျိုးသမီးကြီးသည် တိုးတိမ်ညင်သာသော ခေါ်သံနှင့် လရောင်အနား ချဉ်းကပ်လာခဲ့သည်။

လရောင်သည် တဆတ်ဆတ်နေအောင် နာကျင်ဝမ်းနည်းလာတာကို မာနနှင့် ထိန်းချုပ်ပစ်လိုက်သည်။ သူ့ကို အလွယ်တကူ ထားရက်ခဲ့နိုင်သော အမေတစ်ယောက်ကို ချစ်နေလျက်နှင့်ပင် သူ့နှလုံးသားက လက်မခံနိုင်အောင် ဖြစ်နေ၏။

လရောင်သည် မခံချင်စိတ်နှင့် ခပ်သုံ့သုံ့ ပြုံးပြီး ...

"အန်တီ လူမှားနေပြီ၊ မိုးစက်လာ သွားကြရအောင်"

လရောင်က မိုးစက် လက်ကို ဖမ်းဆွဲပြီး လှည့်ထွက်ခဲ့သည်။

"လရောင် ဘာဖြစ်လို့လဲ၊ ကျွန်မ ဝယ်စရာရှိသေးတယ်"

"နောက်မှ ဝယ်တော့"

"ခုနက အန်တီက ဘယ်သူလဲ လရောင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကြီးကို မြင်တာနှင့် လရောင် လှည့်ထွက်လာကတည်းက တစ်ခုခု ထူးခြားနေပြီဆိုတာ မိုးစက် ရိပ်မိလိုက်သည်။

"အဲဒါ ငါ့အမေ"

လရောင် အဖြေက အေးစက်လွန်းသည်။ မိုးစက် အံ့ဩသွားသည်။ မအေကို မြင်သည်နှင့် မသိချင်ယောင်ဆောင်ပြီး လှည့်ထွက်လာသော သားတစ်ယောက်ကို မိုးစက် မမြင်ဖူးခဲ့။

လရောင် အဖေနှင့်အမေ အိမ်ထောင်ကွဲနေသည်ဆိုတာ မိုးစက် သိသော်လည်း လရောင်နှင့် သူ့အမေ၏ ဆက်ဆံရေးကို မသိတော့။

အတော်ကြီး ဆိုးဝါးနေသော အခြေအနေကို မြင်လိုက်ရတော့ အံ့ဩမှုနှင့်အတူ ကျန်ရစ်ခဲ့သော အမျိုးသမီးကြီး၏ သနားစဖွယ် မျက်နှာကို မြင်ယောင်မိသည်။

"ဘုန်းလရောင် သူက ရှင့်အမေအရင်းလား"





"ဟုတ်တယ်"

"ဒါဆိုရင် ရှင် အဲဒီလို မလုပ်သင့်ဘူး ဘုန်းလရောင်"

"မင်းနဲ့ ဘာဆိုင်လို့လဲ မိုးစက်ပွင့်"

မေမေ့ကို တွေ့လိုက်ရ၍ စိတ်ရှုပ်နေရသည့်ကြားထဲ မိုးစက်ပွင့်ကပါ ဆရာကြီးဝင်လုပ်လိုက်၍ လရောင် စိတ်တိုသွားသည်။

"ကျွန်မနဲ့ မဆိုင်ပါဘူး၊ ဒါပေမဲ့ သူက ရှင့်အမေလေ၊ ရှင် ဒီလို ဆက်ဆံဖို့သင့်လား ပြန်စဉ်းစားပါဦး၊ အင်း … ကျွန်မမှာသာ ဒီလို သားတစ်ယောက်ရှိရင် ငယ်ငယ်ကတည်းက နာနာလေးရိုက်ပြီး ဆုံးမထားမယ်"

မိုးစက် စကားတို့သည် လရောင်အတွက် အနာပေါ်တုတ်ကျသလို ဖြစ်သွားသည်။ ကားထဲကို ဒေါသတကြီး ဝင်ထိုင်ပြီး ကားဟွန်းကို လက်သီးနှင့် ထုချပစ်လိုက်သည်။ ကျယ်လောင်လှသော ကားဟွန်းသံက သူတို့ ရန်ပွဲထဲ၌ ဝင်ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးစက်မွှင် မင်းနဲ့ လုံးဝ မဆိုင်ဘူး၊ မင်းပါးစပ် ပိ
ထားလိုက်"

"မဆိုင်မှန်း သိပါတယ် ဘုန်းလရောင်၊ ရှင့်အမေ သ
ပါတယ်၊ လာ ... ကျွန်မတို့ သွားပြန်ခေါ်ရအောင်"

မိုးစက်ကလည်း တစ်ဇွတ်ထိုးစိတ်။

တစ်ခဏသာ မြင်လိုက်ရသော လရောင် အ
သနားလို့မဆုံး။

"မခေါ်နိုင်ဘူး၊ ငါ့အမေက ငါ့ကို ငယ်ငယ်လေးကတည်း
က ပစ်ထားခဲ့ပြီး နောက်အိမ်ထောင်ပြုခဲ့တာ၊ အဲဒီအတွင်း
ငါ ဘယ်လိုကြီးပြင်းခဲ့ရလဲဆိုတာ နင် နားလည်လို့လား"

မိုးစက် ချက်ချင်း နှုတ်ဆိတ်သွားသည်။ လရော
၏ ခေါသထဲမှ နာကျင်ခြင်းကို မိုးစက် တွေ့မြင်နေရသည်
လရောင်၏ နာကျင်ခြင်းတွေကို မိုးစက်က အသွင်ပြောင်းေ
ချင်လှသည်။





"သူငယ်ချင်းတွေ အလယ်မှာ မျက်နှာငယ်ငယ်နဲ့ ကြီးပြင်း
ခဲ့ရတယ်၊ သူများတွေ လှောင်ပြောင်တာကို စံပြီး ငါ့ကိုယ်
ငါ တည်ဆောက်ခဲ့ရတယ်"

လရောင် ဘာကြောင့် မာနကြီးလဲဆိုတာ မိုးစက်
အခုမှ နားလည်သည်။ ကြည့်စမ်း ... ဒီလူငယ်လေးမှာ မိုးစက်
ထင်မှတ်ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ အပြည့်ပါလား။

"အိမ်ထောင်ကျိုးဘဝထဲကနေ ပွဲထွက်လာတဲ့ ကလေးတစ်
ယောက်ရဲ့ ဘဝကို ငါ့အမေ တွေးတောစာနာပေးခဲ့လိမ့်
မယ်လို့ နင် ထင်လား မိုးစက်မွှင်"

လရောင်၏ အသံသည် အက်ကွဲတုန်ယင်နေ၏။
အစွဲအလမ်းကြီးလွန်းသောသူသည် ငယ်ဘဝကို တခြားကလေး
များနှင့်မတူ ဖြတ်သန်းခဲ့ရသည်။

"ဘုန်းလရောင် ရှင့်ဘဝကို ကျွန်မ ကိုယ်ချင်းစာပါတယ်၊
ဒါပေမဲ့ အမေက အမေပါပဲ၊ ကျွန်မတို့ကို လူဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားပေးခဲ့တဲ့ ကျေးဇူးတစ်ခုတည်းနဲ့တင် အမေဖြစ်ရဲ့

ထိုက်တန်နေပါပြီ"

လရောင် ငြိမ်သက်စွာ ငိုင်ကျသွားသည်။

"ခွင့်လွှတ်လိုက်ပါ ဘုန်းလရောင်၊ ရှင့်အမေကို ခွင့်လွှတ်လိုက်ပါ၊ ရှင့်အမေကို ရှင် ခွင့်မလွှတ်သရွေ့ ရှင်လည်း စိတ်ပင်ပန်းတယ်၊ ရှင့်အမေလည်း စိတ်ဆင်းရဲတယ်၊ ခွင့်လွှတ်ပေးလိုက်ပါ ဘုန်းလရောင်၊ နောက်ဆက်တွဲရလာ မဲ့ ကောင်းကျိုးကို အရယူလိုက်ပါ ဘုန်းလရောင်၊ အဆုံးမဲ့ ပါနဲ့"

လရောင် မိုးစက်ကို သေချာစိုက်ကြည့်လိုက်သည်။ အမြဲတမ်း ပေါက်တတ်ကရတွေ လုပ်တတ်ပြောတတ်သော ကောင် မလေးက အခု သူ့ကို နွေးထွေးနစ်သိမ့်နေ၏။

"ငါ စဉ်းစားဦးမယ်"

"ကျေးဇူးတင်ပါတယ် ဘုန်းလရောင်"





မိုးစက် မျှော်မှန်းထားသော အခြေအနေ မဟုတ် သော်လည်း ဒီလောက်အခြေအနေဆိုလည်း မဆိုး။

"မင်းက ဘာဆိုင်လို့ ကျေးဇူးတင်ရတာလဲ"

"သိဘူးလေ"

အကြောင်းကြောင်းနိုင်လှသော မိုးစက် အဖြေကို သဘောကျသဖြင့် လရောင် ပြုံးမိသွားသည်။

✤ ◉ ✤



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတစ်ဝိုက်မှာ မုန့်တွေ ပေကျံနေသော်လည်း မိုးစက်သည် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ဟမ်ဘာဂါကို အားရပါးရ ဆက်စားနေမိသည်။

လရောင် လျှောက်လာတာမြင်တော့ ပိုပြီး ပေပွနေအောင် စားမိသွားသည်။

ပြီးတော့မှ သူမ ဒီလိုလုပ်ဖို့ မလိုတော့ဟု ယူဆတာကြောင့် ပြန်သုတ်လိုက်မိသည်။

"မစင်သေးဘူး၊ ထောင့်နားမှာ ကျန်သေးတယ်၊ သုတ်လိုက်ဦး ... ရော့"





မိုးစက်သည် သူမ ရှေ့ရောက်လာသော လက်ကိုင်ပဝါလေးကို ငေးကြည့်မိသည်။ ရှင်းသန့်နေသော အပြာရောင်လက်ကိုင်ပဝါလေးက မသုတ်ရက်စရာ။

"နေပါစေ၊ မသုတ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ပေး ... ပေး ... သိမ်းထားလိုက်မယ်"

တစ်ယောက်တည်း စကားအမျိုးမျိုး ပြောနေသောလက်အပေါ် လရောင် ခါတိုင်းလို စိတ်မပျက်မိ။

"ဘာဖြစ်လို့ သိမ်းထားမှာလဲ"

"ဪ ... အမှတ်တရပေါ့"

ပြောပြီးမှ မိုးစက် ရှက်သွားသည်။ သူမနှင့် သူ့ကြားထဲမှာ အမှတ်တရ ရှိနေရလောက်အောင် ဘာအနှောင်အဖွဲ့၊ အကြိုးမျှင်မှ မရှိခဲ့။

"မလိုဘူး ထင်တယ်နော်၊ အမှတ်တရရှိရလောက်အောင်ကျွန်မတို့လည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"သိမ်းထားလိုက်ပါ မိုးစက်ပွင့်၊ ဘယ်အရာမှ ကြိုတင်မခြင် နိုင်ပါဘူး"

ကော်ဖီအေးကို တစ်ငုံချင်း အရသာခံသောက်နေသော လရောင် ပုံစံသည် ခါတိုင်းထက်ပိုပြီး ရှင်းသန့်နေသည်ဟု မိုးစက် ထင်မိလေသည်။

"ဘုန်းလရောင် ရှင့်ကို ကျွန်မ မေးခွန်းတချို့မေးလို့ ရမလား"

"မေးကြည့်လေ၊ ဖြေနိုင်ရင် ဖြေမယ်"

မိုးစက်က သူမ ရင်ထဲမှ ခိုအောင်းနေသော မေးခွန်းတွေကို တစ်ခုချင်း ထုတ်ချလိုက်သည်။

"ဘုန်းလရောင် ... ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီလောက် သည်းခံရတာလဲ"

လရောင်က ကော်ဖီအေးခွက်ကို စားပွဲပေါ်သို့ အသာ တင်လိုက်သည်။ သူ့တွင် အဖြေတစ်ခု သေချာရှိနေသော်လည်း ထိုအဖြေသည် ယခုအချိန်တွင် မသင့်တော်သေး။





"မင်း ငါ့ကို လက်ထပ်မှာလား"

အောင်မယ်။ သူက မိုးစက် မေးခွန်းမဖြေသည့်အပြင် တန်ပြန်မေးခွန်းတောင် ထုတ်နေသေးသည်။ မိုးစက် အဖြေက ချက်ချင်း ထွက်လာသည်။

"မစဉ်းစားရသေးဘူး"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ"

လရောင် သက်ပြင်းချလိုက်သည်။ မိုးစက်ပွင့်က ထိုသို့ပင် အကြောင်းကြောင်း အဖြေတစ်ခုနှင့် လမ်းလွဲကာ အဆုံးသတ်လေ့ရှိ၏။

"နေပါဦး၊ ရှင် ကျွန်မ မေးတာ မဖြေရသေးဘူးနော်"

"အဖြေက ရှင်းပါတယ်၊ မင်း ငါ့ကို လက်ထပ်ဖို့ပဲ"

လရောင် အဖြေထဲမှာ လျှို့ဝှက်ချက်တွေ အများကြီး ပါနေသည်။ မိုးစက်သည် ထိုလျှို့ဝှက်ချက်ကို အရယူဖို့ကြိုးစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ရှင်က ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ၊ ကျွန်မကလည်း မလှဘူး၊ မိန်းမတစ်ယောက်အနေနဲ့ ဆွဲဆောင်မှုလည်း မရှိဘူး"

မိုးစက် စိတ်ထဲမှာ ဝဲစ်ခါတလေတော့ သူမနှင့်ဘုန်းလရောင် နည်းနည်းမှ လိုက်ဖက်ညီမှု မရှိဟု ခံစားရလေသည်။ ဘုန်းလရောင်က ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် အမြဲတမ်းရှင်းသန့်နေ၏။

မိုးစက်ကတော့ သူနှင့် ဆန့်ကျင်ဘက်။

"မင်းက ဆွဲဆောင်မှုရှိတဲ့ မိန်းမတစ်ယောက်ပါ"

မိုးစက်ပွင့်သည် မေမေ ပြောခဲ့သော မိန်းမအမျိုးအစားထဲမှ ဒုတိယအမျိုးအစားနှင့် တူအောင် လရောင် တွေ့ရှိခဲ့ပြီ။

"ရှင် တကယ်ပြောတာလား၊ ဒါဆိုရင်တော့ ဒီနေ့အဖို့ ကျွန်မ ရှင်းရတော့မယ်ထင်တယ်"





"ရပါတယ်ကွာ၊ ငါပဲ ရှင်းပါမယ်၊ တော်ကြာ မင်းရတဲ့ မုန့်ဖိုးလေး ကုန်သွားပါဦးမယ်"

"ဩော် ... ဒါနဲ့ မနက်ဖြန် ဘာနေ့လဲ သိလား"

"ဘာနေ့မို့လို့လဲ"

လရောင် စဉ်းစားရသလောက် မနက်ဖြန် ဘာအထိမ်းအမှတ်နေ့မှ မဟုတ်။

"မနက်ဖြန် မိခင်များနေ့လေ"

လရောင်သည် သူနှင့် မဆိုင်သလို နှုတ်ဆိတ်ငြိမ်သက်သွားသည်။

မိုးစက်သည် လရောင် အခြေအနေကို အကဲခတ်ရင်း ...

"ဒီမှာ ကြည့်စမ်း ... ကျွန်မ ဘာဝယ်ထားလဲဆိုတာ"

မိုးစက်က ဘူးရှည်ရှည်လေးတစ်ဘူးကို စားပွဲပေါ်တင်ရင်း အသာဖွင့်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



နီညိုရောင်နှင့် ပန်းနုရောင် ဖောက်ထားသော မိန်းမ ဝတ် ပိုးချိတ်လုံချည်လေးတစ်ထည်။

မိုးစက်သည် လုံချည်ဘူးလေးကို သေချာပြန်ပိတ်ကာ အိတ်ထဲထည့်ပြီး ထိုအိတ်လေးကို လရောင်ဘက် တွန်းပို့လိုက်သည်။

"ရော့ ... အဲဒါ ယူလိုက်"

"ငါက ဘာလုပ်ရမှာလဲ"

မိုးစက်ပွင့် ရှုးနေပြီလားလို့ လရောင် တွေးလို့တောင် မဆုံးသေး ...

"မနက်ဖြန် ရှင့်အမေကို သွားကန်တော့လိုက်ပါ ဘုန်းလရောင်၊ ကျွန်မကို နေရာတကာ ဝင်ပါတယ်လို့ ထင်ရင်လည်း ထင်ပါ"

"မိုးစက်ပွင့် ... မင်း"

"မိခင်တစ်ယောက်ရဲ့ ခံစားချက်ကို မိန်းမတွေကသာ နားလည်တာပါ ဘုန်းလရောင်၊ ရှင် သွားမကန်တော့ဖြစ် ရင်လည်း လွှင့်ပစ်လိုက်ပါ"





မိုးစက်သည် ဘာမှ ပြောစရာမရှိတော့သလို ပြန်ဖို့ ထရပ်လိုက်သည်။ ဒီနေ့အဖို့ ဘုန်းလရောင်ကို တစ်ယောက်တည်း ထားခဲ့တာ ပိုကောင်းပေလိမ့်မည်။

ခဏကြာတော့ ဆိုင်ထဲမှာ ဘုန်းလရောင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

✣ ✪ ✣



www.burmeseclassic.com

www.burmeseclassic.com



မီးရောင် ထွလက်လက် လင်းနေသော မြို့ကြီးကို ကြည့်ပြီး လရောင် မျက်လုံးပြူးသွားသည်။ သစ်ပင်ကြီးတွေပေါ်မှာ ရောင်စုံမီးလုံးလေးတွေက လက်ဖြာတောက်ပနေလေ၏။

စားပွဲဝိုင်းလေးတွေကလည်း အစီအရီ။ ဒါ သူ့အိမ် မှ ဟုတ်ရဲ့လား။

"ဒီနေ့ ညနေ ခြောက်နာရီ အရောက်ပြန်လာခဲ့နော်" ဆိုသည့် မေမေ့ စကားသည် တစ်ခုခု ထူးခြားနေမှန်း အစက လရောင် သိသည်။

သူ့ကို အသိမပေးဘဲ မေမေ ဘာတွေ လုပ်နေပြန် ပြီလဲ။ လရောင် ကားထိုးရပ်လိုက်တော့ မေမေက ဆီးကြိုနေ၏။





"မေမေ ဘာတွေ လုပ်နေတာလဲ၊ မီးတွေကလည်း လင်းထိန် နေတာပဲ၊ ဘာအထိမ်းအမှတ်လဲ"

"ဒီနေ့ သားမွေးနေ့လေ"

"ခင်ဗျာ"

သူ နှစ်စဉ် နှစ်တိုင်း မေ့လျော့ထားခဲ့သည့် မွေးနေ့။ အခု ရောက်လာပြန်ပြီ။

"သားမွေးနေ့အတွက် အမှတ်တရ ဖြစ်သွားအောင် မေမေ စီစဉ်ထားတာ၊ သား သူငယ်ချင်းတွေအားလုံးလည်း ဖိတ် ထားတယ်၊ မကြာခင် ရောက်လာလိမ့်မယ်။ သား သွား အပေါ်တက် ရေချိုးပြီး အဝတ်အစားလဲ၊ ပြီးရင် ပြန်ဆင်း လာခဲ့နော်၊ ဧည့်သည်တွေ ရောက်တော့မယ်"

သူ မကြိုချင်သည့် ပွဲတစ်ခုကို ကြိုရဦးမည်ဆိုတာ စဉ်းစားမိတော့ လရောင် စိတ်နောက်သွားသည်။ သူ တမင် သက်သက် မေ့လျော့ထားခဲ့သောနေ့တစ်နေ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ဒီနေ့ကို သူ မရောက်ချင်။ မဖြ
သန်းချင်။

"ဖေဖေ"

"သား မြန်မြန်သွား မြန်မြန်ဆင်းလာနော်၊ ဟော ... ဦးတင်နွယ်တို့တောင် လာနေပြီ၊ ဖေဖေ သွားညှိခံလိုက်ဦးမယ်၊ မြန်မြန်လာခဲ့နော် လရောင်"

ဖေဖေ့ကို လရောင် ဘာမှ ပြောခွင့်မကြုံလိုက်။ ဖေဖေ ဖန်တီးပေးသော အမှတ်တရပွဲလေးကို သူ မဖျက်ဆီးလိုတာကြောင့် ရေမိုးချိုးပြီး ပြန်ဆင်းလာလိုက်သည်။

လရောင် အောက်ရောက်တော့ သူငယ်ချင်းတွေပင် အတော်စုံလင်နေပြီ။

"လရောင် ... မင်းကတော့ကွာ၊ မင်း မွေးနေ့ကို ကိုယ်တိုင် မဖိတ်နိုင်ရအောင် ဘာတွေအလုပ်များနေလဲ"





"မများပါဘူးကွာ၊ ဒီမွေးနေ့ပွဲကို ဖေဖေ ကျင်းပပေးတာ၊ ငါကိုယ်တိုင်တောင် မသိဘူး၊ အခုမှသိတာ"

"ကဲ ... ဒါဆို အပြစ်မှ လွတ်စေ"

သူငယ်ချင်းတွေနှင့် ပျော်နေသည့် အချိန်မှာ သူ တ်တရက် သတိရလိုက်တာက မိုးစက်ပွင့်။ သူမကို ဖေဖေ ခိတ်ထားရဲ့လား။

ဖေဖေ့ကိုလည်း ပြောင်ကြီး လရောင် ဖွင့်မမေးရဲ။

တဖြည်းဖြည်းနှင့် လူပါးကာ ညှိသည်ပါးသွားသည်အထိ သူမ ရောက်မလာတော့ လရောင် စိတ်လျှော့လိုက်သည်။

အင်း ... ဖေဖေ သူမကို ဖိတ်ဖို့ မေ့ကျန်နေခဲ့ပြီဖြစ်မည်။

"သားရေ ... မွေးနေ့လက်ဆောင်တွေ သွားကြည့်ရအောင်"

"ဟာ ... ဖေဖေကလည်း ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အလိုကျ နေခဲ့ပြီးပြီ။ မွေးနေ့လက်ဆောင်ရွေ ဘာတွေ လရောင် စိတ်မဝင်စား။ စိတ်ဝင်စားရမည့် အရွယ်လည်း မဟုတ်။

"လာစမ်းပါ သားရယ်၊ သွားကြည့်ရအောင်"

မေမေ အတင်းဆွဲခေါ်တော့ သူ မငြင်းသာပဲ ပါ သွားသည်။

စားပွဲပေါ်မှာ အစီအရီ ရှိနေသော မွေးနေ့လက်ဆောင် တွေကို လရောင် စိတ်မပါစွာ ကြည့်မိသည်။

ကြည့်နေရင်း ... ကြည့်နေရင်းနှင့် မွေးနေ့လက် ဆောင်တစ်ခုအပေါ်သို့ အကြည့်ရောက်သွားသည်။ အရုပ်လေး တစ်ရုပ်။

လရောင်သည် စိတ်လှုပ်ရှားစွာ သည်အရုပ်လေးကို ကောက်ကိုင်ခဲ့မိသည်။ စစ်ဗိုလ်ရုပ်လေး။ သူ ငယ်ငယ်က နောက်ဆုံး ရရှိခဲ့သော မေမေရဲ့ မွေးနေ့လက်ဆောင်လေး။





သူ့လက်တွေ တဆတ်ဆတ် တုန်ယင်လာသည်။

"မေမေ ဒါက"

မေမေသည် သူ့အား ကြင်နာစွာ ပြုံးပြရင်း ...

"သားအမေ ပေးခဲ့တာ"

လရောင် ရင်ထဲ တင်းကျပ်လာပြန်သည်။ ဒီနေ့ မမျှော်လင့်တာတွေ သိပ်များနေပြီ။ အရုပ်လေးကို ကြည့်ရင်း အရောင် ဝမ်းနည်းလာသည်။

သူ့ရဲ့ မွေးနေ့။ မေမေနှင့် မမေ လမ်းခွဲခဲ့သည့် နေ့။ မေမေ သူ့ကို ထားရစ်ခဲ့သောနေ့။

"သားအမေ အိမ်ထဲမှာ စောင့်နေတယ် သား၊ သွား တွေ့လိုက်ပါ"

မေမေ့ကို တွေ့ဖို့တဲ့။ မိုးစက် ပေးခဲ့သော ချိတ်လုံး ...ည်သည် သူ့ဆီမှာ ဒီအတိုင်းရှိနေဆဲ။ အမေများနေ့လည်း ...ျော်လွန်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို တွေ့ဖို့ သူ့ဘက်က ဘာမှ အခက်အခဲ မဖြစ်သေး။

သူ့ကို ထားခဲ့နိုင်သော မေမေ့ကို အပြစ်တင်ချင်စိတ် နှင့် ခွင့်လွှတ်ချင်စိတ်က လွန်ဆွဲနေကြသည်။

သို့သော် အပြစ်တင်ချင်စိတ်က အနိုင်ရသွားသည်

"ကျွန်တော် သူနဲ့ မတွေ့ချင်ဘူး ဖေဖေ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်ကို သူ ထားပစ်ခဲ့တာ ကျွန်တော် ဘယ်တော့မှ မမေ့ဘူး ဖေဖေ"

"သားကို သူ လာပြန်ခေါ်ခဲ့တာပဲကွယ်"

မေမေ့အပေါ် ဘာအပြစ်တင်ချင်စိတ်မှ မရှိသော ဖေဖေ့ရဲ့ မေတ္တာကို လရောင် အံ့ဩမိသည်။ ဖေဖေ မေမေ့အပေါ် ထားရှိသော အချစ်သည် အပြစ်တင်ခြင်းမရှိ။ ဖြူစင်ခြင်း အစွန်းအရှင်းမရှိ၊ ဘာမှ မရှိအောင်ဖြူစင်လွန်းလှသည်။





"ပထွေးတစ်ယောက်က ဖအေရင်းတစ်ယောက်လို ကောင်းနိုင်မလား ဖေဖေ"

"သားရယ် ... စိတ်လျှော့လိုက်ပါတော့၊ အရာရာ ပြီးခဲ့ပြီပဲ၊ ခွင့်လွှတ်လိုက်ပါတော့ကွယ်၊ မင်းအမေကို ခွင့်မလွှတ်ဘူး ဆိုတဲ့ အသိနဲ့ စိတ်ကြီးတင်းထားရတာ ငါ့သား ပင်ပန်းပါ တယ်"

ဦးသိန်းနိုင် သားဖြစ်သူကို ကြင်နာသနားစွာ ကြည့်သည်။

မာနနှင့် တည်ဆောက်ထားသော သားဖြစ်သူကို ချွင်စေချင်သည်။

"ကျွန်တော် ... ကျွန်တော် မသိတော့ဘူး ဖေဖေ"

လရောင်သည် မျှော်ကြီးပန်းကြီး မြေးထွက်လာတော့ ပွင့်နှင့် တိုးသည်။ မိုးစက်သည် အခြေအနေအားလုံးကို ခဲ့ပြီးပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးနေသော လရောင်အား ကရုဏာသ... စွာကြည့်ပြီး ...

"ဆောရီး ဘုန်းလရောင်၊ ကျွန်မ ရောက်လာတာ အ... ကောင်းမဟုတ်ဘူးထင်တယ်၊ နောက်မှ တွေ့ကြတာ... ကျွန်မ ပြန်တော့မယ်"

မိုးစက်သည် အခြေအနေကို မြင်တွေ့ပြီး နားလ... စွာပင် လှည့်ထွက်ဖို့ ကြိုးစားလိုက်သည်။

လရောင်သည် အသက်ခပ်ပြင်းပြင်းရှူထုတ်... မိုးစက်ပွင့်ကို လှမ်းတားလိုက်သည်။

"မပြန်ပါနဲ့ဦး မိုးစက်ပွင့်၊ ငါနဲ့ ခဏလောက် နေ... ဦးလေ"

အခုချိန်မှာ သူ့ကို နှစ်သိမ့်ပေးဖို့ လူတစ်ယော... လိုအပ်သည်။ ထိုသူသည် မိုးစက်ပွင့်မှ လွဲ၍ တခြားသူ ... နိုင်။ သူ လိုအပ်နေတာ သူမသာဖြစ်၏။





မိုးစက် လရောင်ကို လှည့်ကြည့်မိသည်။ အဖော်... ...စ်ယောက်ကို ခုံခုံမင်မင် လိုအပ်နေသော လရောင်ပုံစံသည် ...တိုင်း မာနကြီးနေကျ ယောကျ်ားတစ်ယောက်နှင့် ဘာမှမဆိုင်။

"လာလေ ... ကျွန်မတို့ လမ်းထိပ်ကို လမ်းလျှောက်ကြ ရအောင်"

"အင်း"

သူတို့နှစ်ယောက် ကုန်းဆင်းလေးအတိုင်း လမ်း ...လျှောက်လာကြပြီး လမ်းထိပ်အုတ်ခုံလေးမှာ ဝင်ထိုင်ဖြစ်သွား ...သည်။

"ဘုန်းလရောင် ကြယ်တွေကို ရေကြည့်ရအောင်"

"မရေချင်ပါဘူး"

"ပြိုင်မယ်လေ၊ ဘယ်သူက ပိုပြီး ရေတွက်နိုင်သလဲလို့"

ပြိုင်ပွဲတွေကို စိတ်ဝင်စားသည် လရောင်က အလွယ် ...တစ္ လက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အာတွေပေါက်အောင် ပြိုင်ပြီး ရေတွက်ကြသော်လည်း အနိုင်အရှုံးမပေါ်။ နောက်ဆုံးတော့ များပြားလှသော ကြယ်စင်ကြယ်ခက်တွေက သူတို့နှစ်ယောက်ကို အနိုင်ရသွားသည်။

✣ ۞ ✣





"မိုးစက်ပွင့် ဒီနေ့ အိမ်ကို တန်းပြန်ရအောင်"

"ဘာဖြစ်လို့လဲ"

"ငါ သိပ်ပြီး နေမကောင်းချင်ဘူး"

မိုးစက် မရည်ရွယ်ဘဲ လရောင် နဖူးကို စမ်းသပ်မိသွားသည်။ ခြစ်ခြစ်တောက် ပူနေသော အပူချိန်သည် မိုးစက် လက်ဖဝါးကို ထိတွေ့သွားသည်။

"ဟာ … ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေတာပဲ"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ ဒီလောက်ပူနေတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သည် ချက်ချင်းပင် အဘွားအိုကြီးလေးတစ်ယောက်လို ပုပန်သွားသည်။ မနေ့ညက မိုးစက် ပြန်သွားခဲ့သော်လည်း အပြင်မှာ လရောင် တစ်ယောက်တည်း ဆက်ပြီး ထိုင်နေခဲ့မိသည်။ သတိရလို့ နာရီကြည့်မိတော့ နှစ်နာရီထိုးလုလု။

အပြင်က အအေးဒဏ်ကြောင့် တစ်မနက်လုံး သူနေမကောင်းချင်တော့။

"ဆေးသောက်ပြီးပြီလား"

"မသောက်ရသေးဘူး မိုးစက်ပွင့်၊ ငါ ... ငါ အရမ်းချမ်းတာပဲ"

ပြောနေရင်းနှင့်ပင် လရောင်သည် မဟန်နိုင်တော့သလို ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

"ဘုန်းလရောင် ... ဘုန်းလရောင်"

ကားစတီယာရင်ပေါ် မျက်နှာအပ်ပြီး ငြိမ်သက်သွားသော လရောင်ကို ကြည့်ပြီး မိုးစက် ထိတ်လန့်သွားသည်။ သူမ လှုပ်ခေါ်နိုးသော်လည်း လရောင် တုတ်တုတ်မှ မလှုပ်။





ဒုက္ခပါပဲ။ မိုးစက်သည် ဘာလုပ်ရမှန်းမသိအောင် ပျာယာခတ်သွားသည်။

"ဘုန်းလရောင် ... ဘုန်းလရောင် ထပါဦး ... ထပါဦး"

နောက်ဆုံးတော့ မိုးစက်သည် သူမတို့၏ မိသားစုဆရာဝန်ကို သတိရသွားသည်။ လရောင် ခန္ဓာကိုယ်ကြီးကို မနိုင်မနင်း ဆွဲဖယ်ပြီး ကားမောင်းသူနေရာမှာ မိုးစက်ဝင်ထိုင်ပြီး မောင်းထွက်ခဲ့သည်။

မိသားစုဆရာဝန် အဆင်သင့် ရှိနေသည့်အတွက် ကံကောင်းသွားခဲ့သည်။

"ဆရာ ... ဆရာ ... ကယ်ပါဦး ... ကယ်ပါဦး"

"ဘာဖြစ်လာတာလဲ ခေါ်မိုးစက်ရဲ့"

အမြဲတမ်း နောက်ပြောင်ပြီး ပျော်ပျော်နေတတ်သော ဆရာဝန်ကြီးက မိုးစက်ကို ခါတိုင်းလိုပင် ဆီးကြိုကာ နောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါဦး ဆရာရယ်၊ ကယ်ပါဦး … ဒီမှာ လာကြည့်ပါဦး"

မိုးစက်သည် တုန်တုန်ယင်ယင်နှင့် ဆရာဝန်ကြီး လက်ကို ဆွဲပြီး ကားပေါ်မှာ သတိလစ်နေသော လရောင်ကို ပြလိုက်သည်။

"ဟာ … ဘယ်လိုဖြစ်တာလဲ ညိုကြီး … ညိုကြီး … ညိုကြီး လာစမ်း၊ လူနာကို အိမ်ထဲ အမြန်သယ်"

လရောင်ကို ဆရာဝန်ကြီး၊ ဆေးကုသပြီးသည်အထိ မိုးစက် မလှုပ်ရှားမိသေး။ တစုံတစ်ခုသော ခံစားချက်သည် မိုးစက်ကို ငြိမ်သက်စွာ ဖမ်းစားထား၏။

မိုးစက်သည် လူနာအခန်းအပြင်မှာ စောင့်နေရင်းနှင့် မျက်ရည်တွေ တောက်ခနဲ တောက်ခနဲ ကျလာသည်။ ဘာမှန်း မသိသော ဝမ်းနည်းစိတ်က မိုးစက်ကို ဖုံးလွှမ်းထား၏။

"ကဲ … ဒေါ်မိုးစက်၊ ငိုမနေနဲ့တော့၊ စိတ်ချရပြီ။ ခဏနေ သတိရလာလိမ့်မယ်၊ ဝင်ကြည့်ရင် ဝင်ကြည့်တော့"





"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ဆရာဝန်ကြီးက အခန်းဝအထိ လျှောက်သွားပြီးမှ နောက်ပြန်လှည့်ကာ မေးခွန်းတစ်ခု မေးလိုက်လေ၏။

"နေပါဦး … လူနာက ညည်းနဲ့ ဘာတော်လဲ"

"ဟိုလေ … ဟို …"

မိုးစက်သည် ရုတ်တရက် ဘာဖြေရမှန်းမသိ။ သူနှင့် မိုးစက်သည် သူငယ်ချင်းလည်း မဟုတ်၊ သမီးရည်းစားလည်း မဟုတ်။ ဘာမှန်းမသိသော အခြေအနေ။

"ဟိုလေ … ကျွန်မ မိတ်ဆွေပါ ဆရာ"

ဆရာဝန်ကြီးက ငါ သိပါတယ်ဆိုသော အပြုံးမျိုးနှင့် …

"ဟုတ်ရဲ့လား၊ မိတ်ဆွေတစ်ယောက်အတွက် ဒီလောက် ငိုတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ညည်းအဖေလည်း ဟိုတစ်ခါက အဲဒီလိုမျိုး သတိလစ်ဖူးတာပဲ၊ ညည်း မငိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆရာကလည်း"

"ဘာလဲ ... ညည်း ဖြစ်နေတာကို ညည်း အမေဆီ ဖုန်းဆက်ပြောဦးမှ"

ဆရာဝန်ကြီး နောက်ပြောင်ရယ်မောကာ ထွက်သွားတော့ မိုးစက် အခန်းထဲ ဝင်လာခဲ့သည်။

လရောင်သည် ခုတင်ပေါ်၌ အိပ်မောကျနေဆဲဖြစ်၏။

မိုးစက် ခုတင်ဘေးက ခုံပုလေးမှာ ဝင်ထိုင်ပြီး လရောင်အား ငြိမ်စွာ ငေးကြည့်မိ၏။ စိမ်းစိုနေသော ပါးမြိုင်းမွေးညင်းလေးများသည် လရောင် မျက်နှာအား ထင်ရှားစွာ ရှင်းသန့်အောင် အထောက်အပံ့ ပေးထားရလသည်။

လရောင်ဆီမှ ခပ်တိုးတိုး ညည်းသံ ထွက်ပေါ်လာသည်။





"မေမေ ... မေမေ"

လရောင်၏ မသိစိတ်ထဲမှ ခံစားချက်ကို မိုးစက် သိလိုက်ပြီ။

လူမသိ သူမသိသော ခံစားချက်တွေနှင့် လရောင် အသက်ရှင်ခဲ့ရတာ ပင်ပန်းပေလိမ့်မည်။

"မိုးစက်ပွင့်"

"ဘုန်းလရောင် ... ရှင် သတိရလာပြီလား"

"အင်း ... ငါ ဘယ်ရောက်နေတာလဲ"

"ကျွန်မ အသိဆရာဝန်တစ်ယောက်ရဲ့ အိမ်မှာ"

"ပြန်ကြရအောင်လေ"

"ခဏလှဲနေဦး၊ ချက်ချင်းမထနဲ့၊ ပြီးမှ သွားမယ်၊ နေမကောင်းရင်လည်း အိမ်မှာ နေပါလား၊ ဘာလို့ ကျောင်းလာကြိုတာလဲ၊ လူကို လန့်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စောင့်နေမှာစိုးလို့"

မိုးစက် မျက်ဝန်းတွေ မှိုအစ်နေတာမြင်တော့ လရောင် ဇဝေဇဝါ ဖြစ်သွားသည်။ မိုးစက်ပွင့် ငိုကြွေးထားခဲ့လေသလား။

"မင်း ငိုထားတာလား"

ဒါကိုတော့ မိုးစက် ဝန်မခံချင်။

"မငိုပါဘူး၊ ဘာလို့ ငိုရမှာလဲ"

"အင်း ... ငိုထားတယ် ထင်လို့ပါ"

မိုးစက်ကို အတင်းအကျပ် ဝန်ခံခိုင်းတာမျိုးတော့ လရောင် မလုပ်ချင်သဖြင့် အသာနှုတ်ဆိတ်နေလိုက်သည်။

"မိုးစက်ပွင့် ငါ့ကို တစ်ခု ကူညီပါလား"

"ပြောလေ၊ တတ်နိုင်ရင် ကူညီမှာပေါ့"

လရောင်သည် တစ်ခုခု ပြောမည်ဟန်ပြင်ပြီးမှ မပြောဖြစ်တော့။





သူ့ရဲ့ သိမ်ငယ်မှုတွေအားလုံး မိုးစက်ပွင့်ဆို သည့် သူမရှေ့မှာ ချမပြချင်။

မိုးစက်ပွင့် အရှေ့မှာ သူသည် မာနနှင့် ထည်ဝါနေသော ယောကျ်ားတစ်ယောက် ဖြစ်စေရမည်။

"နေပါစေတော့၊ ဘာမှ မဟုတ်တော့ဘူး"

"ဖြစ်ပြန်ပြီ အမျိုးမျိုး"

လရောင် မေမေ့ဆီ သွားချင်လာသည်။ ခုနက အိပ်မက်ထဲမှာ သူ မေမေ့ကို တွေ့ရသည်။

မေမေသည် မျက်ရည်များနှင့် သနားစဖွယ်ကောင်းအောင် သူ့ကို ငေးကြည့်နေသည်။ မေမေ့ မျက်ရည်များကို တွေ့ရတော့ သူ့နှလုံးသားက နာကျင်တုန်လှုပ်သွားသည်။

"ပြန်ကြရအောင် ဘုန်းလရောင်၊ နောက်ကျနေပြီ၊ အိမ်ရောက်ရင် မွေးမွှေးထွေးထွေးနေနော်၊ ဆေးသောက်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မမေ့နဲ့ဦး၊ ထမင်းတွေလည်း စားမနေနဲ့ဦးနော်၊ ဆ

လေးပဲဖြစ်ဖြစ်သောက်၊ နေမကောင်းဘူးဆိုတော့ အေ

ဆေးဆေး အနားယူ၊ ကျွန်မဆီလည်း မလာနဲ့”

မိုးစက်သည် စိတ်မချသလို တတွတ်တွ

လရောင်အား မှာကြားနေမိသည်။

ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်းကျိတ်ခံမည့်

ကွေထဲမှာ လရောင် ထိပ်ဆုံးက ပါလိမ့်မည် ဆိုတာ မိုးစ

သိပြီးသား။

ထိုနေ့ ညနေက လရောင်အား မိုးစက်ပွင့်က

ပို့ပေးခဲ့သည်။

“တစ်ခုခုဖြစ်ရင် ကျွန်မဆီကို ချက်ချင်း ဖုန်းဆက်

ကားကို ကျွန်မ ယူသွားမယ်၊ မနက်ဖြန်ကျရင် ဦးတို

နဲ့ ပို့ခိုင်းလိုက်မယ်”





“ကျေးဇူးတင်ပါတယ် မိုးစက်ပွင့်၊ ဒါပေမဲ့ ကျေးဇူးက

ကျေးဇူး အကြွေးကအကြွေးပဲဆိုတာတော့ မင်း မှတ်ထား

ပေးပါ”

လရောင့်အရှေ့မှာ ကာကွယ်ထားသော နောက်ထပ်

မာနတစ်ထပ်ကို မိုးစက် စိတ်ပျက်စွာ တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် သိလိုက်ပါပြီ။ မိုးစက် သူ့ကို မြတ်နိုး[illegible]
ချစ်မိခဲ့ပြီ။

ကြင်နာစွာ ချစ်မိခဲ့ပြီ။

အပြစ်မယူရက်အောင် ချစ်မိခဲ့လေပြီ။

မိုးစက်သည် ငြိမ်သက်နေသော ကန်တော်ကြီးရေပြင်
ကို ငေးကြည့်နေမိသည်။ ဒီနားမှာ သူတို့ မကြာခဏ တွေ့ဖြစ်
ကြသည်။

ဒီနားမှာပဲ မိုးစက် လရောင်အား ကိုကိုဟု ခေါ်ခဲ့
သည်။ လရောင် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့တာကို သတိရမိသည်။





မိုးစက် အတွေးတောင်မဆုံးသေး။ လရောင် ရောက်
လာသည်။ အစိမ်းနုရောင် ရှပ်အင်္ကျီလက်ရှည်နှင့် အနက်
ရောင် ဘက်ဂီဘောင်းဘီပွပွကို ဝတ်ဆင်ထားသော လရောင်ပုံစံ
ကို ရင်ခုန်လှုပ်ရှားဖွယ် တွေ့မြင်ရလေ၏။

"မိုးစက်ပွင့် ... မင်း ရောက်တာ ကြာပြီလား"

"ဟုတ်ကဲ့"

မိုးစက်ပွင့် ခပ်ရေးရေးပြုံးနေတာကို လရောင် အဝေး
ကတည်းက မြင်နေရသည်။ အမြဲတမ်း နောက်ကျလေ့ရှိသည့်
သူက ဒီတစ်ခါတော့ ထူးထူးဆန်းဆန်း စောစီးစွာ ရောက်နှင့်
နေ၏။

"နေကောင်းသွားပြီလား ဘုန်းလရောင်"

"အင်း ... ကောင်းသွားပြီ၊ ပြောစရာရှိတယ်ဆို"

မိုးစက်ပွင့် ထူးထူးဆန်းဆန်း ပြောစရာရှိတယ်ဆို
ပြီး သူ့အား ဒီနေရာ ချိန်းဆိုခဲ့တာ နည်းနည်းတော့ အံ့သြစရာ။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... ထူးထူးဆန်းဆန်းနဲ့ ပေါက်ကရတွေ လုပ်လေ့ရှိတာ မိုးစက်ပွင့်ပဲဟာ။

မိုးစက်သည် လရောင်အား မက်မောစွာ တစ်ချက်မော့ကြည့်ပြီး ခေါင်းငုံ့ချလိုက်သည်။ မိုးစက် သူ့အား အပြစ်မယူရက်အောင် ချစ်မိသည့်အတွက် ရှုးနစ်စွာ ခံစားရတော့မည်။

"လရောင် ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ချင်တာလဲ"

မိုးစက် အခေါ်အဝေါ် ပြောင်းသွားတာကို လရောင် သတိပြုမိသည်။

သူ ရင်မဆိုင်ချင်ဆုံးအရာက မိုးစက်ပွင့်ဆီမှ မေးခွန်းတွေသာဖြစ်၏။

"ဖြေလေ လရောင် ဘာဖြစ်လို့လဲ၊ အဖြေမရှိတာလား မဖြေချင်တာလား"

ဒီမေးခွန်းတွေကို သူ ရှောင်ရှားချင်လိမ့်မည်ဆိုတာ မိုးစက်ပွင့် သိသည်။ ကန်ရေပြင်ကို ငြိမ်သက်စွာ ငေးကြည့်နေ





လရောင်သည် သူမ ပြောတာ ဘာမှ မကြားခဲ့သလို နည်းနည်းလေးမှ မလှုပ်။

"လရောင် မဖြေချင်ရင် ကျွန်မ ဖြေပေးရမလား"

သူ့အကြောင်းကို သူမက ဘယ်လောက်သိနိုင်မှာ

"အဖြေက ရှင်းပါတယ်၊ ကျွန်မက ရှင့်ကို လက်မထပ်ချင်လို့ ပေါက်ကရစကားတွေ ပြောပြီး ပေါက်ကရပုံစံတွေ ဝတ်ပြတယ်၊ ဒါကို ရှင် သိတော့ ငါလိုလူကို လက်မထပ်ချင်ရအောင် သင်းက ဘာမို့လို့လဲ၊ ဒီလောက်တောင် ဖြစ်ရတာ ငါ့ကို လက်ထပ်ချင်အောင် လုပ်မယ်ဆိုပြီး ကျွန်မအနား ရောက်လာခဲ့တာ မဟုတ်လား"

လရောင် မိုးစက်အပေါ် လျှော့တွက်မိသွားသည်။ ရင်ထဲမှ အမှန်တရားတွေကို မိုးစက်ပွင့်က တစ်ခုချင်းဆီ ဖော်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်သည် လရောင်ဆီမှ မျက်နှာလွှဲရင်း နာကျင်စွာ ပြုံးမိသွားသည်။ မိုးစက်သည် သူ၏ အကြံအစည်ကို သိလျက်နှင့်ပင် သူ့အား လိုလားစွာ လက်ခံမိခဲ့သည်။

"ဘယ်လိုလဲ ... ဟုတ်တယ် မဟုတ်လား"

လရောင် အခုထက်ထိ ဝန်မခံနိုင်သေး။ မိုးစက်ပွင့်နှင့် သူမ၏ အပြုံးကို အံ့ဩစွာ ငေးကြည့်နေမိဆဲ။

"ဒါပေမဲ့ တကယ်တမ်းတော့ ရှင် ကျွန်မကို လက်ထပ်ချင်မှ လက်ထပ်မှာပေါ့နော်၊ ဟုတ်တယ် မဟုတ်လား"

မိုးစက်သည် သူမ၏ ဉာဏ်ရည်ထက်မြက်မှုကို အမြဲတမ်း ဂုဏ်ယူခဲ့သော်လည်း ဒီတစ်ခါတော့ ကိုယ့်ကိုယ်ကိုထိ မုန်းတီးသွားသည်။

မိုးစက်သာ ဘာမှ မသိတဲ့ နလိန်ပိန်းတုံးဆိုရင် ကောင်းမှာပဲ။ သိပ်ကို ပျော်ရွှင်မိမှာပဲ။

"ဘာဖြစ်လို့ ငြိမ်နေတာလဲ လရောင်၊ အဖြေတစ်ခုခု ပေးဦးမှပေါ့"





လရောင် ဝန်မခံ၍ မရတော့။

"ဟုတ်တယ် မိုးစက်ပွင့်၊ မင်း ပြောတာ အားလုံး အမှန်ပဲ"

လရောင် သိလိုက်ပြီ။ သူ့ရင်ထဲမှ အရာတွေကို မိုးစက်ပွင့် ကြိုသိနေခဲ့၏။ သူ ရှုံးနိမ့်ရတော့မည်။ မိန်းမတွေကို အထင်မကြီးသည့် သူက ဘာမဟုတ်သော မိန်းမတစ်ယောက်ကို ရှုံးနိမ့်ရတော့မည်။

လရောင် သူမအပေါ် အလျှော့ပေးခဲ့တာတွေ၊ သည်းခံခဲ့တာတွေ အားလုံး အလကားဖြစ်ရတော့မည်။ မိုးစက်ပွင့်၏ အကင်းပါးမှုအောက်မှာ ပျောက်ဆုံးကုန်တော့မည်။

"ဒါပေမဲ့ ရှင့်ရဲ့ ရည်ရွယ်ချက်တွေ အားလုံး အောင်မြင်ပါတယ် လရောင်"

မိုးစက်သည် သူ့ဆီမှာ တိတ်ဆိတ်စွာ ကျဆုံးခဲ့လေပြီ။ လရောင် သိပ်ပြီး အားမထုတ်ရဘဲနှင့် မိုးစက် အလံဖြူပြခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



လရောင် ဘာမှ နားမလည်။ သူ သိသလောက် သူ့ရဲ့ မာနတွေ သိက္ခာတွေ ဘာမှ မရှိတော့။

"မင်း အကုန်သိနေပြီပဲ မိုးစက်ပွင့်၊ ငါ ဘာပြောရဦးမှာလဲ"

"မဟုတ်ဘူး လရောင်၊ ရှင် တကယ် အောင်မြင်သွားတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ..."

မိုးစက် အသံသည် တိုးတိမ်စွာ ဆက်ပြီး ပေါ်ထွက်လာ၏။

"ကျွန်မ ... ကျွန်မ ရှင့်ကို ချစ်လို့ပဲ ဘုန်းလရောင်"

လရောင် ရပ်နေသော မြေကြီးသည် သွက်သွက်ခါအောင် တုန်လှုပ်သွားသည်။ ကောင်းကင်ပေါ်၌ ကြယ်စင်ကြယ်ခက်တို့သည် အချိန်အခါ မဟုတ်ဘဲ ဖြန်းခနဲ ရောက်ရှိလာကြသည်။ နေမင်းသည် သူ့ကို ခစားရန် ကြွေသက်လာသည်။

လရောင် မိုးစက်ပွင့်အား ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ မိုးစက်ပွင့်သည် မတုန်လှုပ်သော အပြုံးတစ်ပွင့်နှင့် တည်ရှိနေဆဲဖြစ်၏။





မိုးစက်သည် ဒီစကားပြောလိုက်ရသည့်အတွက် ...ထဲ ပေါ့ပါးသွားသလို ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစား...တ်ရသည်။

"အချစ်က သိပ်ကို အံ့သြဖို့ကောင်းတယ် လရောင်၊ စိတ်ထဲမှာ ရှင့်ကို သဘောမကျပါဘူးလို့ စဉ်းစားနေရင်းက အခြားတစ်ဖက်မှာ ရှင့်ကို ချစ်မိသွားတယ်၊ ရှင့်ကို လက်မခံမိစေရဘူးလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေတဲ့ကြားထဲက ရှင့်ကို ချစ်ခဲ့မိတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ အချစ်က ရှင်းသန့်ပါတယ် လရောင်၊ ကျွန်မရဲ့ အချစ်မှာ မာနမရှိဘူး၊ အရှုံးအနိုင် မရှိဘူး၊ အဖြူထည်သက်သက်ပါ"

မိုးစက် စကားများသည် လရောင် ရင်ထဲသို့ နူးညံ့...မ်မွေ့စွာ စီးဝင်လာကြသည်။

ဒီလောက် နူးညံ့သော စကားမျိုး မိုးစက်ပွင့် ပြော...တတ်သတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကို ချစ်တာ ဘယ်လို အချစ်မျိုးလဲဆိုတော့ ရှင့်အဖေက ရှင့်အမေကို ချစ်တဲ့ အချစ်မျိုးလေ၊ ဘာမျှော်လင့်ချက်မှ မထားတဲ့ အချစ်မျိုးပေါ့"

လရောင် တုန်လှုပ်သွားသည်။ ဖေဖေ့၏ ချစ်ခြင်းကို လရောင် စိတ်ထဲကနေ အားကျခဲ့ရသည်။ လေးစားခဲ့ရသည်။ အခုတစ်ခါ သူမ၏ ချစ်ခြင်း ...။

မိုးစက် မျက်ဝန်းများကို ခဏမှိတ်ပစ်လိုက်သည်။ သူ့ကို ချစ်ရတာ ပြင်ပန်းလှသည်။ သို့သော် မိုးစက် ဘာမျှော်လင့်ချက်မှ မထားသည့်အတွက် အချိန်အနည်းငယ်ကြာလျှင် သက်သာသွားပေလိမ့်မည်။

"ကျွန်မ အခုလို ပြောတဲ့အတွက် နောင်တမရပါဘူး လရောင်၊ အချစ်မှာ နောင်တဆိုတာ မရှိပါဘူး၊ ကျွန်မ အခုလို ပြောတဲ့အတွက်လည်း ရှင် စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ကျွန်မတို့ လက်ထပ်မဲ့ကိစ္စကိုလည်း ရှင် ကြိုက်သလို ဆုံးဖြတ်ပါ"





လရောင်ဆီမှာ ရှိနေသော မာနသည် လရောင် ရှေ့မှ တားဆီးထားသည်။ သူသည် မိုးစက်ကို မရိုးသားရဲ၊ မပွင့်လင်းရဲ။

ငယ်စဉ်က သိမ်ငယ်စိတ်ကြောင့် ထားခဲ့သောမာနက အရာရာကို တားဆီးထားသည်။ အမြဲတမ်း သူ့ရှေ့မှာ ရှိနေခဲ့တာက မခံချင်စိတ်နှင့် တစ်ဖွတ်ထိုးစိတ်ဖြစ်၏။

"ငါ့စိတ်တိုင်းကျ ပြောရမယ်ဆိုရင် ငါတို့ မင်္ဂလာပွဲက ဖြစ်မှာ မဟုတ်ဘူး"

သူမနှင့် ပတ်သက်ပြီး ရှိခဲ့ဖူးသော မခံချင်စိတ်ကြောင့် အလိုလို ဆိုမိလျက်သား ဖြစ်သွားသည်။

လရောင် မိုးစက်ကို အသာအကဲခတ်မိတော့ မိုးစက် မျက်နှာသည် ဘာအပြောင်းအလဲမှ မရှိ။

"ကျွန်မ မျှော်လင့်ပြီးသားပါ"

ဒါလည်း သူမ မျှော်လင့်ပြီးသားပဲလား။ သူ့အကြောင်းကို သူမ ဘယ်လောက်တောင် သိနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မင်းက ငါ့အကြောင်း ဘယ်လောက် သိနေ

လဲ"

လရောင်က မိုးစက်ပွင့်ကို နည်းနည်းလေးပဲဖြစ်ပြ ထိတ်လန့်စေချင်သည်။ အံ့သြစေချင်သည်။ တုန်လှုပ်စေချင်သည် ဒါပေမဲ့ လက်တွေ့မှာ ဖြစ်နိုင်ပါ့မလား။

မိုးစက် ဟက်ခနဲ ရယ်ချလိုက်သည်။ မိုးစ သိပ်သိတာပေါ့။ လရောင် မခံချိမခံသာ ဖြစ်နေပြီဆိုတာ။

"အိုး ... သိပ်သိတာပေါ့ လရောင်ရဲ့၊ ရှင့်အကြောင်းတွေ မသိရင် မိုးစက်ပွင့် မလုပ်တော့ဘူး"

"ဒါဆိုလည်း ပြီးတာပဲ၊ လက်ထပ်ဖို့ကိစ္စကို ဖျက်သိမ်းဖို့ ဖေဖေ့ကို ပြောလိုက်မယ်၊ ပြန်မယ် လိုက်ပို့ပေးရမလား"

လရောင်သည် ခံစားချက်တွေကို သိုသိပ်စွာ ထိန်းသိမ်းရင်း ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"မပြန်ချင်သေးဘူး၊ တစ်ယောက်တည်း နေခဲ့ချင်သေးတယ် လရောင် ပြန်နှင့်ပါ"





ဟိုတုန်းက သူမကို ဒီနေရာလေးမှာ တစ်ယောက်တည်းထားပြီး ပျော်ရွှင်စွာ ပြန်ခဲ့ဖူးသည်။ အခုလည်း သူမ တစ်ယောက်တည်း ထားပြီး ပြန်ရဦးမည်။ ဒီတစ်ခါတော့ လရောင် မပျော်ရွှင်နိုင်တော့။

"နေခဲ့ပြီး ဘာလုပ်ဦးမှာလဲ၊ တစ်ခါတည်း ပြန်တာမဟုတ်ဘူး"

"ရတယ် ... နေခဲ့ချင်သေးတယ်"

ဟိုတုန်းက ဒီနေရာလေးမှာ မိုးစက် တစ်ယောက်တည်း ကျန်ရစ်ခဲ့စဉ်က ပျော်ရွှင်ခဲ့ရသည်။ အခုတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



အရာရာ ပြီးဆုံးသွားပါပြီဟု လရောင် ထင်မှတ်မိချိန်လေးမှာပင် မမျှော်လင့်ဘဲ သူမနှင့် ပြန်ဆုံခဲ့လေသည်။ သူတို့နှစ်ယောက် သောက်နေကျ ကော်ဖီဆိုင်လေးမှာ မိုးစက် တစ်ယောက်တည်း ကော်ဖီ သောက်နေတာမြင်တော့ သူမ ရှေ့မှာ အလိုလို ဝင်ထိုင်မိသွားသည်။

မိုးစက်ကို မမြင်ရသည့် နေ့တွေမှာ လရောင် အတော်ကြီး နေရခက်ခဲ့သည်။ အဲချိန်ကျရင် မိုးစက်ဆီသွားဖို့ အဆင်သင့် ဖြစ်နေသော ခြေလှမ်းတွေကို အတော်ချုပ်နှိမ်ပစ်ခဲ့ရသည်။





သူမအပေါ် လွမ်းဆွတ်သတိရသည့် စိတ်တွေကို လရောင်က မာနနှင့် သတ်ပစ်ခဲ့သည်။ သူ့ရဲ့ မာနက အချစ်အတွက် မိန်းမတစ်ယောက်ကို အရှုံးပေးစရာမလိုဟု ပြောနေကြသည်။

မိုးစက်ကို ခဏလေးပဲဖြစ်ဖြစ် ပြန်တွေ့တော့ လရောင် လှစ်ခနဲ ဝမ်းသာသွားသည်။

ဘာပဲဖြစ်ဖြစ် သူမကို ခုချိန်မှာ ပြန်တွေ့တော့ လရောင်မှာ မိတ်ဆွေသူငယ်ချင်း တစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် စကားပြောချင်သေးသည်။

"နေကောင်းလား မိုးစက်ပွင့်"

"ဟုတ်ကဲ့ ကောင်းပါတယ် ကိုကို"

လရောင် တွန့်ခနဲ ဖြစ်သွားသည်။ သူမ မျက်နှာကို ဖမ်းကြည့်မိတော့လည်း နောက်ပြောင်နေသည့် အရိပ်အယောင်ကိုမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... အုံ့သြနေတာလား၊ ဟိုတုန်းက ခေါ်တာ အရွဲ့တိုက်ပြီးခေါ်တာ၊ ဒီတစ်ခါခေါ်တာက ခေါ်ချင်လို့ ခေါ်တာ"

မိုးစက်သည် ရင်ထဲမှာရှိသော အရာတွေကို သိုသိပ်စွာ မသိမ်းဆည်းတတ်သော ကောင်မလေးသာဖြစ်၏။

"ငါ ကျောင်းလျှောက်ထားတာ ကျပြီ၊ ရှေ့လလောက် သွားမယ်"

မိုးစက် ရင်ထဲ ဟာဆင်းသွားသည်။ မိုးစက် ကြိုတင်ခန့်မှန်းခဲ့သည့်အထဲမှာ ဒါမပါခဲ့။ လရောင် ကျောင်းလျှောက်ထားသည်ဆိုသော အချက်ကို မိုးစက် မေ့နေခဲ့သည်။

"ဘယ်နေ့ သွားမှာလဲ"

"ရက်တော့ သေချာမရွေးရသေးဘူး၊ ဒါပေမဲ့ လလယ်လောက်တော့ ဖြစ်မှာပါ"

"သြော်"





ငြိမ်သက်သွားသော မိုးစက်ပွင့်ကို လရောင် ဖမ်းဆီးလိုက်သည်။

"ဘာလဲ မင်း ဝမ်းနည်းသွားတာလား"

"အင်း ... နည်းနည်းတော့ ဝမ်းနည်းတာပေါ့၊ ဒါပေမဲ့ ကိစ္စ မရှိပါဘူး၊ ကိုကို ပြန်လာမှာပဲဟာ"

မိုးစက်ပွင့်ကတော့ သေချာခြင်းနဲ့ ဖက်တွယ်နေပြန်သည်။ ဒါကိုပဲ လရောင် မကြိုက်တာဖြစ်သည်။ ဘာမဆို သူ သိသူတတ်လုပ်သော မိန်းမမျိုးကို လရောင် မနှစ်သက်။

"ငါ ပြန်လာမယ်လို့ မင်းကို ဘယ်သူ ပြောလဲ"

"ကိုကို ပြန်လာမှာပါ"

မိုးစက် ယုံကြည်စိတ်ချစွာ ပြောလိုက်သည်။ နိုင်ငံခြားမှာ လရောင် ဘယ်နနှစ် နေနိုင်မှာလဲ။ နှစ်နှစ်လား။ သုံးနှစ်လား။

"မပြန်လာဘူး ဆိုရင်ကော"

"ကိုကို နေနိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်ပွင့် မေးခွန်းက သူ့အား စိန်ခေါ်နေသည်။ လရောင်က ဒီလို စိန်ခေါ်တာမျိုးကိုမှ အနိုင်ယူချင်မိသည်။ သူ ရင်ဘတ်ထဲမှ အရာအားလုံးကို ထွင်းဖောက်မြင်နိုင်သည့် သူ အား မမျှော်လင့်တာတွေ အံ့အားသင့်တာတွေနှင့် ပေးကြိုစေချင် သည်။

"ဘာလို့ မနေနိုင်ရမှာလဲ"

"ကိုကို မနေနိုင်ပါဘူး"

"ဘာအကြောင်းပြချက်တွေနဲ့ ငါက ပြန်လာရမှာလဲ"

"ကျွန်မ ရှိနေတယ်လေ"

သိပ်ကို ကြားကောင်းသည့် အကြောင်းပြချက် ပေမဲ့ လရောင် လက်မခံချင်။ ဒီအကြောင်းပြချက်လေးတစ်ခု တော့ သူ တွေဝေမည်မထင်။

"အေး … ငါ ပြန်လာခဲ့ရင်လည်း အဲဒီအကြောင်း ပြချက် နဲ့တော့ ပြန်မလာဘူး"

"ကြည့်ကြသေးတာပေါ့ကွယ်"





မိုးစက်သည် ခပ်အေးအေးပင် မုန့်တစ်ခုကို ကိုက် ဝါးနေလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ညာနေသည့် လရောင်အား ခဏ ဒီအတိုင်း ပစ်ထားလိုက်ဦးမည်။ အချိန်ကြာလာသည်နှင့် အမျှ သူ့ရဲ့ မာနတွေ အရည်ပျော်လာပေလိမ့်မည်။

ထိုအခါကျလျှင်တော့ မိုးစက် ကောင်းကောင်းကြီး ညာပြပေးလိုက်ဦးမည်။

လရောင်သည် ခပ်ကျောကျောပြောတတ်သော မိန်းကလေးတစ်ယောက်ကိုမှ မထင်မှတ်ဘဲ ချစ်မိခဲ့သည်။ သို့သော် ထိုမိန်းကလေးကို ဝန်ခံဖို့အတွက်တော့ သူ့ရဲ့ မာနက ခွင့်မပြုပြန်။

"အခု မင်းကို တွေ့တုန်းတစ်ခါတည်း နှုတ်ဆက်လိုက် တယ် မိုးစက်ပွင့်၊ နောင်ဆိုရင် ငါတို့က တွေ့ချင်မှ တွေ့ တော့မှာလေ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ကိုကို"

လရောင်အတွက်ကတော့ တကယ့်ကို မှတ်မှတ် ထင်ထင် ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ပထမဦးဆုံး စတွေ့တုန်းကလည်း ကိုကိုဖု

အခေါ်ခံခဲ့ရသည်။ အခု သူမနှင့် နောက်ဆုံး တွေ့တော့လည်း ဒီနှာမ်စားကိုပဲ အခေါ်ခံရပြန်သည်။

လရောင်အတွက် အမှတ်တရ သမိုင်းလေး ဖြစ်သွား၏။

"ဒါဆိုရင် ပြန်တော့မယ်"

"ဟုတ်ကဲ့"

လရောင် ပြန်သွားတော့ မိုးစက် တစ်ယောက်တည်း ဝမ်းနည်းစွာ ကျန်ရစ်ခဲ့လေ၏။ သို့သော် မိုးစက် ယုံကြည်ပါ၏။ တစ်နေ့နေ့မှာ သူ မိုးစက်ဆီ ရောက်အောင် ပြန်လာပေလိမ့်မည်။

ထိုတစ်နေ့နေ့သည် သိပ်မကြာသော အချိန်ကာလ တစ်ခု၌ ကြရောက်လာပေလိမ့်မည်။

✣ ✪ ✣





သူ သွားခဲ့ပါပြီ။

ကျွန်မကို ညှာတာမှုမရှိတဲ့ နှုတ်ဆက်စကားလေး တစ်ခွန်းထားပြီး သူ သွားခဲ့ပါပြီ။ ဒါပေမဲ့ သူ မသွားခင်က သူ့နှလုံးသားထဲမှာ ဘယ်သူ ရှိလဲဆိုတာ ကျွန်မ သိခဲ့ပြီးပါပြီ။ သူက သူ့ရဲ့ မာနဝတ်ရုံလွှာကို ချွတ်ပစ်ဖို့ အင်မတန် ဝန်လေးတဲ့ လူငယ်လေးတစ်ယောက်ပါ။ သူ့ရင်ဘတ်ထဲက အရာတွေကို မာနနဲ့ အကာအကွယ်ယူပြီး ကောင်းကောင်း ဟန်ဆောင်နိုင်တဲ့ လူပါ။ ဒါပေမဲ့ ကျွန်မ ယုံကြည်ပါတယ်။ သူ တစ်နေ့နေ့မှာ ကျွန်မဆီ ပြန်လာပါလိမ့်မည်။ သူ့ရဲ့ နှလုံးသားကို နားလည်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ကျွန်မ အဲဒီ ယုံကြည်ချက်လေးကို ဖက်တွယ်ဆုပ်ကိုင်ပြီး သူ့ကို စောင့်မျှော်ခဲ့ပါတယ်။

ဒါပေမဲ့ ...

အနှစ်နှစ်ဆယ် ရှိခဲ့ပါပြီ။

သူ ကျွန်မဆီ ပြန်မလာခဲ့သေးပါဘူး။

ကျွန်မ အခုချိန်ထိ သူ့အပေါ် မြတ်နိုးစွာ ချစ်နေဆဲပါ။

သူ တစ်နေ့နေ့တော့ ပြန်လာလိမ့်မယ်လို့ ကျွန်မ ယုံကြည်နေဆဲပါ။

✣ ◎ ✣





ကျွန်တော် ဒီနိုင်ငံမှာ စပြီး ခြေချမိကတည်းက သူမဆီ ပြန်ပြေးချင်ခဲ့ပါတယ်။

ဒါပေမဲ့ "ရှင် ကျွန်မဆီ ပြန်လာမှာပါ"ဆိုတဲ့ သူမရဲ့ ယုံကြည်ချက်တွေက ကျွန်တော့်ရဲ့ ယောက်ျားမာနကို ထိခိုက်စေပါတယ်။ ကျွန်တော်က ချစ်သူကို အံ့အားသင့်မှုတွေ ပေးချင်တဲ့ ယောက်ျားတစ်ယောက်ပါ။ ရှင်းရှင်းပြောရရင် ကျွန်တော့်ရဲ့ မာနက သူမရဲ့ ယုံကြည်ချက်တွေကို ဖျက်ဆီးပစ်ချင်ပါတယ်။ ဒါကြောင့်လည်း သူမဆီ ပြန်ချင်စိတ်တွေကို ကျွန်တော်ရဲ့ မာနက ထိန်းချုပ်နိုင်ခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကံဆိုးတာက ကျွန်တော့် ဖေဖေက ကျွန်တော့် ဆီ အလည်လာခိုက်မှာ ကားအက်ဆီးဒင့်နဲ့ ဒီမှာပဲ ဆုံးသွားခဲ့ ပါတယ်။

တစ်ခု ကံကောင်းတာက မေမေ ကျွန်တော့်နောက် ကို လိုက်လာပြီး ကျွန်တော်တို့သားအမိနှစ်ယောက် ပြေလည်ခဲ့ ပါတယ်။ ကျွန်တော့် ရင်ထဲက အစိုင်အခဲတွေ အားလုံးလည်း လွင့်စင်ပျောက်ပြယ်သွားပါပြီ။ အနှစ်နှစ်ဆယ် ရှိခဲ့ပါပြီ။

သူမအပေါ် ထားရှိတဲ့ ချစ်ခြင်းကို မာနနဲ့ ထိန်းချုပ် ခဲ့တာ အနှစ်နှစ်ဆယ် ရှိခဲ့ပါပြီ။

✣ ✪ ✣





နိဂုံး

အခုဆို ...

အနှစ်နှစ်ဆယ် ရှိပါပြီ။

အနှစ်နှစ်ဆယ်အတွင်းမှာ သူမကို သတိမရခဲ့တဲ့ နေ့ဆိုတာ မရှိသလောက်ပါပဲ။ အဲဒီအချိန်မှာပဲ မေမေက တောင်း ဆိုလာပါတယ်။ သူ မြန်မာပြည်မှာပဲ ခေါင်းချချင်သတဲ့။ အခု အချိန်မှာတော့ ကျွန်တော့်ရဲ့ မာနတွေလည်း မရှိတော့ပါဘူး။ အနှစ်နှစ်ဆယ် ဆိုတော့ သူမလည်း အိမ်ထောင်တွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျလောက်ရောပေါ့။ သူမအပေါ် ထားရှိတဲ့ မျှော်လင့်ချက်လေး မခိုင်တခိုင်နဲ့ပေါ့။ မေမေ့ရဲ့ ဆန္ဒကို ကျွန်တော် အလွယ်တကူ လိုက်လျောလိုက်ပါတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ သားအမိနှစ်ယောက် မြန်မာပြည်ကို ပြန်လာခဲ့ကြပါတယ်။

✥ ❂ ✥





သူမနှင့် ပြန်လည်တွေ့ဖို့ဆိုတာ ဘုန်းလရောင်အတွက် ဘဲဥ အစရှာမရသလို ခက်ခဲလှပါသည်။

သူမ အကြောင်း တိတ်တဆိတ် စုံစမ်းတော့လည်း အိမ်ပြောင်းသွားပြီ ဆိုသော အကြောင်းအရာတစ်ခုမှလွဲ၍ ဘာမှ မသိခဲ့ရပါ။

အဲဒီနောက်ပိုင်းမှာတော့ ဘုန်းလရောင်တစ်ယောက် သူမနှင့် ပတ်သက်ပြီး စိတ်ကို လျှော့ချပစ်လိုက်ခဲ့သည်။ နှစ်တွေ ကြာခဲ့ပြီမို့ သူ့ဘက်မှာ မရှိသော ကံကြမ္မာကိုလည်း အပြစ်တင်၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးအနေနှင့် သူက ကွန်ပျူတာအရောင်းခန်းမနှင့် သင်တန်းတစ်ခုကို ဖွင့်လှစ်ကာ ဦးစီးလုပ်ကိုင်ခဲ့လေသည်။ သင်တန်းကို ဆရာတစ်ယောက်နှင့် လွှဲအပ်ထားသော်လည်း ထိုဆရာ မအားလပ်သည့်အခါမျိုးမှာတော့ သူကိုယ်တိုင် ဝင်သင်လေ့ရှိသည်။

တစ်ခါတစ်ရံမှာတော့ သူက ကွန်ပျူတာအရောင်းခန်းမမှာ ထိုင်ပြီး သင်တန်းလာတက်သော ကျောင်းသားကျောင်းသူများကို ငေးမောကြည့်ကာ အချိန်ဖြုန်းလေ့ရှိသည်။

ဒါကပဲ ဘုန်းလရောင် ကံကြမ္မာကို တစ်ဆစ်ချိုးပြောင်းလဲပေးလိုက်သည်။ ထိုနေ့က မိုးသည်းထန်စွာ ရွာသွန်းနေလေ၏။

သူက ထုံးစံအတိုင်း အပေါ်ထပ်မှ သင်တန်းဆင်းလာသော ကျောင်းသားကျောင်းသူများကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိလေသည်။





ထိုခဏလေးမှာပင် သူသည် ထီးတစ်ချောင်းကိုဆောင်းလျက် မိုးရေထဲကို ဖြတ်လျှောက်လာသော မိုးစက်ပွင့်ကို မြင်လိုက်ရလေသည်။ သူ့ရင်တွေ တဒိုင်းဒိုင်းနဲ့ အခုန်မြန်လာကာ ဘာနှင့်မှ ထိန်းမရ။

မိုးစက်ပွင့်သည် ထီးလေးပိတ်ပြီး သူ့ရှေ့တည့်တည့်မှာ ရပ်လိုက်သည်။ သူ့အရှေ့မှာ ရှိနေသော မှန်ညိုညိုကြီးက မိုးစက်ပွင့် သူ့ကို မမြင်စေရန် ကာဆီးထားကြသည်။

အသက်အရွယ် ကြီးမြင့်လာပြီဖြစ်သော်လည်း မိုးစက်ပွင့်သည် ဆွဲဆောင်မှုတစ်မျိုးနှင့် လှပနေဆဲဖြစ်၏။ ဆံထုံးပုံ့ပုံ့လေးနှင့် မိုးစက်ပွင့်သည် လေးဆယ်ကျော်ဟု မထင်ရအောင် နုနယ်ပျိုမျစ်စွာ လှပနေသည်။

မိုးစက်ပွင့်အား ခေါ်ရန်အတွက် သူ ဝမ်းသာအားရ ထရပ်လိုက်သည်။ ထိုခဏမှာပင် ကောင်ငယ်လေးတစ်ယောက်သည် သင်တန်းပေါ်မှ ပြေးဆင်းလာကာ မိုးစက်ပွင့် လက်ကို စမ်းဆွဲလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလက်စ သူ့ခြေလှမ်းသည် အလိုလို ရပ်တန့်သွားသည်။ စကားသံကို မကြားရသော်လည်း ကောင်လေး ပါးစပ်အစွ အပိတ်ကို ကြည့်ပြီး "မေမေ"ဟု ခေါ်လိုက်တာကို သူ သိလိုက်သည်။

မိုးစက်ပွင့်သည် ကောင်ငယ်လေးအား ချစ်မြတ်နိုး စွာ ကြည့်ပြီး နဖူးပေါ် ဝဲနေသော ဆံပင်များကို သပ်တင်ပေး လိုက်လေသည်။

ဘုန်းလရောင်၏ မျှော်လင့်ချက် မခိုင့်တခိုင်ဆေး သည် တစ်ခဏအတွင်း ကျိုးပျက်သွားလေသည်။

ခြော် ... သူမမှာ ဒီအရွယ် သားတစ်ယောက်တောင် ရှိနေခဲ့ပြီပဲ။ သူမအား မျှော်လင့်နေခဲ့မိသည့်အတွက် ကိုယ့်ကိုယ် ကိုယ် ပြန်ရှက်သွားသည်။

သူ့ရင်ထဲ လှစ်ခနဲနေအောင် ဟာဆင်းသွားသည်။ ကိုကိုဆိုသည့် ခေါ်သံတစ်ခု ပျောက်ဆုံးခဲ့ပြီ။





ဘုန်းလရောင် အင်အားမရှိသလို အရုပ်ကြိုးပြတ် ...လိုက်သည်။

"ဆရာ ဘာဖြစ်လို့လဲ"

သူ့အား စိုးရိမ်စွာမေးနေသော စာရေးမလေးကို ...ခါပြလိုက်သည်။ ဒီအရွယ်ကြီးကျမှ အသည်းကွဲနေသည်ဟု ...သွင် သူများ ရယ်စရာဖြစ်တော့မည်။

ထိုနေ့က မျှော်လင့်ခြင်း သံက်တံတစ်နွယ်သည် ...မှ လုံးဝ ပျောက်ကွယ်သွားခဲ့သည်။ သူလည်း ရင်ဘတ် ...င်းလောင်းနှင့် ကျန်ရစ်ခဲ့လေသည်။

✣ ✪ ✣



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒါ ရှေ့တစ်ပတ်မှာ သင်တန်းဆင်းမဲ့ ကျောင်းသား တွေရဲ့ Certificate ပါဆရာ၊ ဆရာ လက်မှတ်ထိုး ကျန်တော့တယ်"

"ထားခဲ့လိုက်ပါ"

ဘုန်းလရောင်က လက်မှတ်ထိုးစရာတွေကို တစ် ချင်းစီ စိစစ်ပြီး လက်မှတ် ထိုးလိုက်သည်။ သုံးခုမြောက် Certificate ကို ရောက်တော့ ချက်ချင်း လက်မှတ်မထိုးနိုင်တော့။

ဓာတ်ပုံသေးသေးလေးဆိုပေမဲ့ မျက်နှာမြင်တာ ဘုန်းလရောင် မှတ်မိပါသည်။ မိုးစက်ပွင့်၏ သားလေး။ အဲဒီ ကျော်လရောင်တဲ့။





သူ တွန့်ခနဲ ဖြစ်သွားသည်။ ဘယ်နှယ် သူ့နာမည် တစ်ဝက် ပါနေရတာလဲ။ ဒီကလေးကိုယ်ဝန်ဆောင်တုန်းက သူမ သူ့ကိုများ သတိရနေခဲ့လား။

အဖနာမည်ကို ကြည့်လိုက်တော့ မတွေ့။ ဒေါ်မိုးစက်ပွင့် ဆိုသော နာမည်ကိုသာ တွေ့ရသည်။ အင်း ... မှားရိုက်ထားပြန်ပြီ။

ဘုန်းလရောင် ခလုတ်နှိပ်ပြီး ဝန်ထမ်းစာရေးလေး ကို ပြန်ခေါ်ကာ ...

"မောင်ချိုရေ ဒီမှာ မင်းရိုက်ထားတာ မှားနေတယ်၊ အဖေ နေရာမှာ မအေနာမည် ရိုက်ထည့်ထားတယ်"

"မမှားပါဘူး ဆရာ၊ ကျွန်တော် သေချာမေးပြီးပါပြီ၊ သူကိုယ်တိုင်က ဖအေနေရာမှာ ဒီနာမည်ပဲ ထည့်ပါတဲ့"

သူ စိတ်ဝင်စားသွားသည်။ ဖအေနေရာမှာ မအေ နာမည်ထည့်သည်ဆိုကတည်းက တစ်ခုခု ချွတ်ချော်နေ၍သာ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကလေး ရှိသေးလား"

"ရှိသေးတယ် ဆရာ"

"ခေါ်လိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ခဏကြာတော့ တံခါးခေါက်-ခွင့်တောင်းသံနှင့်အတူ လူငယ်လေးတစ်ယောက် ဝင်ရောက်လာခဲ့သည်။ ကြည်လင်သန့်ရှင်းသော မျက်နှာလေးပေါ်၌ လူငယ်တစ်ယောက်၏ ရိုးစင်းသော မာန်မာနကို တွေ့ရသည်။

ထို့အပြင် ထိုလူငယ်လေး တက်နေသော သင်တန်း၌ သူ သုံးလေးကြိမ်ထက်မနည်း ဝင်သင်ဖူးတာကြောင့် လူငယ်လေး၏ ဉာဏ်ရည်ထက်မြက်မှုကိုလည်း ကိုယ်တွေ့ဖြစ်၏။

"ဆရာ ကျွန်တော့်ကို ခေါ်တယ်ဆို"

"ဟုတ်တယ်ကွယ့်၊ ခဏထိုင်ပါဦး၊ ဆရာ မေးစရာလေး ရှိလို့"





"မေးပါ ဆရာ"

"မင်းနာမည် ကျော်လရောင်လို့ ဘာဖြစ်လို့ ပေးခဲ့တာလဲ၊ ဆရာ သိခွင့်ရမလား"

"ရပါတယ် ဆရာ၊ ဒီနာမည်ကို ပေးခဲ့တာ ကျွန်တော့် မေမေပါ၊ မေမေ ပြောတာတော့ ကျွန်တော့်နာမည်ထဲမှာ သူချစ်တဲ့ လူတစ်ယောက်ရဲ့ နာမည်ပါတယ်တဲ့"

ဘုန်းလရောင် ရင်ထဲ သိမ့်ခနဲ နွေးထွေးသွားသည်။ ဒါနဲ့များ လက်ထပ်ခဲ့သေးလား မိုးစက်ပွင့်ရယ်။ သူ့ကို ချစ်နေရက်သားနှင့်ကွယ်။

"ဆရာ နားလည်ပါပြီ၊ နောက်တစ်ခု မေးချင်တာက ဖခင် နေရာမှာ ဖခင်နာမည် မရေးဘဲ ဘာဖြစ်လို့ မိခင်နာမည် ရေးရတာလဲ"

"ဒီကိစ္စကို ကျွန်တော် လူတိုင်းကို ပြောလေ့မရှိပါဘူး၊ ဒါပေမဲ့ ဆရာ သိချင်တယ်ဆိုရင်တော့ ပြောပြပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



လှငယ်လေးသည် အသက်ကို ဝအောင်ရှူပြီးနောက် ရဲရင့်စွာ ဆက်ပြော၏။

"ကျွန်တော်က မိဘမဲ့ ကလေးတစ်ယောက်ပါ ဆရာ၊ ဘယ်သူက မွေးလို့ မွေးမှန်းတောင် မသိဘဲ စွန့်ပစ်ခံရတဲ့ ကလေးတစ်ယောက်ပါ၊ အခုလက်ရှိ ကျွန်တော့် မေမေက ကျွန်တော့်အပေါ် သနားကြင်နာပြီး မွေးစားခဲ့တာပါ ဆရာ၊ ကျွန်တော့်အမေ အပျိုကြီးဆိုတော့ ကျွန်တော့်မှာ ဘယ်လိုလုပ်ပြီး အဖေရှိမှာလဲ ဆရာ"

မမျှော်လင့်သော စကားကို ကြားလိုက်ရ၍ ဘုန်းလှ ရောင် လှစ်ခနဲ ပျော်ရွှင်သွားသည်။ ကြည့်စမ်း ... မိုးစက်လေးက အခုချိန်ထိ အပျိုကြီးတဲ့။

အပျိုကြီးဘဝနှင့် သူ့ကို စောင့်မျှော်ဆဲပါလား ကံကောင်းလို့ပါလား။ သူ့မှာတော့ သူမအပေါ် အထင်လွဲပြီး အသည်းကွဲခဲ့ရသည်။





"ကျော်လရောင် ဆရာ တစ်ခု ထပ်မေးမယ်နော်၊ စိတ်မဆိုးနဲ့၊ မင်းကို စွန့်ပစ်ခဲ့တဲ့ မိဘတွေကို စိတ်မနာဘူးလား"

သူ မြင်လိုက်ရသော ကျော်လရောင် အပြုံးသည် င်းသပ်ရပ်လွန်းနေသည်။

"စိတ်မနာပါဘူး ဆရာ၊ ကျွန်တော့် မိခင်ရင်းတွေက ကျွန်တော့်ကို တကယ်ပဲ မမွေးမြူနိုင်လို့ အကြောင်းရှိလို့ စွန့်ပစ်ခဲ့တာ ဖြစ်မှာပါ၊ ဘယ်မိဘက ကိုယ့်သားသမီးကို စွန့်ပစ်ချင်ပါ့မလဲ၊ အဲဒီအတွက်နဲ့တော့ မမြင်ဖူး၊ မသိဖူးတဲ့ ကျွန်တော့်မိဘတွေကို စိတ်မနာပါဘူး၊ ပြီးတော့ ကျွန်တော့် မေမေကလည်း ကျွန်တော့် စိတ်ထဲမှာ ဘာဒဏ်ရာမှ မရှိအောင် သေချာပြုစုစောင့်ရှောက်ပြီး ဆုံးမခဲ့ပါတယ်၊ ရှင်းရှင်း ပြောရရင် ကျွန်တော့်ဘဝမှာ ဘာမှ ဝမ်းနည်းစရာ နာကျင်စရာ မရှိပါဘူး ဆရာ"

လှငယ်လေး ကျော်လရောင်၏ ပြတင်းပေါက်ကို ရောင် လှမ်းမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... သိပ်ကို မြင့်မြတ်တဲ့ လူငယ်လေး ပါလား။ သူ ငယ်စဉ်က ဒီအရွယ်မှာ မေမေ့ကို မုန်းရင်း ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် မွေးမြူနေခဲ့သည်။

အခု သူ မြင်ရသော လူငယ်လေး၏ စိတ်သဘောထား မှုကို မြင်တော့ ဘုန်းလရောင် အံ့သြစွာပင် သူ့ကိုယ်သူ ရှက်သွားသည်။

ဒါ မိုးစက်ပွင့်၏ ထိန်းသိမ်းပဲ့ပြင်မှု တော်ရှုံးပြီ မည်။

"ကျော်လရောင် ဒီနေ့ မင်းအမေ လာကြိုဦးမှာလား"

"ဟုတ်ကဲ့ ဆရာ၊ မေမေ လာကြိုမှာပါ"

"ဆရာ့ကို မင်းအမေနဲ့ မိတ်ဆက်ပေးလို့ရမလား"

"ခင်ဗျာ"

ကျော်လရောင်က သူ့အား ထူးဆန်းအံ့သြစွာ ငေးကြည့်၏။ ပြီးမှ ခပ်တိုးတိုး ဆက်မေး၏။





"အကြောင်းပြချက်ကို ကျွန်တော် ပြန်မေးလို့ရမလား ဆရာ"

ဘုန်းလရောင် လူငယ်လေးအား အတုယူပြီး သပ်ရပ်စွာ ပြုံးလိုက်ကာ ...

"ရပါတယ်ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့နာမည်က မင်းနာမည်နဲ့ ခပ်ဆင်ဆင်တူတာယ်လေ၊ ဆရာ့နာမည်ကို လည်း မင်း မှတ်ထားပေါ့၊ ဘုန်းလရောင်တဲ့"

"ခင်ဗျာ"

ကျော်လရောင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

✣ ◎ ✣



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ မိုးတွေကလည်း သဲသဲမဲမဲ ရွာသွန်းနေသည်။ မိုးရေထဲမှာ သားလေး စောင့်နေမှာ စိုးရိမ်သည့်အတွက် သူမ ခြေလှမ်းတွေကို ခပ်သွက်သွက် လှမ်းပစ်လိုက်သည်။

တဖြောက်ဖြောက် စီးကျနေသည့် မိုးစက်တွေကို ကြည့်ပြီး သူမ ဝမ်းနည်းလာသည်။ ဒီနေ့ကျမှ သူ့ကို ခါတိုင်းထက် ထူးခြားစွာ ပိုမို သတိရတမ်းတနေခဲ့သည်။

အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီပဲ။ သူ ပြန်လာနိုင်ပါ့ဦးမလား။ ခုချိန်ဆို မိုးစက်ပွင့်ဆိုသည့် ဘာမှ မဟုတ်သော ကောင်မလေး၊ ကိုယ့်ကိုယ်ကိုယ် ဆရာကြီးတစ်ယောက်လို သေချာမှု





ဆွေနဲ့ အထင်ကြီးတတ်သော ကောင်မလေး တစ်ယောက်ကို မြေ့လောက်ရောပေါ့။

သူမမှာသာ သူ့ကို မမေ့နိုင်ဘဲ အမြဲတမ်း တသသနှင့် သတိရလွမ်းဆွတ်နေခဲ့သည်။ သူ့အကြောင်း စဉ်းစားမိတာနှင့် မိုးစက် မျက်နှာလေးမှဲ့ခနဲ ဖြစ်ကာ ဝမ်းနည်းသွားရှာ၏။

သားလေး တက်နေသော သင်တန်းရှေ့ရောက်တော့ သားလေးကို မတွေ့ရသေးသဖြင့် မိုးစက် စိတ်သက်သာရာရသွားသည်။

ခဏကြာတော့ သင်တန်းပေါ်မှ ဆင်းလာသော သားလေးကို အပြုံးတစ်ခုနှင့်အတူ တွေ့ရသည်။ သားလေးသည် သူမကို တွေ့သည်နှင့် "မေမေ"ဟု လှမ်းခေါ်ပြီး ကလေးတစ်ယောက်လိုပင် သူမ ခါးကို လှမ်းဖက်ကာ ချွဲနွဲ့တော့၏။

"သားလေး ဒီနေ့ နောက်ကျတယ်နော်၊ တခြားကလေးတွေ ဆင်းသွားတာ မေမေ မြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ ဩော် ... မေမေ့ကို ကျွန်တော် ဆရာတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်တယ် မေမေ"

သားလေး အပြုံးက မချိုမချဉ်။ သူမတစ်ယောက်တည်း ရပ်တည်နေရတာကို အထီးကျန်နေရှာမှာပဲဆိုသော အတွေးနှင့် သားလေးက ဟိုလူနှင့် မိတ်ဆက်ပေးလိုက် ဒီလူနှင့် မိတ်ဆက်ပေးလိုက် ခဏခဏ လုပ်သည်။

မိုးစက် မကြိုက်ဘူးပြောလည်း စပ်ဖြဲဖြဲနှင့် ငြိမ်ခံကာ ဆက်လုပ်ပြန်သည်။

"မေမေ့ ရင်ထဲက လူကြီးကို မေ့ပြီး အသစ်ရှာစမ်းပါ မေမေရာ"

သူမကို ပျော်စေချင်ရှာသည့် သားလေးကိုလည်း အပြစ်မတင်ရက်ပါ။

"လရောင် လုပ်ပြန်ပြီလား"

"ဒီတစ်ခါနောက်ဆုံးပါပဲ မေမေရာ၊ မေမေ ဒါ ကျွန်တော့်တို့ရဲ့ဆရာ"





သားလေး အသံတိတ်သွားသည်နှင့် သူမလည်း သားလေး အနောက်မှ ကပ်နေသော လူကို မော့ကြည့်လိုက်သည်။

ဘုန်းလရောင်။ ထိုအခိုက်အတန့်လေးမှာပင် ကမ္ဘာပေါ်မှာ သူမ အတွေ့ချင်ဆုံး လူကို တွေ့လိုက်ရသည်။

မိုးစက် လက်ထဲမှ ထီးလေး လွတ်ကျသွားတော့ သားလေးက ဖမ်းဆုပ်ကိုင်ပြီး ...

"မေမေ သိပြီးသား ဖြစ်မှာပါနော်၊ ဩော် ... မေမေ ဆရာကလည်း အခုထိ လူပျိုကြီးပဲ သိလား၊ ကျွန်တော် သွားနှင့်တော့မယ် မေမေ၊ အိမ်ရောက်မှတွေ့မယ်"

"လရောင် ... သား"

သူမ လှမ်းခေါ်တော့ သားလေးက ခြေစုံရပ်ပြီး ဓာလိုင်းကစ်တစ်ခု ပေးကာ ...

"ဆရာ့နာမည် ကြားကတည်းက ကျွန်တော် အားလုံး သိလိုက်ပါပြီ မေမေ၊ မေမေ ပျော်ရွှင်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



သားလေး ပြေးထွက်သွားတာ မြန်ဆန်လွန်းလှသည်။ ကြိုတင်ပြင်ဆင်ချိန်မရဘဲ သူ့ကို တွေ့လိုက်ရတော့ မိုးစက် ဘာပြော၍ ဘာလုပ်ရမှန်း မသိတော့။

အနှစ် နှစ်ဆယ်ကျော် သူမအား ပစ်ထားခဲ့သည့်အတွက် စိတ်ဆိုးသော်လည်း စိတ်မနာနိုင်။

"မိုးစက် ... မတွေ့တာကြာပြီနော်"

"အင်း"

သူ့ကို ဘယ်လို ခေါ်ရမှာလဲ။ ဟိုတုန်းကလို အစ်ကိုကြီးပဲဖြစ်ဖြစ်၊ ချစ်မြတ်နိုးလို့ပဲဖြစ်ဖြစ် ခေါ်ခဲ့ဖူးသော ကိုကိုဆိုသည့် နာမ်စားကိုတော့ မိုးစက် နှုတ်မရဲတော့။

"မင်းကို ရှာနေတာကြာပြီ မိုးစက်ပွင့်၊ အခုမှပဲ တွေ့တော့တယ်။ ကိုယ် ဘာကြောင့် ပြန်လာလဲ မင်း သိလား"

သူ့နှုတ်ဖျားက အသုံးအနှုန်းတွေက ချိုသာလွန်းနေသည်။ သူမ လေသံသည် အပျိုဖြန်းလေးတစ်ယောက်လို ရှက်သွေးဖြာပြီး တုန်ယင်စွာ ပေါ်ထွက်လာ၏။





"မင်းကြောင့်ပေါ့ မိုးစက်ပွင့်၊ မင်း တစ်ယောက်တည်းကြောင့် ကိုယ် ပြန်လာခဲ့တာ"

"အိုး ... သွားပါ၊ အနှစ်နှစ်ဆယ်ကျော်လုံး အဆက်အသွယ်မလုပ်ဘဲ ပစ်ထားခဲ့ပြီးတော့"

"ကိုယ် တောင်းပန်ပါတယ်ကွယ်၊ နေ့စဉ်နေ့တိုင်း မင်းကို သတိရနေခဲ့ပါတယ်၊ ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပေမဲ့ ကိုယ် မသေခင်မှာတော့ ကိုယ် ချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ မျက်နှာကိုတော့ မြင်ချင်သေးတယ်၊ အဲဒါကြောင့် ကိုယ် ပြန်လာခဲ့တာပဲ မိုးစက်၊ မင်း ကိုယ့်ကို ပေးချင်တဲ့အပြစ်ပေးပါ၊ မင်းကို ကိုယ် ချစ်တယ်"

သူမ တစ်ကိုယ်လုံး ရှက်ရွံ့ပူနွေးသွားသည်။ မရဲတရဲ သူ့ကို မော့ကြည့်မိတော့ မိုးစက် မမြင်ဖူးခဲ့သော နူးညံ့ကြင်နာခြင်းတွေက သူ့မျက်နှာမှာ တွယ်ကပ်စီးဝင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်လေးမှာ မိုးစက် အကြောက်ဆုံးက သူ့ကို ထပ်မမြင်ရတော့မှာ၊ သူ တစ်ခါထပ်ပြီး ထွက်ပြေးသွားမှာကို ဖြစ်၏။

"ဘုန်းလရောင် ရှင် ကျွန်မကို အနှစ်နှစ်ဆယ်ကျော် ပစ်ထားခဲ့တဲ့အတွက် ရှင့်ကို ထိုက်သင့်တဲ့အပြစ်ပေးမှ ဖြစ်မယ်"

"ရပါတယ်ကွာ၊ မင်း ကြိုက်တဲ့ အပြစ်ပေးပါ ကိုယ်ခံယူဖို့ အသင့်ပါပဲ"

မိုးစက်သည် မျက်ဝန်းနှစ်ဖက်ကို စုံမှိတ်ပြီး ...

"ရှင် ... ကျွန်မကို အမြန်ဆုံး လက်ထပ်ရလိမ့်မယ် ဘုန်းလရောင်"

အိုစွမ်းပြည့်

20.8.2006

www.burmeseclassic.com